မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၁၀၁)

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီ ၉ ရက်၊ ဗုဒ္ဓဟူးနေ့။

ထူးခြားသည့် ညအပူချိန်များ ၉-၁-၂၀၁၃

နမ့်စန်မြို့	၄ ဒီဂရီစင်တီဂရိတ်
ဟဲဟိုးမြို့	၄ ဒီဂရီစင်တီဂရိတ်
ကသာမြို့	၆ ဒီဂရီစင်တီဂရိတ်
ပြင်ဦးလွင်မြို့	၆ ဒီဂရီစင်တီဂရိတ်

သာယာမည်

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

လာဘ်ပေးလာဘ်ယူမှု အရေးယူဆောင်ရွက်ရေးကော်မတီ ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်ကြော်ငြာစာ
အမှတ်၊ ၉/၂၀၁၃
၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်
(၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်)

လာဘ်ပေးလာဘ်ယူမှု အရေးယူဆောင်ရွက်ရေးကော်မတီ ဖွဲ့စည်းခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သစ် တာဝန်ယူပြီးနောက် ကောင်းမွန်သောအုပ်ချုပ်မှုစနစ်နှင့် သန့်ရှင်းသောအစိုးရဖြစ်ပေါ်ရေးအတွက် အစိုးရအဖွဲ့အစည်းများအတွင်း အဂတိတရားများ ကင်းရှင်းရေးနှင့် လာဘ်ပေးလာဘ်ယူမှုများပပျောက်စေရေးတို့အတွက် **“လာဘ်ပေးလာဘ်ယူမှု အရေးယူဆောင်ရွက်ရေးကော်မတီ”** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည်-

(၁)	ဒေါက်တာစိုင်းမောက်ခမ်း ဒုတိယသမ္မတ	ဥက္ကဋ္ဌ
(၂)	ဒုတိယဗိုလ်ချုပ်ကြီးကိုကို ပြည်ထောင်စုဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(၃)	ဦးသိန်းညွန့် ပြည်ထောင်စုဝန်ကြီး သမ္မတရုံးဝန်ကြီးဌာန(၁)	အဖွဲ့ဝင်
(၄)	ဦးစိုးမောင် ပြည်ထောင်စုဝန်ကြီး သမ္မတရုံးဝန်ကြီးဌာန(၂)	အဖွဲ့ဝင်
(၅)	ဦးစိုးသိန်း ပြည်ထောင်စုဝန်ကြီး သမ္မတရုံးဝန်ကြီးဌာန (၃)	အဖွဲ့ဝင်
(၆)	ဦးတင်နိုင်သိန်း ပြည်ထောင်စုဝန်ကြီး သမ္မတရုံးဝန်ကြီးဌာန (၅)	အဖွဲ့ဝင်

စာမျက်နှာ ၉ ကော်လံ ၁ ❁

တရားဥပဒေနှင့် စည်းမျဉ်း၊ စည်းကမ်း ဘောင်အတွင်းကသာ ဒီမိုကရေစီကိုတည်ဆောက်နိုင် တရားဥပဒေကို အားလုံးက လေးစားလိုက်နာမှသာ တရားဥပဒေစိုးမိုးမှုဖြစ်မည်

နေပြည်တော် ဇန်နဝါရီ ၈

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်သူ့လွှတ်တော်ကော်မတီ ဥက္ကဋ္ဌများဖြစ်ကြသည့် ဦးစိုးသာနှင့် ဦးသိန်းဆွေ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၇ ရက် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့ရှိ ခပေါင်းခန်းမ၌ ဒေသခံပြည်သူများနှင့် ရင်းနှီးစွာတွေ့ဆုံသည်။

တွေ့ဆုံပွဲအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့အဖွဲ့ ယခုကဲ့သို့ ရောက်ရှိလာကြခြင်းမှာ တောင်ငူခရိုင်အတွင်း မှီတင်းနေထိုင်ကြသည့် ဒေသခံပြည်သူများ၏ လိုအပ်ချက်နှင့် အခက်အခဲများကို ညှိနှိုင်းကူညီဖြည့်ဆည်းပေးနိုင်ရန်အတွက် ဖြစ်ကြောင်း၊ ထို့အတွက် ဒေသခံပြည်သူများ *စာမျက်နှာ ၈ ကော်လံ ၁* ✻

အမှာစကားပြောကြား

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တောင်ငူမြို့ရှိ ခပေါင်းခန်းမ၌ ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ယနေ့မာတိကာ

ဈျူကလီးယားဓာတ်အားပေးစက်ရုံသစ် တရုတ်စတင်တည်ဆောက် — စာ-၄

မြန်မာ-အမေရိကန် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ကွန်ဖရင့်ကျင်းပမည် — စာ-၁၀

ဖီဖာတစ်နှစ်တာအကောင်းဆုံးဘောလုံးသမားဆု မက်ဆီ လေးကြိမ်မြောက် ဆွတ်ခူး — စာ-၁၃

ပြည်တွင်းမွေးမြူရေးလုပ်ငန်းအား နိုင်ငံတကာမှစိတ်ဝင်စား

ခင်ရတနာ ရေးသည်

ရန်ကုန် ဇန်နဝါရီ ၈

ပြည်တွင်းရှိ နို့နှင့်နို့ထွက်ပစ္စည်းများ လုပ်ငန်းတိုးတက်လာစေရေးအတွက် ကိုရီးယားနိုင်ငံမှ ရင်းနှီးမြှုပ်နှံပေးသွားရန်ရှိနေပြီး နို့နှင့်နို့စားနွားမွေးမြူရေး လုပ်ငန်းအတွက်လည်း အကူအညီကောင်းများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ “အဓိကကတော့ ကိုရီးယားဒိုင်ကာရီ ကော်မတီနဲ့ မြန်မာနိုင်ငံမွေးမြူရေးအဖွဲ့ချုပ်နဲ့ ပူးပေါင်းဆောင်ရွက်မှာ ဖြစ်ပါတယ်။ နားလည်မှုစာချွန်လွှာလည်း လက်မှတ်ရေးထိုးပြီးသားပါ။ စက်ရုံတွေတည်ထောင်သွားဖို့ ရှိသလို မွေးမြူရေးလုပ်ငန်းမှာလည်း ကူညီဆောင်ရွက်ပေးမယ်”ဟု မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

“ပထမဆုံး အဆင့်အနေနဲ့ ပဏာမလေ့လာရေးအဖွဲ့ လာဖို့ရှိပါတယ်။ နို့စားနွားတွေရဲ့ မျိုးရိုးဗီဇ၊ နေထိုင်မှုစရိုက်တွေ အားလုံးကို *စာမျက်နှာ ၈ ကော်လံ ၆* ✻

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ပြုပြင်ပြောင်းလဲမှုများနှင့် မြင်ကွင်းသစ်

ယခုအခါ ရန်ကုန်မြို့ကြီးသို့ တစ်နယ်တစ်ကျေးမှသော်လည်းကောင်း၊ ပြည်ပရပ်ခြား တိုင်းတစ်ပါးမှသော်လည်းကောင်း ပြန်လာခဲ့သည်ရှိသော် ဝမ်းမြောက်ကြည်နူးဖွယ်ရာ မြင်ကွင်းသစ်များကို တွေ့မြင်နေကြရသည်။ ထိုမြင်ကွင်းသစ်သည်ကား အခြားမဟုတ်။ ဖြူဖြူဖွေးဖွေး ပုပုကွကွ ကားလှလှလေးများ ပျားပန်းခပ်မျှ မောင်းနှင်သွားလာနေကြခြင်းပင် ဖြစ်၏။

ဤမြင်ကွင်းသည်ကား လက်ရှိနိုင်ငံတော်အစိုးရ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုတစ်ရပ်ဆိုလျှင် မှားနိုင်မည်မဟုတ်ချေ။ လက်ရှိနိုင်ငံတော်အစိုးရအနေဖြင့် တာဝန်ယူချိန်မှစပြီး ပြည်သူများ၏ အကျိုးစီးပွားကို ရှေးရှုလျက် ပြုပြင်ပြောင်းလဲမှုများ ဆက်တိုက်ပြုလုပ်လျက်ရှိပါသည်။ ထိုအထဲတွင် ယာဉ်အိုယာဉ်ဟောင်း လဲလှယ်ရေးအစီအစဉ်သည်လည်း တစ်ခုအပါအဝင် ဖြစ်ပါသည်။ အမှန်အားဖြင့်လည်း ရန်ကုန်မြို့ကြီး၌ ယနေ့တိုးတက်နေသည့် ခေတ်ကြီးတွင် ယာဉ်အိုယာဉ်ဟောင်းများသည် မရှိသင့်တော့ပေ။ အဘယ်ကြောင့်ဟူမူ မော်တော်ကားသစ်များ မောင်းနှင်သွားလာနေသော မြင်ကွင်းသည် တိုးတက်မှုကို ဖော်ညွှန်းပြသနေခြင်းကြောင့်ပင် ဖြစ်ပါသည်။

ယခင်ကဆိုလျှင် တစ်နယ်တစ်ကျေးမှ သော်လည်းကောင်း၊ ပြည်ပရပ်ခြား တိုင်းတစ်ပါးမှသော်လည်းကောင်း ပြန်လာခဲ့သည်ရှိသော် ထိုယာဉ်အိုယာဉ်ဟောင်းများကြောင့် တိုင်းတစ်ပါးသို့ ရောက်ဖူးသူတိုင်း တိုးတက်မှုမရှိသော မြင်ကွင်းကို ခံစားဖူးကြပေလိမ့်မည်။ ယခုတော့ ထိုသို့မဟုတ်တော့ပါ။ လမ်းကြီးလမ်းသွယ် အသွယ်သွယ်တို့တွင် ထိုကားဟောင်းများ၏နေရာ၌ ကားသစ်များကဆီးကြိုနေသည့်အလျောက် မြင်ရသူတို့အဖို့ ကြည်နူးဝမ်းသာဖြစ်ကြရပါသည်။ အဟောင်းတို့နေရာတွင် အသစ်တို့အစားထိုးလာသည်။ အခြားသော နေရာများတွင်လည်း အဟောင်းတို့နေရာအသစ်တို့ အစားထိုးလာနေပြီဖြစ်သည်။ ယခုလည်း အစားထိုးပြောင်းလဲနေဦးမည်။ ပြည်သူတစ်ရပ်လုံးကသာ ထိုအပြောင်းအလဲနှင့်အညီ စည်းကမ်းရှိရှိ လိုက်နာကြမည်ဆိုလျှင် အတိုင်းထက်အလွန် တံခွန်နှင့်ကုက္ကားဟု ဆိုရမည်သာဖြစ်ပါသည်။ ။

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်း သန်းခေါင်စာရင်း သိကောင်းစရာ

သန်းခေါင်စာရင်းထည့်မကောက်ရမည့်သူများ

- မြန်မာနိုင်ငံအခြေစိုက် သံရုံးများနှင့် ကောင်စစ်ဝန်ရုံးများတွင် တာဝန်ထမ်းဆောင်နေသော နိုင်ငံခြားသားသံတမန်များနှင့် မိသားစုဝင်များ
- သန်းခေါင်စာရင်းရည်ညွှန်းချိန် (၂၀၁၄ ခုနှစ် မတ်လ ၂၉ ရက်နေ့ ညဥ့်သန်းခေါင်ယံ) ကျော်လွန်ပြီးမှ မွေးဖွားသော ကလေးများ

အမြို့မြို့အနယ်နယ်ပျံ့သည့် သတင်းစာ မြန်မာ့အလင်း တွင် ကြော်ငြာပါ။

စေတနာအထူးပြုနိဗ္ဗာန်ဆော် ခင်နန္ဒာ နှင့် သွားစို့နော်

၁၄/၁၅ ရက် ၉ သိန်း

Air Bus A 320 လေယာဉ်အကြီးစားဖြင့်သာ

၁-၃-၂၀၁၃ (၄ လို) ၈-၃-၂၀၁၃ (၂၅ လို) ၁၁-၃-၂၀၁၃ (၃ လို) ၂၂-၃-၂၀၁၃ (၃၀ လို) ၁-၄-၂၀၁၃ (၁၀ လို)

Email: khinnandartravel@gmail.com

Website: www.khinnandartravel.com

ပြည်တွင်းသတင်း

မုံရွာမြို့ရှိ ရတနာပုံစေတီလှ ဆုတောင်းပြည့်စေတီတော် စိန်ဖူးတော်၊ ထီးတော် ဘုံအဆင့်ဆင့် တင်လှူပူဇော်

နေပြည်တော် ဇန်နဝါရီ ၈

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ စစ်ပင်ရပ်ခံတောကျေးရွာ ရတနာပုံကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်သော နှစ်ပေါင်း ၁၁၀ ကျော်သက်တမ်းရှိ ရတနာပုံစေတီလှ ဆုတောင်းပြည့်စေတီတော် စိန်ဖူးတော်၊ ထီးတော် ဘုံအဆင့်ဆင့် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာအခမ်းအနားကိုဇန်နဝါရီ ၅ ရက် နံနက် ၈ နာရီက အဆိုပါကျောင်းတိုက်ဝင်းရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော် သြဝါဒါစရိယ မုံရွာမြို့ မဟာဇောတိကာရာမကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိန္ဒအမှူးပြုသည့် ဆရာတော် သံဃာတော်များထံ ဥပါသကာများက ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်သဲနှင့် ပရိတ်ကျောက်များ ဆက်ကပ်ကြပြီး ပရိတ်တရားတော်များ နာယူကြည်ညိုကာ ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်သဲနှင့် ပရိတ်ကျောက်များကို စေတီတော်ရင်ပြင်တစ်လျှောက် ပက်ဖျန်းချည်နှောင်ကြသည်။

ဆက်လက်၍ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော် ဘုံအဆင့်ဆင့်နှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော် သံဃာတော်များထံ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့်ဇနီး ဒေါ်ဝေဝေခိုင်၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလွင်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တရားသူကြီးချုပ်တို့က ဆက်ကပ်လှူဒါန်းကြပြီး မုံရွာမြို့ ရန်ကင်းကျောင်းတိုက် ပဓာနနာယက ဆရာတော် ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာဝံသထံမှ အနုမောဒနာတရားနာယူကြည်ညိုကြသည်။

ထို့နောက် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော် ဘုံအဆင့်ဆင့်တို့ကို ပင့်ဆောင်၍ မင်္ဂလာအချိန်တွင် မင်္ဂလာပန်းရထားဖြင့် စေတီတော်အထွတ်သို့ တင်လှူပူဇော်ကြကာ ဆရာတော် သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာ တင်တော်မူခဲ့ကြကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းမှ ပြည်တွင်းခရီးစဉ်များ ပြေးဆွဲရန်စီစဉ်နေ

ရန်ကုန် ဇန်နဝါရီ ၈

မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း တစ်လိုင်းဖြစ်သည့် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလိုင်း (MAI) သည် ယခုအခါ ပြည်တွင်းခရီးစဉ်များကို ပြေးဆွဲသွားနိုင်ရန် စီစဉ်နေကြောင်း သိရသည်။

ပြေးဆွဲ

အဆိုပါ လေကြောင်းလိုင်းသည် သက်ဆိုင်ရာမှ ခွင့်ပြုချက်ရရှိပါက Air Bus လေယာဉ်များ ဆင်းသက်နိုင်မည့် နေပြည်တော်နှင့် မန္တလေးသို့ စတင်ပြေးဆွဲမည်ဖြစ်ပြီး အခြားလေယာဉ်ကွင်းများ ဖြစ်သည့် ပုဂံ၊ ဟဲဟိုး၊ ထားဝယ်၊ ကော့သောင်း၊ စစ်တွေ၊ လွိုင်ကော်၊ မြစ်ကြီးနား၊ ဗန်းမော်နှင့် ကလေးမြို့များသို့ ATR လေယာဉ်များဖြင့် တိုးချဲ့ပြေးဆွဲသွားမည် ဖြစ်သည်။

ပြည်တွင်းခရီးစဉ်များ ပြေးဆွဲပေးသွားမည့် အစီအစဉ်များနှင့်ပတ်သက်၍ MAI မှ မအေးမရသာက "ကျွန်မတို့ လေယာဉ်တွေ ပြည်တွင်းကို ပြေးဆွဲသွားနိုင်ဖို့ သက်ဆိုင်ရာကို တင်ပြထားပါတယ်။ ခွင့်ပြုချက်ရတာနဲ့တစ်ပြိုင်နက် ပြေးဆွဲသွားနိုင်အောင်လည်း စီစဉ်ထားပါတယ်။ ပြည်တွင်းမှာ ပြေးဆွဲပေးရတဲ့ ရည်ရွယ်ချက်ကတော့ ကျွန်မတို့ လေကြောင်းလိုင်းဟာ အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း တစ်လိုင်းဖြစ်တာနဲ့အညီ ပြည်တွင်းခရီးသွားပြည်သူတွေကိုလည်း လုံခြုံစိတ်ချစွာနဲ့ အဆင့်အတန်းမြင့်စွာ ခရီးသွားလာနိုင်ဖို့ စီစဉ် တာပါ။ ဒါ့အပြင် ပြည်ပကနေ MAI နဲ့ရောက်လာတဲ့ နိုင်ငံခြားသားခရီးသွား ဧည့်သည်တွေကိုလည်း ပြည်တွင်းခရီးစဉ်တွေ သွားရောက်လည်ပတ်ရာမှာ ခရီးစဉ်တစ်လျှောက်လုံး MAI နဲ့ပဲ တောက်လျှောက်သွားနိုင်ဖို့ စီစဉ်ပြေးဆွဲတာဖြစ်ပါတယ်"ဟု ရှင်းပြသည်။

နိုင်ငံတကာသို့ ပြေးဆွဲနေသော MAI မှ Air Bus လေယာဉ်များ

MAI လေကြောင်းလိုင်းသည် ရန်ကုန်မှ ဗန်ကောက်၊ စင်ကာပူ၊ ကွာလာလမ်ပူ၊ ဂယာ၊ ကွမ်ကျိုးနှင့် ကမ္ဘောဒီးယားနိုင်ငံသို့ Air Bus လေယာဉ်ရှစ်စင်းဖြင့် ပြေးဆွဲနေသော လေကြောင်းလိုင်းကြီးတစ်လိုင်း ဖြစ်ကြောင်း သိရသည်။ **(ကိုကြီးသာ)**

ခရိုင်ဘောလုံးကွင်းအတွင်း အမှိုက်များလာပစ်နေ

မိတ္ထီလာမြို့တွင် အားကစားကွင်း နှစ်ကွင်းရှိသည်။ မိတ္ထီလာမြို့ ပေါက်ချောင်းအားကစားကွင်းနှင့် ရတနာမာန်အောင်ရပ်ကွက် ခရိုင်အားကစားကွင်းတို့ဖြစ်သည်။ ပေါက်ချောင်းအားကစားကွင်းသည် ကန်အနောက်ဘက် ပေါက်ချောင်းရပ်ကွက်တွင်တည်ရှိပြီး ဘောလုံးကစားကွင်းနှင့် ကြက်တောင်ရိုက်ကွင်း ရှိသည်။ ခရိုင်အားကစားကွင်း၏ မိတ္ထီလာ-တောင်ကြီးသွားကားလမ်းသည် မြောက်ဘက် ရတနာမာန်အောင်ရပ်ကွက်အတွင်း၌ ရှိသည်။

ခရိုင်အားကစားကွင်းသည် ကျယ်ဝန်းပြီး ဘောလုံးကွင်းနှင့် မိုးလုံလေလုံ ကြက်တောင်ရိုက် အားကစားကွင်းရှိသည်။ ဘောလုံးကွင်းပတ်လမ်းလည်း ရှိသည်။ လေကောင်းလေသန့်ရရှိပြီး ယာဉ်အန္တရာယ်ကင်းရှင်း၍ နံနက်ခင်းနှင့် ညနေခင်းများတွင် လမ်းလျှောက်သူများ၊ ကျန်းမာရေးလေ့ကျင့်ခန်းလုပ်သူများနှင့် ပြည့်နှက်နေသည်။

ယခုအခါတွင်မူ အမှိုက်များ လာရောက်စွန့်ပစ်ထားသည့်အတွက် အားကစားကွင်း၏အနောက်ဘက်နှင့် မြောက်ဘက်တွင် အမှိုက်ပုံများ ပြည့်နှက်နေပြီး အနံ့ဆိုးများ ထွက်နေသဖြင့် ကျန်းမာရေးအတွက် လမ်းလျှောက်သူများသည် မကောင်းသော အနံ့အသက်များကို ရှူရှိုက်နေရသဖြင့် များစွာစိတ်ညစ်နေကြသည်။ အားကစားကွင်း၏ မြောက်ဘက်တွင် အမှိုက်များသာမက ကြက်မွေးများ၊ ကြက်ချေးများနှင့် ကြက်သေကောင်အပုပ်များပါ လာရောက်စွန့်ပစ်ထားရာ အပုပ်နံ့နှင့် ကြက်ချေးနံ့များကြောင့် လမ်းလျှောက်၍မရဘဲ ဖြစ်နေကြသည်။

ထိုအမှိုက်များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က လာရောက်စွန့်ပစ်ခြင်းမဟုတ်ဘဲ ညအခါကျမှ ကားကြီး၊ ကားငယ်များဖြင့် တိတ်တဆိတ်လာရောက်စွန့်ပစ်ကြခြင်းဖြစ်ကြောင်း စုံစမ်းသိရှိရသည်။ ထို့ကြောင့် ခရိုင်အားကစားကွင်းအတွင်းသို့ လာရောက်အမှိုက်စွန့်ပစ်သူများကို အမြန်ဆုံး ထိရောက်စွာ ဖမ်းဆီးအရေးယူပေးရန် ကျန်းမာရေးအတွက် လမ်းလျှောက်သူများနှင့် ကျန်းမာရေးလေ့ကျင့်သူများက အထူးလိုလားနေကြကြောင်း သိရသည်။

ထင်သာမြင်သာ ပြုပြင်စရာ

(ဝ၁၂)

သုတစွယ်စုံစာကြည့်တိုက် (၁၂) နှစ်ပြည့်ကျင်းပ

ဂန့်ဂေါ ဇန်နဝါရီ ၈

ဂန့်ဂေါမြို့နယ် တောင်ခင်ရန်းကျေးရွာ သုတစွယ်စုံစာကြည့်တိုက်၏ စာကြည့်တိုက်ဖွင့်လှစ်ဆောင်ရွက်ခြင်း (၁၂) နှစ်ပြည့်အခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက်က အဆိုပါ ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် နံရံကပ်စာစောင်ပြိုင်ပွဲ၊ ကျပန်း စကားပြောပြိုင်ပွဲ၊ ကလေးကဗျာရွတ်ဆိုပြိုင်ပွဲ၊ စစ်တုရင်ပြိုင်ပွဲ၊ စကားရည်လုပွဲများ ကျင်းပ၍ ဆုများချီးမြှင့်ကြပြီး စာအုပ်အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်ကြကြောင်း သိရသည်။ (၁၀၁)

ပြည်တွင်းသတင်း

ဩစတြေးလျ-မြန်မာနှစ်နိုင်ငံအကြား ကုန်သွယ်မှုကဏ္ဍတိုးမြှင့်ဆောင်ရွက်ရေးနှင့် ကုန်သွယ်မှုဆိုင်ရာသဘောတရားများ ရှင်းနီးပွင့်လင်းစွာဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၈

ပြည်ထောင်စုလွှတ်တော် နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်ကိုယ်စား ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းအား Australia-Myanmar Chamber of Commerce (AMCC)၏ Management Committee မှ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးဇော်မြင့်ဖေ၊ ဦးသိန်းဝင်း၊ ဒေါက်တာမြင့်ကြည်၊ ဦးဝင်းနောင်၊ ဒေါ်နန်းနီနီအေးနှင့် ဒေါ်ခင်ဝိုင်းကြည်၊ လွှတ်တော်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် ဩစတြေးလျ-မြန်မာ နှစ်နိုင်ငံစီးပွားရေးနှင့် ဆက်ဆံရေးကဏ္ဍတိုးမြှင့်ဖော်ဆောင်ရေး၊ နှစ်နိုင်ငံအကြား အကောင်းဆုံး ကုန်သွယ်မှုကဏ္ဍတိုးမြှင့်ဆောင်ရွက်ရေးနှင့် ကုန်သွယ်မှုဆိုင်ရာ သဘောတရားများကို ရှင်းနီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းနှင့် အဖွဲ့ဝင်များသည် ဧည့်သည်တော် Australia-Myanmar Chamber of Commerce(AMCC)၏ Management Committee မှ ကိုယ်စားလှယ်အဖွဲ့နှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းအား Australia-Myanmar Chamber of Commerce (AMCC)၏ Management Committee မှ ကိုယ်စားလှယ်အဖွဲ့လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

ရေရှည်တည်တံ့နိုင်သော စိုက်ပျိုးရေးနည်းပညာများ မိတ်ဆက်ခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၈

မကွေးတိုင်းဒေသကြီး မကွေးမြို့ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် (မကွေး) ကျောင်းခွဲ၌ ရေရှည်တည်တံ့နိုင်သော စိုက်ပျိုးရေးနည်းပညာများ မိတ်ဆက်ခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက အမှာစကားပြောကြားပြီး TDH (Italia) အဖွဲ့မှ ဌာနေကိုယ်စားလှယ် Mr. Massimo Lanciolti က စီမံကိန်းလုပ်ငန်းဆိုင်ရာများကို ဆွေးနွေးပြောကြားကာ ရေနံချောင်းနှင့် နတ်မောက်ကျေးရွာတို့၌ အကောင်အထည်ဖော် ဆောင်ရွက်နေသော စီမံကိန်းလုပ်ငန်းများကို ဗီဒီယိုဖြင့် ပြသသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် (မကွေး) ကျောင်းခွဲအတွင်းရှိ သရုပ်ပြစိုက်ကွင်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ် (၃/၂၀၁၃)
၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်
(၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်)

တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သားအမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀-၁-၂၀၁၁ရက်စွဲပါကော်မရှင်၏ ကြေညာချက်အမှတ်(၂/၂၀၁၁)တွင်ဖော်ပြထားသည့် အောက်ပါ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးအား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

ကြည်း ၂၃၁၇၃	**(အစား)**	**ကြည်း ၃၄၀၄၂**
ဗိုလ်မှူးအေးထွန်း		**ဗိုလ်မှူး အောင်ကိုမင်း**

အမိန့်အရ
(တင်ထွန်း)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

စပါးခွံဓာတ်ငွေ့အသုံးပြု လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စွမ်းအားမြှင့်တင်မှု သုတေသနပြုစီမံကိန်း လက်မှတ်ရေးထိုးပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၈

ပြည်တွင်း၌ အသုံးပြုနေကြသည့် စပါးခွံဓာတ်ငွေ့အင်ဂျင်များမှာ ပြည်တွင်းရှိ ကျွမ်းကျင်သူများက ထုတ်လုပ်သည့်စက်များဖြစ်ပြီး စပါးခွံဓာတ်ငွေ့တွင်ပါလာသော ကတ္တရာကို ကုန်စင်အောင် မသန့်စင်နိုင်သည့်အတွက် စက်လည်ပတ်မှု မတည်ငြိမ်ခြင်း၊ အင်ဂျင်သက်တမ်းကျဆင်းခြင်း၊ မကြာခဏ အင်ဂျင်ဖွင့်၍ ကတ္တရာများ သန့်စင်ပေးရခြင်း စသောအားနည်းချက်များရှိသည့်အပြင် ပတ်ဝန်းကျင် ပြည်သူများအတွက်ပါ ကျန်းမာရေး

ထိခိုက်လာနိုင်ဖွယ်ရှိကြောင်း၊ ထို့ကြောင့် ဂျပန်နိုင်ငံ METI နှင့် NEDO တို့မှ တာဝန်ရှိသူများ မြန်မာနိုင်ငံသို့ ၂၀၁၂ ခုနှစ် ဩဂုတ်လအတွင်းက လာရောက်ပြီး MAPT၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မြန်မာဆန်စက်ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်းခြင်း၊ ကွင်းဆင်းလေ့လာခြင်းများကို ညှိနှိုင်းဆောင်ရွက်ခဲ့ကြပြီး ယင်းစီမံကိန်းကို ဂျပန်နိုင်ငံ NEDO အကူအညီဖြင့် ပူးပေါင်းဆောင်ရွက်ရန် ၁၀-၉-၂၀၁၂ရက်တွင် METI နှင့်မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးတို့သည် Meeting Minute ကို နှစ်ဖက် လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်းဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ယနေ့ နံနက် ၉ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် မြန်မာနိုင်ငံတွင် စပါးခွံဓာတ်ငွေ့အသုံးပြု လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစွမ်းအား မြှင့်တင်မှုအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးနှင့် ဂျပန်နိုင်ငံ Bio-Fuel Co., Inc တို့ ပူးပေါင်းသုတေသနပြုစီမံကိန်းအကောင်အထည်ဖော်ရေးလုပ်ငန်း သဘောတူညီချက်လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးက ဤသုတေသနပြု စီမံကိန်းသည် နည်းပညာမြင့်မားသည့် ဂျပန်နိုင်ငံမှ ပညာရှင်များလာရောက်ပြီး မိမိတို့ နိုင်ငံမှ ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်၍ အောင်မြင်မည်ဟုလည်းတစ်ထစ်ချ ယုံကြည်မိကြောင်း၊ သုတေသန ရလဒ်ကောင်းများ ထွက်ပေါ်လာပါက မိမိတို့ဘက်မှ လက်ဆင့်ကမ်းပညာ ဖြန့်ဝေပေးခြင်းများကိုလည်း တစ်စိုက်မတ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းစီမံကိန်းအောင်မြင်လာပါက မိမိတို့နိုင်ငံတွင်ရှိသည့် ဆန်စက်များ၌ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာနိုင်မည်ဖြစ်သည့်အပြင် ကျေးရွာမီးလင်းရေးလုပ်ငန်းများတွင်ပါ များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ၎င်းမှတစ်ဆင့် ကျေးလက်အခြေခံအသေးစားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးကို အထောက်အကူပြုမည် ဖြစ်ကြောင်း၊ ယခုသုတေသနလုပ်ငန်းသည် နှစ်နိုင်ငံအကြား အကျိုးပြုမည့် စီမံကိန်းတစ်ခုလည်းဖြစ်ကြောင်း ၊ စီမံကိန်းအောင်မြင်ရေးအတွက် အတူပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းစီမံကိန်းကို အဓိကပံ့ပိုးအကူအညီပေးခဲ့သည့် NEDO အဖွဲ့အား အထူးကျေးဇူးတင်ရှိပါကြောင်းဖြင့်လည်း ပြောကြားသည်။

ဆက်လက်၍ NEDO ဥက္ကဋ္ဌ Dr.Kazuo Furukawa က စီမံကိန်းဆိုင်ရာ အချက်အလက် အကျဉ်းချုပ်ကို ရှင်းလင်းပြောကြားပြီး မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူးနှင့် Bio -Fuel Co., Inc ဥက္ကဋ္ဌ Mr. Tomitake Maruyama တို့က သုတေသနလုပ်ငန်းဆောင်ရွက်မှု သဘောတူညီချက်ကို လက်မှတ်ရေးထိုးကြသည်။**(အောက်ဝဲပုံ)**

အဆိုပါစီမံကိန်းမှာ ဂျပန်နိုင်ငံစီးပွားရေး၊ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန (METI)နှင့် ဂျပန်နိုင်ငံစွမ်းအင်သစ်နှင့် စက်မှုနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (NEDO) တို့၏ ဦးဆောင်ပံ့ပိုးကူညီမှုဖြင့် ဂျပန်ဘက်မှ Bio-Fuel Co., Inc နှင့်အတူ အကျိုးတူပူးပေါင်းဆောင်ရွက်မည့် ကုမ္ပဏီများဖြစ်သည့် Enbio-tech., Inc နှင့် Tokyo Electric Power Company တို့မှ အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပြီး မြန်မာဘက်မှ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းနှင့် မြန်မာဆန်စက်ကုမ္ပဏီလီမိတက်တို့မှ ပါဝင်ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။

စီမံကိန်းကို ၂၀၁၃ခုနှစ် ဖေဖော်ဝါရီလအထိ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပြီး စီမံကိန်းအတွက် NEDO မှ ဂျပန် ယန်းသန်း ၉၀ နှင့် Bio-Fuel Co., Incမှ ဂျပန် ယန်းသန်း ၄၀ ထည့်ဝင်မှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မန္တလေးဘူတာ၌ စာပေရေချမ်းစင် ထပ်မံဖွင့်လှစ်

မန္တလေး ဇန်နဝါရီ ၈

မန္တလေးမြို့ မြန်မာ့မီးရထားဘူတာရုံကြီးတွင် စာပေရေချမ်းစင်ဖွင့်ပွဲကို ဇန်နဝါရီ ၇ ရက်က ကျင်းပရာ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ဦးညွန့်ဆွေ၊ မန္တလေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်တင်မိုးနှင့် စာပေရေချမ်းစင်အလှူရှင် ယူနိုက်တက်ပစိဖိတ်ကုမ္ပဏီမှ တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသော စာပေဝါသနာရှင်များက စာအုပ်စာစောင်များ လှူဒါန်းခဲ့ကြသည်။

ယခင်က မန္တလေးဘူတာကြီးတွင် စာပေရေချမ်းစင်တစ်ခုသာရှိခဲ့ပြီး ယခုဖွင့်လှစ်သည့် စာပေရေချမ်းစင်လေးခု အပါအဝင် စုစုပေါင်း ငါးခု ဖွင့်လှစ်ထားရှိပြီး မကြာမီ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်တွင်လည်း ဆက်လက်ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(တိုင်းဒေသကြီး ပြန်/ဆက်)**

နိုင်ငံတကာသတင်း

နျူကလီးယား ဓာတ်အားပေးစက်ရုံသစ် တရုတ်စတင်တည်ဆောက်

ပေကျင်း ဇန်နဝါရီ ၈

ဂျပန်နိုင်ငံ ဖူကူရှီးမားနျူကလီးယားသဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှုကြောင့် တရုတ်နိုင်ငံအနေဖြင့် ဆောက်လုပ်မှုတရားဝင်ဆိုင်းငံ့ရန် သတ်မှတ်ချက်တစ်ခုအား ရုပ်သိမ်းပြီးနောက် နျူကလီးယားဓာတ်အားပေးစက်ရုံသစ်တစ်ရုံ ဆောက်လုပ်ခြင်းကို စတင်ပြီဖြစ်ကြောင်း ဇန်နဝါရီ ၇ ရက်က အေပီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

တရုတ်နိုင်ငံ ရှန်ဒေါင်းပြည်နယ် အရှေ့ပိုင်း ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သော ယောင်ချန်းတွင် ယွမ် ၃ ဘီလီယံ (အမေရိကန်ဒေါ်လာ ၄၅၅ ဒသမ ၈၅ သန်း)ကုန်ကျမည့် အဆိုပါ နျူကလီးယားဓာတ်အားပေးစက်ရုံသစ်ကို တရုတ်သုတေသနပညာရှင်များအနေဖြင့် လုံခြုံဘေးကင်းသော ထုတ်လုပ်မှုအင်္ဂါရပ်များကြိုတင်ဖြည့်တင်းသွားမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက ပြောကြားသည်။

တရုတ်နိုင်ငံသည် ကမ္ဘာ့စွမ်းအင်အများဆုံးသုံးစွဲသည့်နိုင်ငံဖြစ်ပြီးရုပ်ကြွင်းလောင်စာဆီအတွက် ဝယ်လိုအားမြင့်မားနေမှုကို ဟန့်တားထိန်းချုပ်ရန် တရားဝင်ကြိုးပမ်းရာတွင် နျူကလီးယားဓာတ်အားသည် အဓိကလိုအပ်ချက်တစ်ခုဖြစ်သည်။

၂၀၁၁ ခုနှစ်က ဂျပန်ငလျင်နှင့်ဆူနာမိကြောင့် ဖူကူရှီးမားနျူကလီးယားဓာတ်အားစက်ရုံပျက်စီးခဲ့ပြီးနောက် ဘေးအန္တရာယ်ကင်းရှင်းရေး ပြန်လည်စစ်ဆေးလုပ်ဆောင်ရန် သဘောတူညီချက်ဖြင့် တရုတ်နိုင်ငံက ဆိုင်းငံ့ထားခဲ့သည်။ အဆိုပါ တရားဝင်ဆိုင်းငံ့မှုကို ၂၀၁၂ ခုနှစ် အောက်တိုဘာလအတွင်းက ရုပ်သိမ်းခဲ့သည်။ **(အေပီ)**

ကာကွယ်ရေးဝန်ကြီးသစ်နှင့် စီအိုင်အေအကြီးအကဲသစ် အမေရိကန်သမ္မတ အိုဘားမား အဆိုပြုရွေးချယ်

နယူးယောက် ဇန်နဝါရီ ၈

အမေရိကန်သမ္မတ ဘားရက်အိုဘားမားက သူ၏ဒုတိယသမ္မတသက်တမ်းတွင် ကာကွယ်ရေးဝန်ကြီးနှင့် စီအိုင်အေအကြီးအကဲတို့ကို အသစ်ခန့်အပ်ရန် ဇန်နဝါရီ ၇ ရက်က အဆိုပြုခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဇန်နဝါရီ ၈ ရက်က ဖော်ပြသည်။

သမ္မတ၏ အဆိုပြုချက်သည် အငြင်းပွားမှုများဖြစ်ပေါ်မည်ဖြစ်ကြောင်း၊ အိုဘားမားအဆိုပြုရွေးချယ်ထားသူ နှစ်ဦးသည် လွှတ်တော်၏ အတည်ပြုချက်ကို စောင့်ဆိုင်းရမည်ဖြစ်ပြီး ၎င်းတို့က တာဝန်ထမ်းဆောင်ရမည်ကို ယုံကြည်မှုရှိကြောင်း သတင်းတွင် ဖော်ပြသည်။

ယခင်ကာကွယ်ရေးဝန်ကြီး လီယွန်ပါနက်နေရာတွင် အစားထိုးခန့်ထားရန် အိုဘားမားအဆိုပြုထားသူမှာ နီဘရာစကာပြည်နယ် လွှတ်တော်အမတ်ဟောင်းတစ်ဦးဖြစ်သူ ချက်ဟာဂဲလ်ဖြစ်သည်။ ဟာဂဲလ်သည် အစ္စရေးတို့ကို ပွင့်လင်းစွာ ဝေဖန်သူတစ်ဦးဖြစ်ပြီး အီရန်အား ပိတ်ဆို့ထားမှုအပေါ် ကန့်ကွက်ဆန့်ကျင်သူတစ်ဦးဖြစ်သဖြင့် နိုင်ငံရေးအရ အငြင်းပွားဖွယ်များရှိနေသည်။

အဆိုပြုရွေးချယ်

စီအိုင်အေ အကြီးအကဲအဖြစ် အငြိမ်းစားယူသွားသော ဗိုလ်ချုပ်ကြီး ဒေးဗစ်ပက်ထရူးနေရာတွင် အိုဘားမား၏ အကြမ်းဖက်မှုဆန့်ကျင်တန်ပြန်ရေး အကြံပေးဥက္ကဋ္ဌဖြစ်သူ ဂျွန်ဘရိုင်နန်ကို အဆိုပြုသည်။ စီအိုင်အေအမှုထမ်းသက် ၂၅ နှစ်ရှိခဲ့သူ ဂျွန်ဘရိုင်နန်ကို အကြမ်းဖက်မှု ဆန့်ကျင်တန်ပြန်လှုပ်ရှားမှုများတွင် များစွာကျွမ်းကျင်ပြီး အတွေ့အကြုံများသူတစ်ဦးဖြစ်သည်ဟု အိုဘားမားက အဆိုပြုရွေးချယ်ခဲ့ခြင်းဖြစ်သည်။

စီအိုင်အေ အကြီးအကဲဟောင်း ဒေးဗစ်ပက်ထရူးသည် သူ့အတ္ထုပ္ပတ္တိရေးသားသူ ပေါ်လာဘရော့ဒ်ဝေးနှင့် အိမ်ထောင်ရေးဖောက်ပြန်သည့် အရှုပ်အရှင်းကြောင့် ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၀ ရက်က ရာထူးမှ နုတ်ထွက်သွားခြင်းဖြစ်သည်။ **(ဆင်ဟွာ)**

တင်မောင်လွင်-စုစည်းသည်

အမေရိကန်၌ သေနတ်ပစ်ခတ်မှုကြောင့် နေ့စဉ်လူ ၁၈ ဦးနှုန်း သေဆုံးနေ

နယူးတောင်း ဇန်နဝါရီ ၈

အမေရိကန်နိုင်ငံ ကွန်နက်တီကတ်ပြည်နယ် နယူးတောင်းမြို့ ဆန်ဒီဟွတ်ကျောင်း၌ လွန်ခဲ့သည့် ဒီဇင်ဘာ ၁၄ ရက်က သေနတ်ပစ်ခတ်မှုဖြစ်ပွားပြီးနောက် သေနတ်ပစ်ခတ်သတ်ဖြတ်မှုကြောင့် နေ့စဉ်ပျမ်းမျှ လူ ၁၈ ဦးနှုန်း သေဆုံးလျက်ရှိကြောင်း ဇန်နဝါရီ ၇ ရက်က စစ်တမ်းတစ်ရပ်တွင် ဖော်ပြထားသည်။

နယူးတောင်းမြို့ ကျောင်းသေနတ်ပစ်ခတ်မှုဖြစ်ပွားပြီးနောက် သေနတ်ပစ်ခတ်မှုကြောင့် သေဆုံးသူ ၄၀၆ ဦး အထိရှိသွားခဲ့ပြီဖြစ်ကြောင်း တွစ်တာဝက်ဘ်ဆိုက်တွင် စစ်တမ်းတစ်ရပ်က ဖော်ပြထားသည်။

အဆိုပါ သေဆုံးသူများ၏ စာရင်းကို State.com ဟု အမည်ပေးထားသော ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။ သေဆုံးသူများတွင် အသက် ၁၃ နှစ်အောက် ကလေးခြောက်ဦးပါဝင်ပြီး အသက် ၁၇ နှစ် အောက် လူငယ် ၂၁ ဦးပါဝင်သည်။

အမေရိကန်နိုင်ငံသည် ကမ္ဘာပေါ်တွင် လူတစ်ဦးချင်း သေနတ်ပိုင်ဆိုင်မှုအများဆုံးနိုင်ငံဖြစ်နေခြင်းကပင်လျှင် ထိုကဲ့သို့ ပစ်ခတ်သတ်ဖြတ်မှုများ တိုးလာခြင်းဖြစ်ကြောင်း လေ့လာအကဲခတ်သူများက ဝေဖန်ပြောကြားလျက်ရှိသည်။ **(ပရက်စ်တီဗွီ)**

အစ္စတန်ဘူလ်၌ ဆီးနှင်းများဆိုးရွားစွာကျ

အစ္စတန်ဘူလ် ဇန်နဝါရီ ၈

တူရကီ မိုးလေဝသပညာရှင်များက ရာသီဥတုအခြေအနေ ဆိုးရွားမှုကို ရက်ပေါင်းများစွာ သတိပေးထားခဲ့ပြီးနောက် ဇန်နဝါရီ ၇ ရက်က မြို့တော် အစ္စတန်ဘူလ်တွင် ဆီးနှင်းဆိုးရွားစွာကျဆင်းမှုဖြစ်ပေါ်ခဲ့ကြောင်း ဇန်နဝါရီ ၈ ရက် ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါဆီးနှင်းကျမှုသည် မြို့တော် အစ္စတန်ဘူလ်မြို့တစ်ဝန်းရှိ နေရာဒေသအားလုံးနီးပါးတွင် ဖြစ်ပေါ်ခဲ့ပြီး မြေပြင်နှင့်နေအိမ်အမိုးများတွင် အဖြူရောင်လွှမ်းခြုံနေခဲ့သည်။ မြို့ပြနေလူပေါင်း ၂၆၆၆ ဦးကိုလည်း မော်တော်ယာဉ် ၉၀၈ စီး အသုံးပြုပြီး ယင်းဆီးနှင်းများကို ရှင်းလင်းရန် အစ္စတန်ဘူလ်မြို့အတွင်း ဖြန့်ကြက်ချထားကြောင်း တူဒေးဇာမင်းန် သတင်းဌာနက ထုတ်ပြန်သည်။ **(ဆင်ဟွာ)**

ရုရှား၌မီးတောင်ပေါက်ကွဲ၊ မီးခိုးနှင့်ပြာမှုန်များဝေဟင်အထက်နှစ်မိုင်ကျော်ရောက်

မော်စကို ဇန်နဝါရီ ၈

ရုရှားနိုင်ငံ ကမ်ချက်ကာကျွန်းဆွယ်ပေါ်ရှိ ပလိုစကီတိုလ်ဘာချစ်ခ်မီးတောင်သည် ဇန်နဝါရီ ၇ ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ မီးခိုးနှင့်ပြာမှုန်များ ဝေဟင်အထက် နှစ်မိုင်ခွဲခန့်အထိ ထုတ်လွှတ်လျက်ရှိကြောင်း ဒေသဆိုင်ရာအရာရှိများက ပြောကြားသည်။

အဆိုပါ မီးတောင်ပေါက်ကွဲမှုကြောင့် မီးခိုးနှင့်ချော်ရည်အငွေ့များပန်းထွက်မှုသည် မီးတောင်၏အရှေ့မြောက်ဘက် ၁၂ မိုင်အကွာအထိ ပြန့်ကျဲရောက်ရှိခဲ့ကြောင်း ကမ်ချက်ကာရှိ ရုရှားသိပ္ပံအကယ်ဒမီဆိုင်ရာ ဘူမိဗေဒဌာနက ဇန်နဝါရီ ၇ ရက်တွင် ထုတ်ပြန်သည်။

ယင်းမီးတောင်ပေါက်ကွဲမှုကို ဘေးအန္တရာယ်ဖြစ်ပေါ်မှုအနည်းငယ်အဆင့်မှ လိမ္မော်ရောင်အဆင့် သတိပေးချက် ထုတ်ပြန်ပေးထားခဲ့ကြောင်း အိုင်တာတက်စ်သတင်းဌာနက ထုတ်ပြန်သည်။

အမြင့် ၁၀၁၂၁ ပေမြင့်သည့် ပလိုစကီတိုလ်ဘာချစ်ခ်မီးတောင်ကြီးသည် ၃၆ နှစ်ကြာသည့်တိုင် ငြိမ်သက်နေခဲ့ပြီးနောက် ပြီးခဲ့သည့် နိုဝင်ဘာ ၂၇ ရက်က စတင်လှုပ် ရှားလာခဲ့ခြင်းဖြစ်သည်။

ယင်းမီးတောင်ဧရိယာအတွင်း၌ ဘေးအန္တရာယ် ကျရောက်ခြင်းမရှိနိုင်ကြောင်း ဘူမိဗေဒဌာနက ဆက်လက်ပြောကြားသည်။ **(ဆင်ဟွာ)**

နေတိုးပတ်ထရေ့ဒုံးခွင်းဒုံးများ တူရကီသို့ရောက်ရှိ

ပေကျင်း ဇန်နဝါရီ ၈

ပတ်ထရေ့ဒုံးကျည်များတင်ဆောင်လာသည့် နေတိုးကုန်တင်လေယာဉ်များ တူရကီနိုင်ငံ အင်စီရာလစ်လေဆိပ်သို့ ဆင်းသက်ခဲ့ကြောင်း ဆင်ဟွာသတင်းက ဇန်နဝါရီ ၈ ရက်တွင် ဖော်ပြသည်။

ဖြန့်ကြက်ချထား

ဆီးရီးယားပြည်တွင်းစစ်မီး တူရကီနိုင်ငံအတွင်း ကူးစက်လာမည်ကို ကာကွယ်ရန် မြေပြင်မှဝေဟင်ပစ် ဒုံးခွင်းဒုံးများ တူရကီနိုင်ငံအတွင်း ဖြန့်ကြက်ချထားမည်ဖြစ်သည်။ **(အပေါ်ပုံ)**

ရောက်ရှိမည်

ဆီးရီးယားနိုင်ငံ နယ်စပ်တစ်လျှောက် လုံခြုံရေးထောက်ပံ့ပေးရန် တူရကီနိုင်ငံက နေတိုးအဖွဲ့အား နိုဝင်ဘာလအတွင်းက တောင်းဆိုခဲ့သည်။ နေတိုးတပ်ဖွဲ့ဝင် ၄၀၀ ခန့်နှင့် လက်နက်ခဲယမ်းများ လာမည့်ရက်အနည်းငယ်အတွင်း တူရကီနိုင်ငံသို့ ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

ပတ်ထရေ့ဒုံးခွင်းဒုံး တပ်စုခြောက်စုမှ တပ်စုနှစ်စုကို တူရကီနိုင်ငံတွင် တာဝန်ထမ်းဆောင်စေမည်ဟု နေတိုးက ကတိပေးထားပြီးဖြစ်သည်။

ပို့ဆောင်ပြီး

နယ်သာလန်နိုင်ငံက ပတ်ထရေ့ဒုံးခွင်းဒုံးများ တူရကီနိုင်ငံသို့ ဇန်နဝါရီ ၇ ရက်က ပို့ဆောင်ပြီးဖြစ်ကြောင်းသိရသည်။

ဂျာမန် အမြောက်တပ်စုနှစ်စု တူရကီနိုင်ငံတောင်ပိုင်း နေရာဒေသအချို့၌ တပ်ဖြန့်ကြက်ချထားကြောင်း သတင်းတွင်ဖော်ပြသည်။ **(ဆင်ဟွာ)**

ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းအပေါ် ဖြည့်စွက်ကြေညာခြင်း

၂၇-၁၂-၂၀၁၂ ရက်စွဲပါ မြန်မာ့အလင်းနှင့်ကြေးမုံသတင်းစာပါ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အောက်ပါအတိုင်း ပြင်ဆင်/ဖြည့်စွက်ပေးပါရန်-

(၁) ပြည်တွင်းငွေ(အစား)နိုင်ငံခြားငွေ(US$)

(၂) တင်ဒါပိတ်ရက်အား ၃-၁-၂၀၁၂ ရက် ညနေ ၄ နာရီအစား ၁၀-၁-၂၀၁၃ရက် ညနေ ၄ နာရီ

ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်



နိုင်ငံတကာသတင်း

အားရဖွယ် ဆူဒန်နှင့် တောင်ဆူဒန်ထိပ်သီးအစည်းအဝေးရလဒ်

တိုး - ရေးသည်

ဆူဒန်သမ္မတ အိုမာဟက်သန်အယ်ဘရှားနှင့် တောင်ဆူဒန်သမ္မတ ဆာလ်ဗာကီးယားမာယာဒစ်တို့၏ နှစ်ရက်ကြာ ထိပ်သီးအစည်းအဝေးမှာ အီသီယိုးပီးယားနိုင်ငံ အဒစ်အဘာဘာမြို့တော်၌ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၅ ရက်က ပြီးဆုံးသွားသည်။ ဆူဒန်နှင့် တောင်ဆူဒန်သမ္မတနှစ်ဦး၏ ထိပ်သီးအစည်းအဝေးကို အီသီယိုးပီးယားဝန်ကြီးချုပ် ဟေလီမာရီယမ်ဒီဆာလက်နှင့် တောင်အာဖရိက သမ္မတဟောင်း သာဘိုအမ်ဘီကီတို့၏ ကြီးကြပ်မှုဖြင့် ပြုလုပ်ခြင်းဖြစ်သည်။

တောင်အာဖရိကသမ္မတဟောင်း သာဘိုအမ်ဘီကီမှာ အာဖရိကသမဂ္ဂအဆင့်မြင့်အကောင် အထည်ဖော်ဆောင်ရေးအဖွဲ့ (အေယူအိတ်ချ်အိုင်ပီ) ဥက္ကဋ္ဌလည်းဖြစ်ပြီး အီသီယိုးပီးယားဝန်ကြီးချုပ် ဟေလီမာရီယမ်မှာလည်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအစိုးရအာဏာပိုင်အဖွဲ့ (အိုင်ဂျီအေဒီ) ဥက္ကဋ္ဌဖြစ်သည်။ ဆူဒန်နှင့် တောင်ဆူဒန်သမ္မတတို့သည် ယာယီအုပ်ချုပ်ရေးနှင့် လုံခြုံရေးအစီအစဉ်များ (တီအေအက်စ်အေ) အကောင်အထည်ဖော်ရေးအဘိုင်အီ အပြီးသတ်နေအထား လက်ရှိသဘောတူညီချက်များ အကောင်အထည်ဖော်ရေးနှင့် အရှေ့နယ်စပ်နှင့်ဆိုင်သည့်ကိစ္စများ အပါအဝင်အကြောင်းအရာများစွာကို ဆွေးနွေးကြသည်။

နှစ်ရက်ကြာ ထိပ်သီးအစည်းအဝေးအတွင်း ဆူဒန်နှင့်တောင်ဆူဒန်သမ္မတနှစ်ဦးတို့ ဆွေးနွေးသည့်အကြောင်းအရာစုံနှင့် ပတ်သက်၍ အားရကျေနပ်ကြောင်းဖြင့် တောင်အာဖရိက သမ္မတဟောင်း အမ်ဘီကီနှင့် အီသီယိုးပီးယားဝန်ကြီးချုပ် ဟေလီမာရီယမ်တို့နှစ်ဦးစလုံးက သတင်းထောက်များအား ထုတ်ဖော်ပြောကြားသည်။

လက်ရှိသဘောတူညီချက်များ အကောင်အထည်ဖော်ရန် လုပ်ငန်းကွန်ရက်တစ်ခု ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၃ ရက်အမီ အဆင်သင့်ဖြစ်သင့်ကြောင်းဖြင့်လည်း မစ္စတာအမ်ဘီကီက ပြောကြားသည်။ ယာယီအုပ်ချုပ်ရေးနှင့် လုံခြုံရေးအစီအစဉ်များ (တီအေအက်စ်အေ) အကောင်အထည်ဖော်ရေးတွင် အာဖရိကသမဂ္ဂအဆင့်မြင့် အကောင်အထည်ဖော်ရေးအဖွဲ့ (အေယူအိတ်ချ်အိုင်ပီ)က အဘိုင်အီ ပူးတွဲကြီးကြပ်ရေးကော်မတီကို ချက်ချင်း အကြံဉာဏ်ပေးရမည်ဖြစ်သည်ဟုလည်း မစ္စတာ အမ်ဘီကီက ထည့်သွင်းပြောကြားသည်။

အဘိုင်အီဒေသကောင်စီနှင့် လက်ရှိသဘောတူညီချက်များ အကောင်အထည်ဖော်ရေးအတွက် လုပ်ငန်းစဉ်များရေးဆွဲပြီးလျှင် အဘိုင်အီ အပြီးသတ်အနေအထားကို ပြဋ္ဌာန်းရန် သမ္မတနှစ်ဦးတို့ တွေ့ဆုံဆွေးနွေးကြဦးမည်ဖြစ်သည်။ ထို့ပြင် အဘိုင်အီဒေသ ပြည်သူ့ဆန္ဒခံယူပွဲကော်မရှင်ဖွဲ့စည်းရန် သမ္မတနှစ်ဦးတို့ တွေ့ဆုံဆွေးနွေးကြဦးမည်ဟုလည်း မျှော်မှန်းထားသည်။

တကယ်တော့ ဆူဒန်နှင့် တောင်ဆူဒန်သမ္မတတို့သည် ပြီးခဲ့သည့်နှစ် စက်တင်ဘာအတွင်းကရရှိသည့် ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက် အကောင်အထည်ဖော်ရန် ယခုအခါ အချိန်ဇယားများပင် သတ်မှတ်ထားပြီးဖြစ်သည်။ တစ်ချိန်တည်းတွင် အဘိုင်အီဒေသ၌ အရပ်ဘက်အဖွဲ့အစည်းများ ထူထောင်ရေး အမြန်အကောင်အထည်ဖော်ရန် နှစ်ဖက်စလုံးက သဘောတူထားပြီးဖြစ်သည်။

ထို့ကြောင့်ပင် အီသီယိုးပီးယားနိုင်ငံမြို့တော် အဒစ်အဘာဘာ၌ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၅ ရက် (စနေနေ့)က ပြီးဆုံးသည့် ဆူဒန်နှင့် တောင်ဆူဒန် သမ္မတနှစ်ဦး၏ နှစ်ရက်ကြာ ထိပ်သီးအစည်းအဝေးရလဒ်ကို အာဖရိကသမဂ္ဂ(အေယူ)က နောက်တစ်နေ့တွင် ကြိုဆိုလိုက်ခြင်းဖြစ်သည်။

ဆူဒန်နှင့် တောင်ဆူဒန်အကြား အပြန်အလှန်ယုံကြည်မှုမြှင့်တင်ရေး၊ တူညီသောအကျိုးစီးပွားအတွက် လက်တွဲဆောင်ရွက်ရန် အမြင်များကျယ်ပြန့်ရေးတို့နှင့်ဆက်စပ်စဉ်းစားလျှင် အဘိုင်အီဒေသနှင့်လည်းကောင်း၊ ၂၀၁၂ ခုနှစ် စက်တင်ဘာ ၂၇ ရက်က ရရှိသည့် သမိုင်းဝင်သဘောတူညီချက်များ အကောင်အထည်ဖော်ရေးနှင့်လည်းပတ်သက်၍ နှစ်ရက်ကြာထိပ်သီးအစည်းအဝေးအတွင်းရရှိသည့် နှစ်ဖက်သဘောတူခြေလှမ်းများမှာ လွန်စွာအရေးပါကြောင်း အာဖရိကသမဂ္ဂ (အေယူ) ကော်မရှင်ဥက္ကဋ္ဌ ဒီလာမိနီဇူးမားက ချီးကျူးပြောဆိုသည်။

နှစ်နိုင်ငံနှင့် နှစ်နိုင်ငံ ပြည်သူများ ဒေသတွင်းနှင့် အာဖရိကတိုက်၏ အကျိုးစီးပွားအတွက် နှစ်နိုင်ငံသမ္မတတို့သည် လိုအပ်သော အခြေအနေကိုထိန်းသိမ်းပြီး နိုင်ငံခေါင်းဆောင်ပီသမှုနှင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေး စိတ်ဓာတ်တို့ကို ဆက်လက်ပြသကိုင်စွဲသွားကြမည်ဟု ယုံကြည်ကြောင်း အေယူကော်မရှင် ဥက္ကဋ္ဌ ဒီလာမိနီဇူးမားက ပြောကြားလိုက်သည်။

မှန်ပါသည်။ အဘိုင်အီဒေသသည် ယခင်က ဆူဒန်နိုင်ငံ တောင်ပိုင်းနှင့် မြောက်ပိုင်းအကြားမှ ပြည်တွင်းရေးပြဿနာဖြစ်ခဲ့သော်လည်း ၂၀၁၁ ခုနှစ် ဇူလိုင်လတွင် တောင်ပိုင်းက တောင်ဆူဒန်နိုင်ငံအဖြစ် လွတ်လပ်ရေးရရှိလာသောအခါ ယင်းပြဿနာမှာ ထွန်းသစ်စ တောင်ဆူဒန်နိုင်ငံနှင့် ဆူဒန်နိုင်ငံတို့အကြား ကြီးမားသော နှစ်နိုင်ငံပြဿနာတစ်ခုဖြစ်လာသည်။

အလားတူပင် နှစ်နိုင်ငံအကြား ပြဿနာအမြောက်အမြား ဖြေရှင်းရန်ရှိနေသဖြင့်လည်း နိုင်ငံတကာက အိမ်နီးချင်းနှစ်နိုင်ငံ ပြဿနာများ ငြိမ်းချမ်းစွာ ဖြေရှင်းလိုကြခြင်းဖြစ်သည်။

ထို့ကြောင့်ပင် ဤနှစ်နိုင်ငံနှင့် ပြည်သူများအကြား အိမ်နီးချင်းကောင်း ညီအစ်ကိုဆက်ဆံရေးတည်ဆောက်ရန် အတတ်နိုင်ဆုံး ဆက်လက်ကူညီသွားမည်ဖြစ်ကြောင်း အာဖရိကသမဂ္ဂ (အေယူ)က သန္နိဋ္ဌာန်ချမှတ်ထားပြီးဖြစ်သည်။ ဤသည်မှာ ဒေသတွင်းနှင့် နိုင်ငံတကာတည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးကို အထောက်အကူဖြစ်စေမည် မဟုတ်ပါလား။ ။

ထီပေါက်သူ အဆိပ်ထိုးသတ်ခံရ

အမေရိကန်နိုင်ငံ ချီကာဂိုမြို့သားတစ်ဦးသည် ထီပေါက်ပြီးဆိုင်ယာနိုက် အဆိပ်ခတ်အသတ်ခံရ၍ သေဆုံးသွားခဲ့ကြောင်း စုံစမ်းစစ်ဆေးရေးမှူးများက ဇန်နဝါရီ ၈ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။ အသက် ၄၆ နှစ်ရှိသူ ရိုခန်းသည် အမေရိကန်ထီဆုလက်မှတ်တစ်စောင်မှ ဆုကြေးငွေကျပ် အမေရိကန်ဒေါ်လာ ၄၂၅၀၀၀ ပေါက်ပြီးနောက် အဆိပ်ထိုးအသတ်ခံရခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။ စတိုးဆိုင်ပိုင်ရှင်မစ္စတာခန်းသည် ထီလက်မှတ်ဝယ်ပြီး မကြာမီ ထီပေါက်သဖြင့် အီလီနွိုက်ထီရုံးသို့တင်ပြပြီး ဆုကြေး ငွေထုတ်ယူခဲ့သည်ဟုဆိုသည်။ ဆုကြေးထုတ်ပြီး မကြာမီ ဆိုင်ယာနိုက်အထိုးခံရ၍ သေဆုံးသွားခဲ့ရကြောင်းရဲတပ်ဖွဲ့က ပြောကြားသည်။

ဟွန်ဒူးရပ်စ်တွင် ရွှေသေနတ် သိမ်းဆည်းရမိ

ဟွန်ဒူးရပ်စ်ရဲတပ်ဖွဲ့က ရွှေပြားကွတ်ထားသည့် AK-47 မောင်းပြန် ရိုင်ဖယ်သေနတ်တစ်လက်ကို ဖမ်းဆီးရမိခဲ့ကြောင်း ဇန်နဝါရီ ၇ ရက်က ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

(အောက်ပုံ)

အဆိုပါရွှေသေနတ်သည် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၅၀၀၀၀ တန်ဖိုးရှိပြီး မူးယစ်ဆေးဝါးမှောင်ခိုများ ပိုင်ဆိုင်သော သေနတ်ဖြစ်လိမ့်မည်ဟု ရဲတပ်ဖွဲ့က ယုံကြည်ထားသည်။ ၎င်းရွှေသေနတ်ကို ဟွန်ဒူးရပ်စ်မြို့တော် တေဂူစီဂယ်ပါမှ ၁၈၆ မိုင်အကွာ နေအိမ်ခြံဝင်းတစ်ခုအတွင်း၌ လုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦးက စီးနင်းရှာဖွေမှုပြုလုပ်စဉ် သိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များက အခြားသောရိုင်ဖယ်သေနတ် ၃၀ ကိုပါ သိမ်းဆည်းရမိခဲ့သည်ဟုဆိုသည်။

မြင့်မောင်စိုး - စုစည်းသည်။

အဝလွန်သူများအသက်ရှည်သည်ဆိုခြင်း ပညာရှင်များအကြား အငြင်းပွားမှုဖြစ်ပွား

မောင်သံဆင့် - ရေးသည်။

အဆီပိုအဝလွန်မှုသည် အသက်ရှည်စေနိုင်ခြင်းအကြောင်း တစ်ပါးဖြစ်သည်ဟုဆိုသော သုတေသနတွေ့ရှိချက်ဆောင်းပါးသည် အဝလွန်မှုဆိုင်ရာ ဆေးပညာရှင်များလောက၌ ဝေဖန်အငြင်းပွားမှုများ ဖြစ်ပွားလျက်ရှိသည်။

အလွန်စိတ်ပျက်ဖွယ်ကောင်းသည့် ဆေးပညာသတင်းစကားဟူ၍ ပါရဂူတချို့ကဝေဖန်ကြပြီး တချို့သောပညာရှင်များက အလဟဿဖြစ်သည့် တွေ့ရှိချက်များဟု အဆိုပါသုတေသနပြုချက်အပေါ် အပြစ်တင်သည်။

အဝလွန်သူများသည် ပုံမှန်ကိုယ်အလေးချိန်ရှိသူများထက် အချိန်မတိုင်မီ သေဆုံးကြခြင်းနည်းပါးကြောင်း၊ ခန္ဓာကိုယ် ပိန်လှီသူများနှင့် အနည်းငယ်ပြည့်ဖြိုးသူများသည် လူ့သက်တမ်းပိုတိုကြောင်း အမေရိကန်ကျန်းမာရေး စာရင်းအင်းဆိုင်ရာနေရှင်နယ်စင်တာမှ သုတေသနပညာရှင်များက အမေရိကန်ဆေး ပညာအသင်းဂျာနယ်တွင် ရေးသားဖော်ပြခဲ့သည်။ လူတစ်ဦး၏ အရပ်အမောင်းနှင့် ကိုယ်အလေးချိန်အားဖြင့် အဝလွန်မှုတိုင်းတာခြင်း Body Mass Index(BMI) ခေါ် ခန္ဓာကိုယ်ထည်ညွှန်းကိန်းနှင့် သေဆုံးနှုန်းကိုသုတေသနအဖွဲ့က နှိုင်းယှဉ်သုတေသနပြုခဲ့ကြသည်။ လူပေါင်း ၂ ဒသမ ၉ သန်းဖြင့် သုတေသနပေါင်း ၉၇ ကြိမ်လေ့လာပြုစုခဲ့သည်ဟု ဆိုသည်။

ကျန်းမာသည့် ပုံမှန်ခန္ဓာကိုယ်ထည်ညွှန်းကိန်း(BMI)ကို ၁၈ ဒသမ ၅ နှင့် ၂၅ ကြားသတ်မှတ်ပြီး အဝလွန်သူများ BMIကို ၂၅ နှင့် ၃၀ ကြား ထည့်သွင်းသတ်မှတ်သည်။ ထိုခန္ဓာကိုယ်ထည်ညွှန်းကိန်းနှင့် သေဆုံးနှုန်းတို့ကို နှိုင်းယှဉ်လေ့လာပြီးအဝလွန်သူများသည် ခန္ဓာကိုယ်ပုံမှန်ရှိသူများထက် အချိန်မတိုင်မီ သေဆုံးမှု ခြောက်ရာခိုင်နှုန်းလျော့နည်းသည်ဟု ရေးသားခဲ့ခြင်းဖြစ်သည်။ ထို့ပြင် BMI ၃၀ နှင့် ၃၅ ကြားရှိ အလွန်အဝလွန်သူများသည် ပုံမှန် BMI ရှိသူများထက် အချိန်မတိုင်မီ ကွယ်လွန်မှုပိုများခြင်းမရှိကြောင်း၊ သက်တမ်းမစေ့မီ ကွယ်လွန်သည့်နှုန်း လျော့နည်းခြင်းနှင့် အဝလွန်မှုတို့သည် ဆက်စပ်နှီးနွယ်လျက်ရှိကြောင်း ၎င်းတို့ သုတေသနအဖွဲ့က ပြောကြားသည်။ အဆိုပါ ဆေးပညာဆောင်းပါးအပေါ် ရူပဗေဒပညာရှင်များ ရှိုင်ရယ်ကောလိပ်က ပြန်လည်သုံးသပ်ပြီး ဝေဖန်ခဲ့သည်။ “အသက် ၁၀၀ နေထိုင်သွားတဲ့ အဝလွန်သူကို တွေ့ရှိဖူးလားမေးရင် အားလုံးပြန်ဖြေမှာက မတွေ့ရှိဖူးဘူး ဆိုတာဘဲဖြစ်မှာပါ။ ဒီသုတေသနဖော်ပြချက်မှာ ထောက်ပြစရာဟာကွက်တွေ အများကြီးပါ။ ရောဂါဖြစ်ပွားမှုနဲ့ ကျန်းမာရေးပြဿနာစတဲ့ ရှုထောင့်စုံမှ သုတေသနများ ပြုလုပ်ရမှာပါ”ဟု ကောလိပ်မှ ဒုတိယ ဥက္ကဋ္ဌဖြစ်သူ ပါမောက္ခဂျွန်ဝက်စ်က ပြောကြားခဲ့သည်။

ပြည်တွင်းသတင်း

နိုင်ငံတော်အရန်ဆန် ဝယ်ယူမည်ဆို၍ ရန်ကုန် ကုန်စည်ဒိုင်ဈေးကွက်တွင် ဆန်ဈေး အနည်းငယ်ပြန်မြင့်တက်လာ

ရန်ကုန် ဇန်နဝါရီ ၈

ယခုရက်ပိုင်းအတွင်း စပါးဈေးများ ကျဆင်းမှုနှင့်အတူ ဆန်ဈေးများလည်း ကျဆင်းနေကြောင်းကို နေ့စဉ်ထုတ် သတင်းစာများတွင် ရေးသားဖော်ပြသည်ကို တွေ့ရသည်။ ဇန်နဝါရီ ၇ ရက်က ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဝါးတန်းလမ်းရှိ မြန်မာနိုင်ငံ ဆန်စပါး ကုန်သည်များအသင်း ဆန်စပါး ကုန်စည်ဒိုင်သို့ ရောက်ရှိခဲ့သည်။ ကုန်သည်များ၊ ပွဲစားများ၊ ဆန်စက်ပိုင်ရှင်များ၊ ရောင်းသူနှင့် ဝယ်ယူတို့က ဈေးကွက်စီးပွားရေးစနစ်အရ တိုက်ရိုက်တွေ့ဆုံပြီး ဆန်နမူနာများ ကြည့်ရှုကာ ဈေးညှိနှိုင်းရောင်းဝယ်လျက်ရှိသည်ကို စည်စည်ကားကား မြင်တွေ့ရ၏ **(ယာပုံ)**၊ ကျုံမငေး မြို့မှ ယဉ်မင်းအောင် နှစ်ထပ်သဘော်ကြီး ဖြင့် တင်ဆောင်လာသော ဆန်အိတ်ရေ ၃၀၀၀ ကျော်ကို ကိုင်းတန်းအမှတ် (၂) ဘောတံတားတွင် လုပ်သားများ ဆိပ်ကမ်း သို့ သယ်ချနေသည်ကို တွေ့မြင်ရသည်။

ကုန်စည်ဒိုင်၏ တွဲဖက်အတွင်းရေးမှူး ဦးတင်ဦးနှင့် တွေ့ဆုံရာ “၂၀၁၂ ခုနှစ် ဒီဇင်ဘာလလောက်ကစပြီး စပါးဈေးကျလာသလို ဈေးတွေလည်း လိုက်ကျလာပါတယ်။ ကုန်စည်ဒိုင်ကိုလည်း ဆန်အဝင်နည်းနည်း လျော့လာပါတယ်။ အရင်ဈေးတော့ မမီသေးဘူးပေါ့။ ဝယ်သူတောင်းဆိုမှု ရှိလာရင် ဈေးမြင့်လာတာ သဘာဝပါပဲ။ နိုင်ငံတော်အရန် ဆန်ဝယ်ယူရေးက ဒုတိယအကြိမ် ပြည်ပတင်ပို့အဆင့်မီ ဧည့်မထ-၂၅ မှတ် ဆန်ထပ်ဝယ်မယ်ဆိုတဲ့ ကြေညာချက်ကြောင့်လည်း ဆန်ဈေးနည်းနည်းမြင့်လာတာ တစ်စိတ်တစ်ပိုင်းပါတယ်” ဟု ရှင်းပြသည်။

အောင်သန်း(မင်္ဂလာတောင်ညွန့်)

မြန်မာ-ထိုင်း စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၈

ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ပို့ကုန်မြှင့်တင်ရေးဌာန (DITP) က ကြီးမှူး၍ ဇန်နဝါရီ ၁၁ ရက် (သောကြာနေ့) နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ရန်ကုန်မြို့ အလုံလမ်းရှိ ဆန်းမစ်ပတ်ဗျူးဟိုတယ်၌ ထိုင်း-မြန်မာ စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပမည်ဖြစ်သည်။

ဖိတ်ကြားထား

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် ရှူးဖိနပ်၊ သားရေအိတ်၊ အမျိုးသား အမျိုးသမီး၊ ကလေးဝတ်အထည်များ၊ ဖက်ရှင်အထည်များနှင့်စပ်လျဉ်း၍ မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။

(အောင်သူရ)

အလိမ္မာစာမှာရှိ

ဇန်နဝါရီ ဒုတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်သည်။

မိုးရွာရက်

ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နှစ်ရက်မှ သုံးရက်ခန့် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

ညအပူချိန်

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်တို့အောက် အနည်းငယ်လျော့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိမည်။

မြူအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ငါးရက်မှ ခုနစ်ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နှစ်ရက်မှ လေးရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ကသာမြို့၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ၁၅ စင်တီမီတာ(ပေဝက်ခန့်)နှင့် ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၃၀ စင်တီမီတာ(တစ်ပေခန့်) လက်ရှိရေမှတ်များ၏အောက် ကျဆင်းနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၁၅ စင်တီမီတာ(ပေဝက်ခန့်) လက်ရှိရေမှတ်များ၏အောက် ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက် တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်

ယနေ့နံနက် ၉ နာရီခွဲ တိုင်းထွာချက်အရ လွန်ခဲ့သော ၂၄ နာရီအတွင်းက ချင်းပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူအချိန်များမှာ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်ဂရိတ်အထိ ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် ညအပူအချိန်များမှာ နမ့်စန်မြို့နှင့် ဟဲဟိုးမြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီ၊ ကသာမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့ မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယသမုဒ္ဒရာတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ထူးခြားသည့်အခြေအနေမှာ ယနေ့ မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းဆိုနာမူ (SONAMU) သည် အပူပိုင်းမုန်တိုင်းငယ်အဖြစ်သို့ အားပျော့သွားပြီး ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၏ အရှေ့တောင်ဘက်မိုင် ၃၈၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ မုန်တိုင်းငယ်သည် အရှေ့တောင်ဘက်သို့ ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

နေပြည်တော်နှင့်မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

လိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

ငွေလှရတနာအဘိဓမ္မာ-သင်တန်းမှူးဆရာမဒေါ်ခင်သန္တာဦး လူမှုထူးချွန်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၃)ဖြင့် **သဒ္ဓမ္မဇောတိကဓဇဘွဲ့**ကို ထိုက်တန်စွာချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် လိုက်လှဲစွာဝမ်းမြောက် ဂုဏ်ယူလျက်ရှိကြပါသည်။

ကျောက်ဆည်မဇ္ဈိမ္မာရုံအဘိဓမ္မာ၊ ပဋ္ဌာန်းသင်တန်းသား၊ သင်တန်းသူများနှင့် တောင်ဒဂုံနိကာယ်စာသင်တိုက် သင်တန်းသား၊ သင်တန်းသူများ

ဟာရိတာ၏ စာအုပ်လောက (၈-၁-၂၀၁၃)

ပန်းရွှေပြည် ၁၀ စောင်တွဲ

စီစဉ်သူ-ကိုရွှေသိမ်းမင်း
စာအုပ်တိုက်-ပန်းရွှေပြည်
ဖုန်း-၀၉-၅၁၈၁၇၁၅၊ တန်ဖိုး-ကျပ် ၂၀၀၀

မြန်မာစာရေးဆရာကြီးများဖြစ်ကြသော ဦးညွန့်မောင်(UCL)၊ ဒဂုန်နတ်ရှင်၊ ဦးအေးချို(မဟာဝိဇ္ဇာ)တို့၏ ရှေးခေတ်ဘုန်းတော်ကြီးကျောင်း ယဉ်ကျေးမှု၊ ရှေးခေတ်ပညာသင်ကြားပုံ တစေ့တစောင်း၊ ၁၀ စောင်တွဲများအခြေခံစသည့် ဆောင်းပါးများနှင့် မင်္ဂလသုတ်၊ အောင်ခြင်း ရှစ်ပါး၊ ရတနာရွှေချိုင့်၊ နမက္ကာရ၊ လောကနီတိ၊ ပရိတ်ကြီး ၁၁ သုတ်၊ ဆုံးမစာများကို စုစည်းဖော်ပြထားသည့် ၁၀ စောင်တွဲများသည် မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့လူမှုကိုယ်ကျင့်တရား၊ မြန်မာမှုတန်ဖိုးတို့၏ အခြေခံစာများပင်ဖြစ်သည်။

ဆန်ရေနှလုံးသားပိုင်ဆိုင်သူများ

စာရေးသူ-အေးချမ်းမင်း
စာပေတိုက်ပညာရှင် ဖုန်း-၀၁-၈၆၁၀၁၆၂
တန်ဖိုး-ကျပ် ၁၅၀၀

မိဘတို့၏ နှလုံးသားမှ မေတ္တာစကားများ၊ မိဘကျေးဇူးကို အောက်မေ့ပြီး ကရုဏာနှလုံးသားဖြင့် လက်တွေ့ပြန်လည်ပေးဆပ်ကြသော သားသမီးများ၊ မိအိုဖအိုတို့ကို ပြုစုရာတွင် ကြုံတွေ့နိုင်သည့် အခက်အခဲမှန်သမျှကို ကျော်လွှားနိုင်ရန် နှလုံးသွင်းရမည့် စိတ်ထားနှင့် ပြုစုစောင့်ရှောက်ပုံအကြောင်းတို့ကို ဖော်ပြထားသည်။

ကြက်သွန်ဖြူ၏ အံ့ဖွယ်ဆေးဖက်ဝင် စွမ်းအားများ

စာရေးသူ-ဟိန်း(ဘူမိ)
စာအုပ်တိုက်-မဇ္ဈိမစာပေ
ဖုန်း- ၀၁-၃၉၂၈၃၅ တန်ဖိုး-ကျပ် ၁၀၀၀

ကြက်သွန်ဖြူကို ချက်ပြုတ်စားသောက်ပုံ၊ ဆေးဖက်ဝင်ပုံ၊ သမိုင်းကြောင်းအာဟာရသတ္တိ၊ အဓိကရောဂါကြီးခုနစ်ခုကို ဟန့်တားရာတွင် ကောင်းကျိုးရလဒ်ရရှိစေမှု၊ အေအိုင်ဒီအက်စ်နှင့် ကြက်သွန်ဖြူ သုတေသန၊ ကြက်သွန်ဖြူနှင့် နှလုံးရောဂါစသည့် အကြောင်းအရာများပါဝင်ပြီး လူတိုင်းလွယ်လင့်တကူအသုံးပြုနိုင်ရန် ရေးသားထားသည်။



လွယ်ကူထိရောက်သော မြန်မာ့လက်ဆန်းယတြာများ

စာရေးသူ-ဆရာရန်အောင်ဟိန်း (B.Sc)
စာအုပ်တိုက်-မဇ္ဈိမစာပေ၊ ဖုန်း-၀၁-၃၉၂၈၃၅
တန်ဖိုး-ကျပ် ၁၅၀၀

လူ့သဘာဝဖြစ်ရပ် အထွေထွေတို့ကို သုံးသပ်ဟောပြောရသော အဟောပိုင်းအပြင် ကိန်းခန်းအရ အညံ့ကိန်းများ ပြေပျောက်လျော့ပါးသွားစေရန် ယတြာစီမံခြင်းပညာတို့ ပါဝင်သည့် စာအုပ်ဖြစ်သည်။ တွက်ချက်မှုမရှုပ်ထွေး၊ မခက်ခဲဘဲ မိမိကိုယ်တိုင်လွယ်လင့်တကူ စာအုပ်ဖတ်ရုံနှင့် အသုံးပြုနိုင်မည်ဖြစ်သည်။ စာအုပ်တွင် နေ့သားအလိုက် အဆောင်လက်စွပ်စီရင်နည်း၊ အညံ့များ ပြေပျောက်စေရန် ဓာတ်ယတြာပြုနည်း၊ အစဉ်အမြဲ လာဘ်ရွှင်စေရန်ပြုလုပ်နည်း၊ ပြန်လည်ဆန်းသစ် ချစ်ခင်စေသော ပန်းမွှေ့ရာခင်းနည်း၊ သပိတ်ဝင်အိတ်ဝင်ယတြာ၊ အိမ်အတွက်ယတြာသစ်ပင်စိုက်နည်း၊ ပစ္စည်းပျောက်လျှင်ဓာတ်ရိုက်နည်း၊ ကြီးပွားလိုသူများအတွက် အဆောင်ကျောက်ရွေးနည်း စသည်တို့ ပါဝင်သည်။

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၆၅)ဖြန့်ချိ

စာအုပ်တိုက်-နိုင်ငံ့ဂုဏ်ရည်စာပေတိုက်
ဖြန့်ချိ-အမှတ် ၅၂၉၊ ကုန်သည်လမ်း၊
ဖုန်း-၀၉-၇၃၂၀၁၉၁၁

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်ထုတ်ဝေသည့် နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းအမှတ်(၁၆၅)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။ မြင်းမူမောင်နိုင်မိုး၊ မြတ်ဘုန်း(တပ်ကုန်း)၊ ခင်ဖုန်းကြည်(မိုင်းပွန်)၊ ဆန်းလွင် (မြန်မာစာ)၊ မောင်နှစ်သိမ့်(တောင်ကုတ်)၊ မောင်လွမ်းနိုင်(စံပယ်ငုံ)၊ မင်းသန်းဦး (တောင်ကြီး)၊ ကျော့ဝင်း(မိုးညှင်း)၊ တွန်းအားရှင်၊ မင်းသွေးနွယ်(ဇီးကုန်း)၊ ကိုချိုစံတို့၏ အဖွင့်ကဗျာများ မြင့်သိန်းအောင်၊ ချစ်နိုင်(စိတ်ပညာ)၊ ဇွဲသန်းသျှင်း(သုံးဆယ်)၊ မဟာသဒ္ဓမ္မဇောတိကဓဇ စည်သူဒေါက်တာခင်မောင်ညွန့်တို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်နှင့် ဘာသာပြန်ဝတ္ထုများ၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ ကဗျာပန်းရုံရိပ်၊ စိတ်၏စေရာကဗျာများ၊ မှတ်သားစရာသတ်ပုံကဗျာ၊ ရသစာနုခံစားမှု၊ တောဓလေ့စာပန်းချီ၊ ရုပ်ရှင်ဗီဒီယိုကဏ္ဍ၊ ဗုဒ္ဓစာဥယျာဉ်၊ ကာတွန်းကဏ္ဍတို့နှင့် ဖတ်ရှုချင်စဖွယ် ရသစုံလင်စွာဖြင့် ထုတ်ဝေဖြန့်ချိလိုက်သည်။

မီးဖိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ

ဘဏ္ဍာရေးချောက်ကမ်းပါး (သို့) ဘဏ္ဍာရေးဥပဒေတို့၏ ကျပ်ခဲခြင်း

ဒေါက်တာမောင်မောင်သိမ်း

သမ္မတအိုဘားမားရဲ့ အကြီးမားဆုံးပြဿနာ

အမေရိကန်သမ္မတအိုဘားမား ဒုတိယအကြိမ် ပြန်လည်ရွေးချယ်ခံရပြီးနောက်မှာ သမ္မတအိုဘားမားရင်ဆိုင်ရမယ့် ပြဿနာကြီးလေးခုရှိတယ်လို့ ဆိုကြပါတယ်။

(၁) ဘဏ္ဍာရေးချောက်ကမ်းပါး
(၂) ရာသီဥတုပြောင်းလဲမှု
(၃) လူဝင်မှုကြီးကြပ်ရေးနဲ့
(၄) နိုင်ငံခြားရေးမူဝါဒတို့ ဖြစ်ကြပါတယ်။

ဒီပြဿနာကြီးလေးခုမှာ ရှေ့ဆုံးကရှိနေတဲ့ ဘဏ္ဍာရေးချောက်ကမ်းပါး (Fiscal Cliff) ဆိုတာဟာ အသံအကျယ်လောင်ဆုံးမြည်ဟည်းနေတဲ့ ပြဿနာပါပဲ။ ဘဏ္ဍာရေးချောက်ကမ်းပါးဆိုတာက နာမည်ကြားရုံနဲ့ ကြောက်စရာပါပဲ။ နိုင်ငံကို ဘဏ္ဍာရေးချောက်ထဲကျစေတဲ့အထိ ဆိုးရွားသွားနိုင်တယ်လို့ အလိုလိုပေါ်လွင်နေပါတယ်။ ဒီကြောက်စရာအသုံးအနှုန်းကို သုံးစွဲခဲ့တဲ့သူကတော့ အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ် (U.S Federal Reserve)ရဲ့ ဥက္ကဋ္ဌဖြစ်တဲ့ ဘာနန်ကေး (Bernanke)ဖြစ်ပါတယ်။ ယခုနှစ် ၂၀၁၂ ဖေဖော်ဝါရီလနှောင်းပိုင်းမှ စသုံးခဲ့တာဖြစ်ပါတယ်။ လွှတ်တော်ဘဏ္ဍာရေးဝန်ဆောင်မှုများကော်မတီရှေ့မှာ ဘာနန်ကေးက ထုထည်ကြီးမားတဲ့ အသုံးစရိတ်ဖြတ်တောက်မှုနဲ့ အခွန်တိုးမြှင့်ကောက်ခံခြင်းဆိုတဲ့ ဘဏ္ဍာရေးချောက်ကမ်းပါးကို ၂၀၁၃ ဇန်နဝါရီမှာ ကြုံတွေ့ရမယ်လို့ ပြောခဲ့ခြင်းဖြစ်ပါတယ်။

ဘဏ္ဍာရေးချောက်ကမ်းပါး

ဒါပေမယ့် ဒီအသုံးအနှုန်းကို ပထမဦးဆုံးသုံးနှုန်းသူကတော့ ဂိုလ်မင်းဆက် (Goldman Sachs)ရဲ့ စီးပွားရေးပညာရှင် အက်လက်ဖိလစ် (Alec Phillips) ဖြစ်ပြီး သူရေးသားခဲ့တဲ့ အစီရင်ခံစာတစ်စောင်ရဲ့အမည် (Super Committee and the Fiscal Cliff)မှာ စသုံးခဲ့တာပါ။ ဘာနန်ကေးရဲ့ပြောဆိုချက်အရဆိုရင်တော့ ဘဏ္ဍာရေးချောက်ကမ်းပါးဆိုတာဟာ ထုထည်ပမာဏကြီးမားလှတဲ့ အသုံးစရိတ်ဖြတ်တောက်ခြင်းနဲ့ အခွန်တိုးမြှင့်ကောက်ခံခြင်းကို ခေါ်တယ်ဆိုတာ သိရပါတယ်။ အသုံးစရိတ်ဖြတ်တောက်ခြင်းနဲ့ အခွန်တိုးမြှင့်ကောက်ခံခြင်းဟာ မကောင်းဘူးလား။ ဘတ်ဂျက်လိုငွေကို လျော့မသွားစေဘူးလားဆိုတဲ့ မေးခွန်းတွေပေါ်လာပါတယ်။ ဘတ်ဂျက်လိုငွေကို လျော့သွားစေတာဟာ ယေဘုယျအနေနဲ့ကတော့ ကောင်းပါတယ်။ ဒါပေမယ့် ဘတ်ဂျက်လိုငွေကို ရုတ်တရက်ကြီး အကြီးအကျယ်လျော့သွားစေရင်တော့ မကောင်းပါဘူး။ စီးပွားရေးမှာ Recession ဖြစ်နိုင်တယ်လို့ အမေရိကန်ကွန်ဂရက်ရဲ့ ဘတ်ဂျက်ရုံးက ဆိုပါတယ်။ အသုံးအစွဲလျှော့ခြင်းနဲ့ အခွန်တိုးကောက်ခံခြင်းကို တစ်ပြိုင်တည်းလုပ်ရင် ဘတ်ဂျက်လိုငွေပြမှုဟာ နှစ်ဆလျော့ကျသွားမယ်။ အမေရိကန်ဒေါ်လာ ဘီလီယံပေါင်း ၅၆၀ လျော့ကျသွားမယ်။ ၂၀၁၃ ရဲ့ ဂျီဒီပီကို ၄ရာခိုင်နှုန်း လျော့သွားစေမယ်။ အဲလိုလျော့သွားရင် စီးပွားရေးတိုးတက်မှုမရှိဘဲ Recession ဖြစ်သွားမယ်။ တစ်ချိန်တည်းမှာ လူပေါင်းနှစ်သန်းနီးပါးအလုပ်လက်မဲ့ဖြစ်သွားပြီး အလုပ်လက်မဲ့ရာနှုန်းဟာ ရာနှုန်းပြည့် ဖြစ်သွားမယ်လို့ ပညာရှင်တို့က ဆိုကြပါတယ်။ ယခုနှစ် မေလ ၁၆ ရက်ထုတ် ဝေါလ်စတြိဂျာနယ် (Wall Street Journal) ရဲ့ ဆောင်းပါးတစ်ပုဒ်မှာ ဘဏ္ဍာရေးချောက်ကမ်းပါးရဲ့ သက်ရောက်မှု (Impact) ကို အမေရိကန်ဒေါ်လာနဲ့ တွက်ပြထားပါတယ်။

“ဂျေပီမော်ဂန်ရဲ့ စီးပွားရေးပညာရှင်မိုက်ကယ်ဖာရိုလီရဲ့ အလိုအရ အမေရိကန်ဒေါ်လာ ၂၈၀ ဘီလီယံလောက်ဟာ သမ္မတဘွတ်ရှ်ရဲ့ အခွန်ဖြတ်တောက်မှုပြီးဆုံးသွားလို့ (အခွန်ကို ဖြတ်မပေးတော့ဘဲ နဂိုအတိုင်း ပြန်ကောက်မှာမို့လို့) စီးပွားရေးနယ်ပယ်ထဲကနေ ဆွဲထုတ်ခံရလိမ့်မယ်။ အမေရိကန် ဒေါ်လာ ၁၂၅ သန်းလောက်ဟာ သမ္မတအိုဘားမားရဲ့ လစာအပေါ် အခွန်ကောက်ခံမှုရပ်နားချိန် (Payroll-tax holiday) ပြီးဆုံးသွားလို့ (လစာအပေါ် အခွန်ကို ရပ်ထားရာက ပြန်စကောက်လို့) စီးပွားရေးထဲက ထွက်သွားမယ်။ အမေရိကန်ဒေါ်လာသန်း ၄၀ လောက်ကတော့ အရေးပေါ်အလုပ်လက်မဲ့ အကျိုးခံစားခွင့် (Emergency Unemployment Benefit) သက်တမ်းကုန်ဆုံးသွားလို့ အမေရိကန်ဒေါ်လာ ၉၈ ဘီလီယံဟာ ဘတ်ဂျက်ထိန်းချုပ်မှု အက်ဥပဒေအရ အသုံးစရိတ်တွေဖြတ်လို့ စီးပွားရေးထဲက ထွက်သွားမယ်။ အခွန်တိုးကောက်တာရော အသုံးစရိတ်ဖြတ်တာရော စုစုပေါင်းဟာ ဂျီဒီပီရဲ့ ၃ ဒသမ ၅ ရာခိုင်နှုန်းလောက်ရှိမယ်” လို့ ဆိုပါတယ်။ ဒါကိုရှင်းအောင် အောက်ပါဇယားလေးနဲ့ ပြကြည့်ရအောင်

စီးပွားရေးနယ်ပယ်ထဲမှ ထွက်သွားမည့်ငွေပမာဏ

၁။	အခွန်တိုးကောက်ငွေ(သမ္မတဘွတ်ရှ်)	အမေရိကန်ဒေါ်လာ ၂၈၀ဘီလီယံ
၂။	သမ္မတအိုဘားမားလစာအပေါ် အခွန်တိုးကောက်ငွေ	အမေရိကန်ဒေါ်လာ ၁၂၅ သန်း
၃။	သက်သာမည့်ငွေ (အရေးပေါ် အလုပ်လက်မဲ့ခံစားခွင့်မပေးတော့၍)	အမေရိကန်ဒေါ်လာ သန်း၄၀
၄။	ဘတ်ဂျက်ထိန်းချုပ်မှု အက်ဥပဒေအရ အလိုလိုဖြတ်မည့်ငွေ	အမေရိကန်ဒေါ်လာ ၉၈ ဘီလီယံ

အမေရိကန်နိုင်ငံရဲ့ စီးပွားရေး ပြန်လည်ပြေလည်လာမှုဟာ အကွဲအအက်မခံနိုင်တဲ့ အခြေအနေနဲ့ အလုပ်လက်မဲ့ မြင့်တက်လာမှုအခြေအနေတို့ကြောင့် ဒီချောက်ချားမှု (Shock)မျိုးကို ရှောင်နိုင်တဲ့အနေအထားမရှိဘူးလို့ ဆိုကြပါတယ်။ ဒီဘဏ္ဍာရေးချောက်ကမ်းပါးဟာ ဘာကြောင့်ဖြစ်ပေါ်ရတာလဲဆိုရင်တော့ လက်သည်တရားခံဟာ ဘဏ္ဍာရေးဆိုင်ရာ ဥပဒေများပါပဲ။

ဘဏ္ဍာရေးဆိုင်ရာ ဥပဒေတို့ကျပ်ခဲခြင်း

ဘဏ္ဍာရေးဥပဒေများကို အလျဉ်းသင့်သလို ပြဋ္ဌာန်းခဲ့ရာမှ တစ်ချိန်မှာကျပ်ခဲသွားတဲ့ သဘောပါပဲ။ ဒါ့ကြောင့် စာရေးသူက “ဘဏ္ဍာရေးဥပဒေတို့၏ကျပ်ခဲခြင်း”လို့ ခေါင်းစဉ်တပ်ထားတာပါ။ ဘဏ္ဍာရေးဥပဒေတွေကို သူ့ဟာနဲ့သူ ပြဋ္ဌာန်းရာက တစ်နေရာမှာ တစ်ချိန်မှာ သွားစုပြုံကျပ်ခဲသွားတဲ့ သဘောပါ။ ဒါကို ရှင်းရှင်းလင်းလင်းသိရအောင်ကတော့ ပထမဆုံးက ဘယ်ဘဏ္ဍာရေးဥပဒေတွေ ပတ်သက်နေသလဲဆိုတဲ့ မေးခွန်းက စရမှာပဲ။ ပြီးတော့မှ ဒီဥပဒေတွေ ဘယ်လိုကျပ်ခဲကုန်သလဲဆိုတဲ့ မေးခွန်းနဲ့ ဒီကျပ်ခဲမှုကို ဘယ်လိုဖြေရှင်းကြမလဲဆိုတာတွေကို ဆက်ကြည့်ရမှာပါပဲ။ အဲတော့ ဘယ်လိုဘဏ္ဍာရေးဥပဒေတွေ ပတ်သက်နေသလဲဆိုတာကို အရင်ကြည့်မယ်။ တိုတိုရှင်းရှင်းပြောရရင်



အောက်ဖော်ပြပါ ဘဏ္ဍာရေးဥပဒေ(၅)မျိုးပတ်သက် သက်ဆိုင်နေပါတယ်။ ၎င်းတို့မှာ-

(၁) အခွန်သက်သာမှု၊ အလုပ်လက်မဲ့ အာမခံပြန်လည်အခွင့်ပြုရေးနှင့် အလုပ်အကိုင်ဖန်တီးရေး အက်ဥပဒေ ၂၀၁၀
Tax Relief, Unemployment Insurance Reauthorization, and Job Creation Act of 2010

(၂) ဘတ်ဂျက်ထိန်းချုပ်ရေး အက်ဥပဒေ ၂၀၁၁
Budget Control Act of 2011

(၃) လူလတ်တန်းစား အခွန်သက်သာခွင့်နှင့် အလုပ်အကိုင် ဖန်တီးရေး အက်ဥပဒေ ၂၀၁၂
Middle Class Tax Relief and Job Creation Act of 2012

(၄) လူနာအကာအကွယ်ပေးရေးနှင့် လက်လှမ်းမီသော စောင့်ရှောက်မှု အက်ဥပဒေ ၂၀၁၀
Patient Protection and Affordable Care Act

(၅) ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးပြန်လည်ညှိနှိုင်းရေး အက်ဥပဒေ ၂၀၁၀
Health Care and Education Reconciliation Act of 2010 တို့ ဖြစ်ပါတယ်။

သင်ခန်းစာနှစ်ခု

ဒီဥပဒေတွေမှာ အချို့ဥပဒေတွေက အခွန်တိုးကောက်ဖို့ဖြစ်ပြီး အချို့ဥပဒေတွေက အသုံးစရိတ်ဖြတ်ဖို့ဖြစ်ပါတယ်။ တိုက်ဆိုင်သွားတာက ဒီဥပဒေတွေ အလိုလိုအာဏာတည်မှာက ၂၀၁၃ ဇန်နဝါရီလဖြစ်နေတာပဲ။ မူလကတော့ ဒီဥပဒေတွေ တစ်ပြိုင်တည်း အာဏာတည်ဖို့မရည်ရွယ်ခဲ့ပါဘူး။ သူ့ဟာနဲ့သူ သီးခြားစီပြဋ္ဌာန်းရင်းကနေ တိုက်ဆိုင်ပြီး တစ်ချိန်တည်းမှာ အာဏာတည်ပြီး ကျပ်ခဲသွားတာပါပဲ။ သင်ခန်းစာကတော့ ဘဏ္ဍာရေးဥပဒေတွေပြဋ္ဌာန်းတဲ့အခါမှာ တစ်ခုချင်းကိုလည်း ကြည့်ဖို့လိုသလို တစ်ခုနဲ့တစ်ခုကို ညှိနှိုင်းပြီး ကြည့်ဖို့လည်းလိုတယ်။ သစ်ပင်တစ်ပင်ချင်းကို ကြည့်ဖို့လိုသလို ထိုသစ်ပင်များရဲ့ အပေါင်းအစုသစ်တောကြီးပေါ် သက်ရောက်မယ့် အကျိုးဆက်ကိုလည်း ကြည့်ဖို့လိုတယ်ဆိုတာပါပဲ။ နောက်ရတဲ့သင်ခန်းစာတစ်ခုကတော့ စီးပွားရေးနယ်ပယ်ထဲက ငွေတွေ ရုတ်တရက်အမြောက်အမြားထွက်သွားခြင်းဟာ စီးပွားရေးကို Recession ဖြစ်စေတယ်ဆိုတဲ့ အချက်ပါပဲ။ (ဒါကိုလည်း စီးပွားရေးပညာရှင်တိုင်း သိကြပါတယ်။) တစ်နည်းအားဖြင့် ဘတ်ဂျက်လိုငွေပျောက်အောင် အခွန်တိုးကောက်ခြင်း၊ အသုံးစရိတ်လျှော့ခြင်းတို့ကို တစ်အားကြီးမလုပ်သင့်ဘူးဆိုတဲ့ အချက်ပါပဲ။ ဒီလိုလုပ်တာဟာ ရေရှည်မှာတော့ အကျိုးရှိသွားနိုင်ပေမယ့် လတ်တလောအန္တရာယ်ရှိပါတယ်ဆိုတဲ့ သင်ခန်းစာပါပဲ။

ဘယ်လိုကုစားမလဲ

စီးပွားရေးပညာရှင်တွေက အမျိုးမျိုးပြောကြတာပဲ။ ပေါလ်ကရပ်မင်း (Paul Krugman)ဆိုတဲ့ စီးပွားရေး ပညာရှင်ကတော့ အမေရိကန်ဟာကာလတိုမှာ ဘတ်ဂျက်လိုငွေထက် အလုပ်အကိုင်အပေါ် အာရုံစိုက်သင့်တယ်လို့ ဆိုပါတယ်။ အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်ဥက္ကဋ္ဌ ဘာနန်ကေးကတော့ ဘတ်ဂျက်လိုငွေရေရှည်လျှော့ချမှုနဲ့ ကာလတိုမှာ စီးပွားရေးကို မနှောင့်နှေးစေတဲ့လုပ်ရပ်တွေကို ချိန်ညှိဖို့ အရေးကြီးတယ်တဲ့။ ချားလ်ကိုနစ်စ်ဘတ်ဂ် (Charles Kornigburg)က ဘတ်ဂျက်လိုငွေပြမှုကို ရုတ်တရက် မလျှော့ချဘဲ ရေရှည်လုပ်သင့်တယ်တဲ့။ စာရေးသူကတော့ စီးပွားရေးနယ်ပယ်ထဲက ငွေတွေ တစ်ပြိုင်တည်း ထွက်မသွားအောင် အခွန်တိုးတာရော အသုံးစရိတ်ဖြတ်တာရောကို တစ်ချိန်တည်းတစ်ပြိုင်တည်းမဖြစ်ဖို့ ဥပဒေပြင်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းစတဲ့ ဥပဒေရေးရာနည်းလမ်းတွေနဲ့ပဲ ကုစားသင့်တယ်လို့ ရိုးရိုးပဲထင်မိပါတယ်။ တစ်နည်းပြောရရင် ဥပဒေတွေကျပ်ခဲလို့ပေါ်ပေါက်ရတဲ့ ဘဏ္ဍာရေးချောက်ကမ်းပါးကို ဥပဒေတွေကျပ်ခဲမသွားအောင်လုပ်တဲ့နည်းနဲ့ပဲ ဖြေရှင်းလို့ရမယ်ထင်ပါတယ်။ ဘယ်လိုနည်းပဲသုံးသုံး အချိန်ကတော့ သိပ်မရှိတော့ပါဘူး။ သမ္မတခေါင်းဆောင်တဲ့အစိုးရအဖွဲ့နဲ့ လွှတ်တော်များ ဘယ်လိုဖြေရှင်းကြမလဲဆိုတာ စိတ်ဝင်စားစွာ စောင့်ကြည့်ရုံပါပဲ။ နိုင်ငံရေးလည်းပါနေတဲ့အတွက် ဖြေရှင်းနည်းတွေ့တာတောင် နိုင်ငံရေးပါတီတစ်ပါတီက လက်မခံဘဲ လွှတ်တော်မှာ အချေအတင်လုပ်ရင်လည်း ခက်ပြန်ပါရော။

ကံကောင်းသူကြီး

သမ္မတအိုဘားမားကိုတော့ ကံကောင်းသူလို့ဆိုကြပါတယ်။ သူ့အမည်မှာပါတဲ့ Barack ဆိုတဲ့ စကားကိုက “ကောင်းချီးပေးခံရသူ (Blessed)” လို့ အဓိပ္ပာယ်ရတယ်တဲ့၊ အမေရိကန်နိုင်ငံရဲ့ သမိုင်းကို ပြန်ကြည့်ရင် ၁၉၄၈ မှ ၂၀၀၈ ကာလ (နှစ်ပေါင်း ၆၀) အတွင်းမှာအလုပ်လက်မဲ့နှုန်းထား ၈ ရာခိုင်နှုန်းနဲ့အထက်ရှိခဲ့တဲ့ လပေါင်းဟာ ၃၉ လသာရှိပါတယ်။ သို့သော် အိုဘားမား ပထမအကြိမ် သမ္မတလုပ်ခဲ့တဲ့ လပေါင်း ၄၆ လမှာ ၄၃ လရဲ့ အလုပ်လက်မဲ့နှုန်းဟာ ၈ ရာခိုင်နှုန်းနဲ့ အထက်ရှိနေခဲ့တယ်တဲ့။ ဒီလောက်နှုန်းနဲ့ဆိုရင် ဘယ်သမ္မတမှ ဒုတိယအကြိမ် အရွေးခံရဖူးထုံးစံမရှိဘူး။ ဒီကြားထဲ လူလတ်တန်းစားစီးပွားရေးကျဆင်းတာတွေကလည်း ရှိနေပါတယ်။ သို့သော် အိုဘားမားတစ်ယောက် ပြစ်တင်ရှုတ်ချ (impeach) အလုပ်မခံရတဲ့အပြင် ပြန်တောင်အရွေးခံရသေးတယ်။ ကံကြမ္မာက စန်ဒီမုန်တိုင်းနဲ့ မနေနိုင် မထိုင်နိုင် ဝိုင်းကူပေးခဲ့သေးတယ်။ ဒီတော့ ဘဏ္ဍာရေးချောက်ကမ်းပါးကို ကံကောင်းသူကြီး သမ္မတအိုဘားမား ကျော်ဖြတ်နိုင်မှာပါ။ ဘယ်လိုကျော်လွှားမလဲဆိုတာကိုပဲ သည်းထိတ်ရင်ဖို ကြည့်ချင်ပွဲတစ်ခု ဘောဂဗေဒနဲ့နိုင်ငံရေးပညာရှင်တွေရဲ့ “စောင့်ကြည့်” ပါပဲ။ ။

ဘဏ္ဍာရေးဥပဒေတွေကို သူ့ဟာနဲ့သူ ပြဋ္ဌာန်းရာက တစ်နေရာမှာ တစ်ချိန်မှာ သွားစုပြုံကျပ်ခဲသွားတဲ့သဘောပါ။ ဒါကို ရှင်းရှင်းလင်းလင်းသိရအောင်ကတော့ ပထမဆုံးက ဘယ်ဘဏ္ဍာရေးဥပဒေတွေ ပတ်သက်နေသလဲဆိုတဲ့ မေးခွန်းက စရမှာပဲ။ ပြီးတော့မှ ဒီဥပဒေတွေ ဘယ်လိုကျပ်ခဲကုန်သလဲဆိုတဲ့ မေးခွန်းနဲ့ ဒီကျပ်ခဲမှုကို ဘယ်လိုဖြေရှင်းကြမလဲဆိုတာတွေကို ဆက်ကြည့်ရမှာပါပဲ။

အထူးလိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း

မိခင်သဖွယ် လေးစားချစ်မြတ်နိုးရသော အစ်မဒေါ်တင်တင်အေး(မန်နေဂျင်းဒါရိုက်တာ) အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၃) ဖြင့် သုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ကို ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ဘာသာ၊ သာသနာတော်အကျိုးများကို ဆက်လက်ထမ်းပိုး ရွက်ဆောင်နိုင်ပါစေကြောင်း ဆုတောင်းဂါရဝပြုလိုက်ပါသည်။

A♦T Electronic Centre
Aye & Thet Co.,Ltd
ဝန်ထမ်းများနှင့်ဝန်ထမ်းဟောင်းမိသားစုများ

ပြည်တွင်းသတင်း

❊ ရှေ့ဖုံးမှ

အနေဖြင့် ပွင့်ပွင့်လင်းလင်း မှန်မှန်ကန်ကန်ဖြင့် ထုတ်ဖော်တင်ပြသွားကြရန်ဖြစ်ကြောင်း၊ တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ တတ်စွမ်းသရွေ့ ညှိနှိုင်းကူညီဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တောင်ငူခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သက်က တောင်ငူခရိုင်၏ဒေသဆိုင်ရာ အချက်အလက်များအပေါ် အသေးစိတ် ရှင်းလင်းတင်ပြသည်။

ထို့နောက် ရေတာရှည်၊ တောင်ငူ၊ ထန်းတပင်၊ အုတ်တွင်း၊ ဖြူးနှင့် ကျောက်ကြီးမြို့နယ်များမှ မြို့မိမြို့ဖများက မိမိတို့ဒေသအလိုက် လိုအပ်ချက်များရှိနေသည့် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍရပ်များအပေါ် အသီးသီး ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ အသေးစိတ် ပြန်လည်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းက ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ပြန်လည်ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရန်အတွက် တည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်ပါကြောင်း၊ မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို စနစ်တကျ ဖိဖိစီးစီးဆောင်ရွက်သွားရန်လည်း လိုအပ်ပါကြောင်း၊ တင်ပြချက်များအရ ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းသည် အနောက်ခြမ်းနှင့် နှိုင်းယှဉ်ကြည့်ပါက တစ်ဦးချင်းဝင်ငွေ (Per Capita) လျော့နည်းနေသည်ကို တွေ့ရှိရပြီး စီးပွားရေးအောင်မြင်ဖြစ်ထွန်းမှု ကွာဟချက်ရှိနေသည်ကို သိရှိကြမည်ဖြစ်ကြောင်း၊ ယင်းမှာ လွန်ခဲ့သောကာလများဆီမှ လက်နက်ကိုင်ပဋိပက္ခ ဖြစ်စဉ်များကြောင့်ဟု ဆိုရမည်ဖြစ်ကြောင်း၊ ယခုအခါ နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေး ရရှိရန် စိတ်ကောင်းစေတနာဖြင့် သဘောထားမှန်ကန်စွာ ဆောင်ရွက်နေပါကြောင်း၊ ပြီးခဲ့သည့်ရက်များအတွင်းကလည်း နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့နှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မူတူးစေးဖိုးနှင့် အဖွဲ့ဝင်များတွေ့ဆုံ၍ ငြိမ်းချမ်းရေးရရှိရေးအတွက် စိတ်ကောင်းစေတနာ အမှန်ဖြင့် ကြိုးပမ်းဆောင်ရွက်နေကြသည်ကို သတင်းမီဒီယာများတွင် တွေ့ရှိနေရပါကြောင်း၊ ယခုလို ငြိမ်းချမ်းရေး ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရကိုသာ ရည်ရွယ်ပြီး တာဝန်ရှိသည်ဟု ယူဆ၍ မရပါကြောင်း၊ ပြည်သူများဘက်ကလည်း ကိုယ့်နေရာ၊ ကိုယ့်အခန်းကဏ္ဍ၊ ကိုယ့်ဒေသနှင့် နီးစပ်နေသည့်အပေါ် မူတည်၍ ပါဝင်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ယနေ့ ဒေသခံပြည်သူများ၏ လိုအပ်ချက်အခက်အခဲများ တင်ပြမှုအပေါ် ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်တို့မှ လိုအပ်သည်များ စီမံဆောင်ရွက်ပေးခြင်း၊ ရှင်းလင်းဖြေကြားပေးခြင်းများ ဆောင်ရွက်ပေးသည့်အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတစ်ယောက်အနေဖြင့်သော်လည်းကောင်း၊ ပြည်သူ့ကိုယ်စားလှယ် တစ်ယောက်အနေဖြင့်သော်လည်းကောင်း၊ ဝမ်းသာပါကြောင်း၊ ကျေးဇူးတင်ရှိပါကြောင်း၊ တင်ပြချက်များအရ အချို့တင်ပြချက်များသည် သက်ဆိုင်ရာ တာဝန်ရှိသူများက တာဝန်ခံ၊ တာဝန်ယူဆောင်ရွက်ပေးမှုနှင့် မိမိတို့ဆောင်ရွက်နေမှုများ၏ ရည်ရွယ်ချက်နှင့် လုပ်ဆောင်ချက်များကို ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ပေးခြင်းဖြင့် အားလုံးအဆင်ပြေချောမွေ့စွာ ဆောင်ရွက်ပေးနိုင်သည်ကို တွေ့ရှိရပါကြောင်း။

ယခုအချိန်တွင် မိမိတို့နိုင်ငံအား ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်ကိုဖော်ဆောင်ပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင် ပြည်သူ့အကျိုးဖြစ်ထွန်းအောင် ဆောင်ရွက်နေသည့်ကာလတွင် ဒီမိုကရေစီအလွဲသုံးစားပြုခြင်း၊ ဒီမိုကရေစီ အနိုင်ကျင့်ခြင်း၊ ဒီမိုကရေစီအကြောင်းပြ၍ မင်းမဲ့စရိုက်ဆန်ဆန် ပြုမူဆောင်ရွက်နေမှုများသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများအတွက် များစွာအနှောင့်အယှက်ဖြစ်မှာ ဖြစ်သလို ပြည်သူများ၏ အကျိုးစီးပွားကိုလည်း ထိခိုက်မှာဖြစ်ကြောင်း၊ အဆိုပါကိစ္စများအား ပြည်သူများအနေဖြင့် နားလည်းသိရှိပြီး ယင်းကဲ့သို့ မဖြစ်ပေါ်စေရေး၊ ကိုယ့်ကဏ္ဍနှင့်ကိုယ် ပါဝင်ကြဖို့ လိုအပ်ပါကြောင်း၊ ဒီမိုကရေစီတွင် တရားဥပဒေနှင့် စည်းမျဉ်း၊ စည်းကမ်းများရှိသည်၊ တရားဥပဒေနှင့်စည်းမျဉ်း၊ စည်းကမ်းဘောင်အတွင်းကသာ ဒီမိုကရေစီကို တည်ဆောက်နိုင်မှာ ဖြစ်သည်။ တရားဥပဒေကို အားလုံးက လေးစားလိုက်နာရမည်၊ လေးစားလိုက်နာမှသာ တရားဥပဒေစိုးမိုးမှု (Rule of Law) ဖြစ်မည်၊ သို့မှသာ နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး၊ ဖွံ့ဖြိုးတိုးတက်မှာဖြစ်သည့်အတွက် စေတနာ လုပ်နည်းလုပ်ဟန် မှန်ကန်စွာဖြင့် အားလုံးပါဝင်ဆောင်ရွက်ဖို့ ဖိတ်ခေါ်ရင်း နိဂုံးချုပ်ပါကြောင်း ပြောကြားသည်။

အခမ်းအနားအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

အပြည်ပြည်ဆိုင်ရာဈေးကွက်တွင် နေရာရယူနိုင်ရေး စီးပွားရေးသံမှူးများ၏အခန်းကဏ္ဍသည် အလွန်အရေးကြီး

နေပြည်တော် ဇန်နဝါရီ ၈

ယခုအချိန်တွင် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများ တိုးတက် ဆောင်ရွက်နေသည်နှင့်အမျှ နိုင်ငံတကာနှင့် ဆက်ဆံရေးများ တိုးတက်ကောင်းမွန်လျက်ရှိကြောင်း၊ စီးပွားရေးပိတ်ဆို့မှုများ ဖြေလျှော့လာသည်နှင့်အမျှ နိုင်ငံခြားစီးပွားဆက်ဆံရေးလည်း တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံခြားစီးပွားဆက်ဆံရေး နယ်ပယ်အောက်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရှာဖွေရေး၊ မိမိနိုင်ငံ၏ပို့ကုန်များ အပြည်ပြည်ဆိုင်ရာ ဈေးကွက်တွင် နေရာရယူနိုင်ရေး၊ မိမိနိုင်ငံအတွက် လိုအပ်သည့်သွင်းကုန်များ ဈေးနှုန်းချိုသာစွာဖြင့် ရရှိစေရေး၊ စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များ၊ အဆက်အသွယ်များရရှိစေရေး၊ နိုင်ငံခြားမှအကူအညီ အထောက်အပံ့များ၊ အတိုးနှုန်းသက်သာသည့် ချေးငွေများ ရရှိနိုင်ရေး၊ လူနေမှုဘဝအရည်အသွေး တိုးတက်စေရေးနှင့် လူသားဖွံ့ဖြိုးမှုဖြစ်ပေါ်စေရေးတို့အတွက် စီးပွားရေးသံမှူးများ၏အခန်းကဏ္ဍသည် အလွန်အရေးကြီးကြောင်းဖြင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် **(အပေါ်ပုံ)**က ယမန်နေ့နံနက် ၈ နာရီတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက ကြီးမှူး၍ စီးပွားရေးဆက်ဆံဆောင်ရွက်မှု မြှင့်တင်နိုင်မည့် နိုင်ငံများတွင် စီးပွားရေးကိုယ်စားလှယ်ရုံး (Commercial Councellor Office) များ ဖွင့်လှစ်နိုင်ရေးအတွက် စီးပွားရေးသံမှူးများခန့်အပ်ရန် အခြေခံနိုင်ငံခြားစီးပွားဆက်ဆံရေးသင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပြောကြားသည်။

ဆက်လက်၍ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်းတို့ကလည်း မြန်မာနိုင်ငံအနေဖြင့် တံခါးဖွင့်မူဝါဒ ပြောင်းလဲကျင့်သုံးလာ၍ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အလားအလာတိုးမြှင့်လာပြီး လာရောက်တွေ့ဆုံမှုများပြားလာကြောင်း၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးကိစ္စများ ပိုမိုများပြားလာပြီဖြစ်သဖြင့် နိုင်ငံခြားစီးပွားဆက်ဆံရေး တိုးတက်စေရန် စီးပွားရေးသံမှူးများသည် နိုင်ငံ၏ စီးပွားရေးမဟာဗျူဟာအတွက် စီးပွားရေးမျက်နှာစာတွင် ရှေ့တန်းတိုက်စစ်မှူးများအဖြစ် ခန့်အပ်ရန်လိုအပ်၍ ယခုသင်တန်းအား ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ သို့ဖြစ်ရာ သင်တန်းတွင်ပို့ချမှုများအား အလေးအနက် မှတ်သားလိုက်နာသွားကြရန် လိုအပ်ကြောင်းများကို ဆွေးနွေးမှာကြားကြသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများမှတာဝန်ရှိသူများ၊ သင်တန်းပို့ချမည့် ဆရာ ဆရာမများနှင့် သင်တန်းသားအရာထမ်း ၅၁ ဦးတို့ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

မျဉ်းကျားက မကူးလျှင် ၂၂၀၀ ကျပ် ဒဏ်ရိုက်

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်မြို့၏ အဓိကမြို့တွင်းခြောက်မြို့နယ်တွင် ပြည်သူများယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးအတွက် သက်ဆိုင်ရာ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များနှင့် မြို့နယ်စည်ပင် ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းလျက် ပညာပေးရေးနှင့် ဖမ်းဆီးအရေးယူရေး ဆောင်ရွက်နေသော်လည်း စည်းကမ်းလိုက်နာမှုအားနည်းနေသေးကြောင်း မြို့နယ်စည်ပင် ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

“ကျွန်တော်တို့အနေနဲ့ ပြည်သူများယာဉ်အန္တရာယ်ကင်းရှင်းပြီး စည်းကမ်းလိုက်နာမှုရှိရေးအတွက် လွန်ခဲ့သောတစ်နှစ်ခန့်မှစပြီး ပညာပေးရေးနှင့် အရေးယူရေး စတင်ဆောင်ရွက်ခဲ့ပါတယ်။ ဒါပေမယ့်လည်း ပြည်သူတွေအနေနဲ့ လူကူးမျဉ်းကျားမှ ကူးတဲ့အလေ့အကျင့် နည်းပါးနေတာ တွေ့ရပါတယ်။ အဲဒီလို လူကူးမျဉ်းကျားက ကူးရမှာကိုမကူးဘဲ လမ်းဖြတ်ကူးလို့ သက်ဆိုင်ရာရဲအဖွဲ့က ဖမ်းဆီးမယ်ဆိုရင် လူတစ်ဦး ဒဏ်ငွေ ၂၂၀၀ ကျပ် ဒဏ်ရိုက်ပါတယ်” ဟု မြို့နယ်စည်ပင်မှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း တာဝန်ထမ်းဆောင်နေသူ ဦးမြင့်လွင်ကပြောသည်။

ယခုအခါ ရန်ကုန်မြို့ကြီးတွင် မော်တော်ကားစီးရေများ တိုးပွားလာနေပြီဖြစ်သည်။ စည်းကမ်းရှိရှိ လူကူးမျဉ်းကျားမှမကူး၍ ယာဉ်အန္တရာယ် မတော်တဆမှုများ မကြာခဏဖြစ်ပွားလျက်ရှိသည်။

လမ်းဖြတ်ကူးသူများအနေဖြင့် လူကူးမျဉ်းကျားမှ ကူးခြင်းသည် အန္တရာယ်အကင်းဆုံးဖြစ်သည်။

ယခုအခါ အချို့သောလမ်းဆုံများတွင်လည်း လူကူးခုံးကျော်တံတားများလည်း ဆောက်လုပ်ပေးထားပြီဖြစ်သည်။ လမ်းဆုံများတွင် လူကူးမျဉ်းကျားမရှိသောနေရာများတွင် ခုံးကျော်တံတားများရှိမည်ဖြစ်ပြီး ယင်းခုံးကျော်တံတားများမှတစ်ဆင့်ဖြတ်ကူးကြရမည်ဖြစ်သည်။

ယာဉ်အန္တရာယ် ကင်းရှင်းရေးအတွက် မြို့တော်စည်ပင်ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်ကြရမည်ဖြစ်သလို လမ်းဖြတ်ကူးသူများအနေဖြင့်လည်း သတ်မှတ်ထားသော စည်းကမ်းကို လိုက်နာခြင်းဖြင့် ယာဉ်အန္တရာယ်ကင်းရှင်းမည်ဖြစ်သည်။

သတင်း – မြင့်မောင်စိုး
ဓာတ်ပုံ – တင်စိုး

အဓမ္မခိုင်းစေမှုလုံးဝပပျောက်ရေး ပူးတွဲမဟာဗျူဟာ အကောင်အထည်ဖော်ဆောင်ရေးလုပ်ငန်းကော်မတီစည်းဝေး

နေပြည်တော် ဇန်နဝါရီ ၈

မြန်မာနိုင်ငံနှင့် ILO တို့အကြား သဘောတူလက်မှတ်ရေးထိုးထားသည့် ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံ၌ အဓမ္မခိုင်းစေမှုလုံးဝပပျောက်ရေး ပူးတွဲမဟာဗျူဟာ အကောင်အထည်ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၏ တတိယအကြိမ်မြောက် လုပ်ငန်းကော်မတီ အစည်းအဝေးကို ဇန်နဝါရီ ၇ ရက် မွန်းလွဲ ၁ နာရီက အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ **(အပေါ်ဝဲပုံ)** လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီးများ လုပ်ငန်းကော်မတီဝင်များနှင့် ILO ဆက်သွယ်ရေးအရာရှိ Mr. Steve Marshall နှင့် အဖွဲ့ဝင်များ တက်ရောက်ကြကာ အဓမ္မခိုင်းစေမှုလုံးဝပပျောက်ရေး ပူးတွဲမဟာဗျူဟာ အကောင်အထည်ဖော်ဆောင်ရေးလုပ်ငန်းစီမံချက်အရ လွန်ခဲ့သည့်သုံးလတာကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းနယ်ပယ်များကို ပြန်လည်သုံးသပ်ဆွေးနွေးကြပြီး နောက်လာမည့် သုံးလတာကာလအတွင်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများကို မြန်ဆန်ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် သတ်မှတ်ထားသည့် ၂၀၁၅ ခုနှစ်ထက် ပိုမိုဆောလျင်စွာ ပြီးစီးနိုင်အောင် ဆောင်ရွက်နိုင်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❊ ရှေ့ဖုံးမှ

လေ့လာပြီး လိုအပ်သလိုပြုပြင်မြှင့်တင်ရေးတွေနဲ့နို့ထွက်ပစ္စည်းတွေ ထုတ်လုပ်မှုအတွက် ထုပ်ပိုးမှု၊ ကုန်ကြမ်းရယူမှု၊ ကုန်ချောထွက်ရှိမှုအရည်အသွေး စတာတွေအပြင် စက်ပစ္စည်းတွေနဲ့ စက်ရုံသုံး နည်းပညာလိုအပ်ချက်တွေကို ဖြည့်တင်းဆောင်ရွက်ပေးကြဖို့ရှိပါတယ်။ လာမည့်နှစ် ၂၀၁၄ ခုနှစ်မှာ မြန်မာနိုင်ငံက ပုဂ္ဂလိက နို့စားနွားမွေးမြူရေးလုပ်ငန်းရှင်တွေနဲ့ ကိုးရီးယားနိုင်ငံ အကြီးဆုံးနို့ချက်စက်ရုံဖြစ်တဲ့ ဆိုလ်းမစ်ခ်ကော်ပိုရေးရှင်းနဲ့ ပူးပေါင်းပြီး လေ့လာရေးခရီးတွေနဲ့ လိုအပ်တဲ့ သင်တန်းတွေကို ခေါ်ယူပို့ချပေးဖို့ လျာထားတယ်” ဟု အဆိုပါတာဝန်ရှိသူက ဆက်လက်ပြောကြားသည်။

ဆောင်ရွက်

ကိုရီးယားနိုင်ငံမှ ဒိုင်အာရီကော်မတီသည် ကိုရီးယားနိုင်ငံရှိ နို့ထွက်ပစ္စည်းများ၏အရည်အသွေးပိုင်းဆိုင်ရာ ထိန်းချုပ်မှုများနှင့် ဈေးနှုန်းထိန်းသိမ်းရေးအတွက် ဖွဲ့စည်းထားရှိသည့် ကော်မတီတစ်ခုဖြစ်ကာ မြန်မာနိုင်ငံတွင်လည်း ရင်းနှီးမြှုပ်နှံနိုင်ရန်အတွက် ယခုကဲ့သို့ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရှိရသည်။

ခင်ရတနာ

ပြည်တွင်းသတင်း

❀ ရှေ့ဖုံးမှ

(၇)	ဒေါက်တာထွန်းရှင် ပြည်ထောင်စုရှေ့နေချုပ် ပြည်ထောင်စုရှေ့နေချုပ်ရုံး	အဖွဲ့ဝင်
(၈)	ဦးသန်းကျော် အဖွဲ့ဝင် နိုင်ငံတော်သမ္မတ၏ဥပဒေအကြံပေးအဖွဲ့	အဖွဲ့ဝင်
(၉)	ဦးလှထွန်း ညွှန်ကြားရေးမှူးချုပ် နိုင်ငံတော်သမ္မတရုံး	အတွင်းရေးမှူး

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် ပြည်ထောင်စုအဆင့်ဌာနများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၈

အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ပထမ၊ ဒုတိယ၊ တတိယနှင့် စတုတ္ထပုံမှန်အစည်းအဝေးများတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဆောင်ရွက်ရန်ကျန်ရှိသည့် မေးခွန်းများ၊ အဆိုများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲ အခြေအနေများ၊ ပထမနှင့် ဒုတိယပုံမှန် အစည်းအဝေးများတွင် ပြည်ထောင်စုအဆင့်ဌာနများမှ ဖြေကြားရန်ကျန်ရှိသော အဆိုများ၊ ပဉ္စမပုံမှန် အစည်းအဝေးတွင် မေးမြန်းခဲ့သည့် မေးခွန်းများ၊ တင်သွင်းခဲ့သည့် အဆိုများနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ကော်မတီ အဆောင်အမှတ် (၁၇) အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ ဦးအောင်ထွန်းနှင့် ကော်မတီဝင်များ၊ အဆိုရှင်များနှင့် ဝန်ကြီးဌာနများမှ ရုံးအဖွဲ့မှူးနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာကော်မတီဥက္ကဋ္ဌက ပထမအကြိမ် အမျိုးသားလွှတ်တော်ပထမ၊ ဒုတိယ၊ တတိယနှင့် စတုတ္ထပုံမှန်အစည်းအဝေးများတွင် သက်ဆိုင်ရာပြည်ထောင်စု ဝန်ကြီးဌာနများမှ ဆောင်ရွက်ရန် ကျန်ရှိသည့် မေးခွန်းများ၊ အဆိုများနှင့် စပ်လျဉ်း၍ အဆိုများအပေါ် ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ပြီး အခြေအနေများ၊ အမျိုးသားလွှတ်တော် ပထမအကြိမ် ပထမနှင့် ဒုတိယပုံမှန်အစည်းအဝေးတွင် အတည်ပြုခဲ့သည့်အဆိုများအနက် ပြည်ထောင်စုအဆင့် ဌာနများမှဖြေကြားရန်ကျန်ရှိသည့် အဆို(၁၆)ခု၊ ပဉ္စမပုံမှန် အစည်းအဝေးတွင် တင်သွင်းခဲ့သည့် မေးခွန်းများအနက် ကတိဖြစ်ခဲ့သော မေးခွန်း(၁၀၅)ခု၊ အဆိုရှစ်ခုတို့ အပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများက ဆောင်ရွက်နေမှု အခြေအနေများအပေါ် ဆွေးနွေးရှင်းလင်းပြောကြားသည်။

ထို့နောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသည့် အဆိုရှင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် လုပ်ငန်းပိုင်းဆိုင်ရာ ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများကို အကျယ်တဝင့် ပြန်လည်ရှင်းလင်းဖြေကြားကြပြီး အစည်းအဝေး တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ယင်းနောက် ကော်မတီဥက္ကဋ္ဌက ဆွေးနွေးပွဲရလဒ်များအပေါ် သုံးသပ်ဆွေးနွေးပြောကြားကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် ပြည်ထောင်စုအဆင့်ဌာနများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးအား ဩစတြေးလျနိုင်ငံသံအမတ်ကြီး ဦးဆောင်သောအဖွဲ့ တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၈

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကိုယ်စား ပြည်သူ့လွှတ်တော် နိုင်ငံတကာ ဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးအား မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး H.E. Ms. Bronte Moules ဦးဆောင်သော ဩစတြေးလျနိုင်ငံ အမျိုးသားလေ့လာသုံးသပ်ရေးဌာန (ONA) Office of National Assessment ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဂျင်ဟဂန်းနှင့် အရှေ့တောင်အာရှ ဒေသဌာနခွဲ အကြီးတန်းလေ့လာဆန်းစစ်သူ ဒေါက်တာကာရီလင်ဘူးလ်တို့သည် ယနေ့ညနေ ၄ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အဆောင်အမှတ်(၁) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကိစ္စရပ်များ၊ ဩစတြေးလျနိုင်ငံ လွှတ်တော်များနှင့် ဆက်ဆံရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင် ဦးသန်းထွန်းနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မိမိခရိုင်၊ မြို့နယ်အတွင်းရှိ ပြည်သူများ၏လိုအပ်ချက်အခက်အခဲများကို ထင်သာမြင်သာနှင့် လျင်မြန်စွာ ဖြေရှင်းဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေသည် ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ယနေ့နံနက် ၉ နာရီခွဲတွင် တိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံး အစည်းအဝေးခန်းမ၌တွေ့ဆုံ၍ နိုင်ငံတော်အနေဖြင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ လူမှုစီးပွားရေး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ပြီး ယခုအခါ စီမံအုပ်ချုပ်မှုစနစ် ပြုပြင်ပြောင်းလဲရေး စတင်ဆောင်ရွက်နေကြောင်း၊ အုပ်ချုပ်ရေးအဖွဲ့တွင် အခြေခံအကျဆုံးဖြစ်သည့် ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအား ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တိုင်းဒေသကြီးအတွင်း ရွေးချယ်တင်မြှောက်နေကြပြီဖြစ်ကြောင်း၊ ပြည်သူများက ကျေကျေနပ်နပ်နှင့် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ရေး စနစ်တကျ စီမံဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ရွေးကောက်တင်မြှောက်ပြီးပါက အရည်အသွေး၊ အရည်အချင်း ပြည့်ဝသော ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ဖြစ်စေရေးအတွက် သင်တန်းများပေး၍ လေ့ကျင့်သွားရမည်ဖြစ်ကြောင်း၊ မိမိခရိုင်၊ မြို့နယ်အတွင်းရှိ ပြည်သူများ၏ လိုအပ်ချက် အခက်အခဲများကို ထင်သာမြင်သာနှင့် လျင်မြန်စွာ ဖြေရှင်းဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ အုပ်ချုပ်မှု အရည်အသွေး ချို့ယွင်းအားနည်းမှုများသည် လုပ်ငန်းအောင်မြင်ရေးကို ထိခိုက်စေနိုင်ကြောင်း၊ နောင်တွင် မြို့နယ်၊ ခရိုင်အလိုက် ယှဉ်ပြိုင်မှုစနစ်ဖြင့် ဆောင်ရွက်ချက်များအပေါ် သုံးသပ်ကာ ဆုပေး၊ ဒဏ်ပေးစနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❊ ကျောဖုံးမှ

H.E. Mr. Sebastianus Sumarsono၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် အဖွဲ့ဝင်များသည် ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ကယ်ဆယ်ရေး၊ ထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား လေ့လာရန်နှင့် လိုအပ်ချက်များကို သိရှိနိုင်ရန်အတွက် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာလာရာ မွန်းလွဲ ၂ နာရီတွင် စစ်တွေမြို့သို့ရောက်ရှိကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များအား ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ ဒေသစစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်မှူးကြီးသန်းထွန်းဦး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက စစ်တွေလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေမြို့မှတစ်ဆင့် ပေါက်တောမြို့နယ် ကြိမ်နီပြင်ကျေးရွာ ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကြပြီး ကျေးရွာများမှ ရွှေ့ပြောင်းဒုက္ခသည်များနှင့် တွေ့ဆုံရာတွင် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးက မိမိအနေဖြင့် အင်ဒိုနီးရှားနိုင်ငံကိုယ်စား အခြေအနေအရပ်ရပ်ကို သိရှိလို၍ ကိုယ်တိုင်လာရောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအစိုးရမှ အစစအရာရာ ကူညီဆောင်ရွက်ပေးနေမှုများကို သိရှိပြီး ဒုက္ခသည်များ၏ လိုအပ်ချက်များအပေါ် မြန်မာအစိုးရနှင့် ပူးပေါင်းကူညီ ဆောင်ရွက်ပေးနိုင်ရန်အတွက် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း တင်ပြကြစေလိုကြောင်း ပြောကြားရာ ကြိမ်နီပြင်ကျေးရွာ ကယ်ဆယ်ရေးစခန်းရှိ ဒုက္ခသည်များက လိုအပ်ချက်များကို အသီးသီးတင်ပြကြပြီး အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးက တင်ပြချက်များအပေါ် သက်ဆိုင်ရာ မြန်မာအစိုးရနှင့် ပူးပေါင်းပြီး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ပြောကြားခဲ့သည်။ ယင်းနောက် ကယ်ဆယ်ရေးစခန်းတစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး နေအိမ်အဆောက်အအုံများ မူလကြိမ်နီပြင်ကျေးရွာနေရာ၌ ပြန်လည်ဆောက်လုပ်ပေးနိုင်ရေးအတွက် ကြည့်ရှုလေ့လာခဲ့ကြသည်။

ထို့နောက် မင်းပြားမြို့နယ် စမ္ဗာလေကျေးရွာသို့ ဆက်လက်ထွက်ခွာခဲ့ကြပြီး စမ္ဗာလေကျေးရွာတွင် ကယ်ဆယ်ရေး၊ ထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။ ဆက်လက်၍ စမ္ဗာလေကျေးရွာရှိ ရွှေ့ပြောင်းဒုက္ခသည်များနှင့် တွေ့ဆုံပြီး စားနပ်ရိက္ခာ ထောက်ပံ့မှု၊ အမြဲတမ်း နေအိမ်များ လိုအပ်မှု၊ ရေရရှိရေး၊ ကျန်းမာသန့်ရှင်းရေး၊ ပညာရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ လိုအပ်ချက်များနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ညှိနှိုင်းဆွေးနွေးပြောကြားခဲ့ကြသည်။

ယင်းမှတစ်ဆင့် ကျောက်တော်မြို့နယ် တောင်ဘွေကျေးရွာသို့ရောက်ရှိကြရာ တောင်ဘွေကျေးရွာတွင် မူလနေအိမ်များ၌ ဒုက္ခသည်များအတွက် ယာယီရွက်ဖျင်တဲများ ဆောက်လုပ်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး တောင်ဘွေကျေးရွာရှိ ရပ်ရွာခေါင်းဆောင်များနှင့် တွေ့ဆုံ၍လိုအပ်ချက်များ မေးမြန်းကာလှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့သည် မောင်တောမြို့နယ် မောရဝတီကျေးရွာသို့ ရောက်ရှိကြပြီး ကျေးရွာတွင် တည်ဆောက်ပြီးစီးသွားသည့် နေအိမ်များ၌ ပြန်လည်အခြေချနေထိုင်လျက်ရှိကြသည့် မိသားစုများနှင့် တွေ့ဆုံ မေးမြန်းလေ့လာခဲ့ကြသည်။

ယင်းနောက် မောရဝတီကျေးရွာ၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် ပညာရေးဝန်ကြီးဌာနမှ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ လက်ရှိပညာသင်ကြားပေးနေမှုအခြေအနေနှင့် လိုအပ်ချက်များကို မေးမြန်းကာ အားပေးစကားပြောကြားပြီး ပြန်လည်ထွက်ခွာခဲ့ကြရာ ညနေ ၆ နာရီတွင် စစ်တွေမြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ပထမအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပထမနေ့နှင့် ဒုတိယနေ့ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၈

ပထမအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပထမနေ့ကို ဇန်နဝါရီ ၇ ရက် နံနက် ၁၀ နာရီတွင် ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံနှင့် လွှတ်တော်ကိုယ်စားလှယ် ၄၄ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အစားထိုး တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်လေးဦးတို့ ကတိသစ္စာပြု လက်မှတ်ထိုးခြင်း၊ နိုင်ငံတော်သမ္မတမှ ကချင်ပြည်နယ်လွှတ်တော်သို့ ပေးပို့သည့် သဝဏ်လွှာအား ဖတ်ကြားမှတ်တမ်းတင်ခြင်း၊ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားခြင်း၊ မေးခွန်း (၁၇)ခု မေးမြန်းဖြေကြားခြင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို လွှတ်တော်သို့တင်သွင်းခြင်းနှင့် အဆိုတစ်ခု တင်သွင်းခြင်းတို့ ဆောင်ရွက်ကြပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

ပထမအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ် ၄၅ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မေးခွန်း ၁၇ ခု မေးမြန်းဖြေကြားခြင်း၊ ၂၀၁၂ ခုနှစ် ပထမခြောက်လပတ် လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်းကြေညာခြင်း၊ ပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေကြမ်းကို ဆွေးနွေးရန် အဆုံးအဖြတ်ရယူခြင်း၊ ယမန်နေ့က တင်သွင်းထားသော အဆိုတစ်ခုကို ဆွေးနွေး အဆုံးအဖြတ်ယူခြင်းနှင့် အဆိုနှစ်ခု ထပ်မံတင်သွင်းခြင်းတို့ ဆောင်ရွက်ကြပြီး အစည်းအဝေးကို ရပ်နားလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖမ်းဆီးချုပ်နှောင်ထားခြင်းခံရသည့် တိုင်းရင်းသားများအား လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေး

နေပြည်တော် ဇန်နဝါရီ ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်အတွင်းရှိ နမ်မိုကျေးရွာနှင့် ကုန်းတီးကျေးရွာသွား လမ်းဘေးအနီးတွင် SSA (ရွက်ဆစ်)အဖွဲ့ ခွန်ဆန်တုန်ဟုန်းစစ်ကြောင်း၊ တပ်ရင်း(၃၇၁)က တရားမဝင် အချုပ်ခန်းဆောက်လုပ်၍ ဒေသခံတိုင်းရင်းသားများကို ချုပ်နှောင်ထားကြောင်း နယ်မြေခံ တပ်မတော်စစ်ကြောင်းထံသို့ သတင်းပေးမှုအရ ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းက နယ်မြေရှင်းလင်းရေးဆောင်ရွက်ခဲ့ရာ အဆိုပါလမ်း၏ယာဘက် ကိုက် ၁၅၀ ခန့်၌ အခန်းနှစ်ခန်းပါ သွပ်မိုးသစ်လုံးခုနစ်ဆင့်ဖြင့် ကာရံထားပြီး အကျယ် အလျား ၁၈ ပေ၊အနံ ၁၀ ပေ၊အမြင့် ၇ ပေရှိသော အဆောက်အအုံအား သစ်ကိုင်းများဖြင့် ကာရံလျက်တွေ့ရှိရသည်။

အဆိုပါ အချုပ်ခန်းဘေးတွင် အစောင့်အကြပ်အဖြစ် တိုင်းရင်းသား ငါးဦးနှင့် အချုပ်ခန်းအတွင်း ခြေ/လက်များအား သံကြိုးများဖြင့် ချုပ်နှောင်ခြင်းခံထားရသူ လေးဦးတို့ကို စစ်ဆေးတွေ့ရှိရသဖြင့် တပ်မတော်သားများက ကယ်တင်ပြီး အချုပ်ခန်း အဆောက်အအုံအား မီးရှို့ဖျက်ဆီးခဲ့သည်။

အစောင့်အကြပ်အဖြစ်တွေ့ရှိရသော တိုင်းရင်းသား ငါးဦးကို သက်ဆိုင်ရာ ကျေးရွာများသို့ ပြန်လည်စေလွှတ်ပေးခဲ့ပြီး ဖမ်းဆီးချုပ်နှောင်ခံရသည့် ရွာသားလေးဦးအား နယ်မြေခံတပ်ရင်းသို့ ခေါ်ဆောင်ခဲ့ကာ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းအချုပ်ခန်းအား SSA (ရွက်ဆစ်)အဖွဲ့က ဒီဇင်ဘာ ၂၅ ရက်တွင် စတင် ဆောက်လုပ်ခဲ့ပြီး ပတ်ဝန်းကျင်ကျေးရွာများမှ သွပ်၊ မျော၊ ဝါးများအား အချိုးကျ အရောက်ပို့စနစ်ဖြင့် ပို့ဆောင်စေခိုင်းကာ ကျေးရွာသားများကပင် ဝိုင်းဝန်းဆောက်လုပ်ပေးခဲ့ရကြောင်း၊ လွယ်တိုင်းလျှံတွင် ဒီဇင်ဘာ ၁၄ ရက်က ကျင်းပသည့် ရှမ်းနှစ်သစ်ကူးပွဲတော်သို့ လိုက်ပါခြင်းမရှိဘဲ ထွက်ပြေးတိမ်းရှောင်သူများအား ဖမ်းဆီးချုပ်နှောင်ထားခြင်းဖြစ်ကြောင်းနှင့် ယင်းလုပ်ရပ်များအား နောက်ကွယ်မှ ကြိုးကိုင်စေခိုင်းသူများကို နယ်မြေခံ တပ်မတော်စစ်ကြောင်းက လိုက်လံစစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

ပြည်တွင်းသတင်း

မြန်မာ့အလင်း တတည်းထံပေးစာများ

တိရစ္ဆာန်အညစ်အကြေးအနံ့ မခံနိုင်

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) အမှတ်(၅၁)ရပ်ကွက် ဘုရင့်နောင် (၂)လမ်း/(၃)လမ်းရှိ အိမ်တစ်အိမ်တွင် ငန်းများ၊ ဘဲများကို စီးပွားဖြစ်အမြောက်အမြား မွေးမြူထားပါသည်။ ဘုရင့်နောင်(၃)လမ်းရှိ အိမ်တစ်အိမ်တွင် ဝက်များကို နောက်ဖေးလမ်းကြားတွင် ဝက်ခြံအခိုင်အမာဆောက်လုပ်ကာ စီးပွားဖြစ်မွေးမြူထားသဖြင့် တိရစ္ဆာန်အညစ်အကြေးအနံ့ဆိုးများကို နေ့စဉ်နှင့်အမျှ ခံစားနေရပါ၍ ပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အိုများနှင့် ကလေးများကျန်းမာရေး ထိခိုက်နေရပါသဖြင့် ရပ်ကွက်အတွင်းမှ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ကျန်းမာရေးလိုလားသူ

ကျူးကျော်ပွဲကျဈေး ဖျက်သိမ်းပေးပါ

ရန်ကုန်မြို့ တာမွေမြို့နယ် အရိုးကုန်းလမ်း အရိုးကုန်းရပ်ကွက်တွင်ရှိသော ကျူးကျော်ပွဲကျဈေးသည် ရပ်ကွက်နေပြည်သူများကို ကျန်းမာရေး အလွန်ထိခိုက်စေပါသည်။ ယင်းဈေးကြောင့် လမ်းများပျက်စီးခြင်း၊ အမှိုက်သရိုက်၊ သားငါးစွန့်ပစ်ပစ္စည်းများ ပြန့်ကျဲနေခြင်း၊ သာရေးနာရေး၊ မီးရေးထင်းရေးအတွက် သွားလာရေးခက်ခဲသည့် အခြေအနေနှင့် နေ့စဉ်ကြုံတွေ့နေရပါသည်။ ကျူးကျော်ပွဲကျဈေးဖြစ်သောကြောင့် အမှိုက်ကားလည်း မှန်မှန်မလာပါ။ ဈေးသည် နံနက် ၄ နာရီမှ ဈေးသိမ်းချိန် မွန်းလွဲ ၁ နာရီအထိ နေ့စဉ်ဆူညံနေသဖြင့် ကျောင်းသားကျောင်းသူများအလွန် အနှောင့်အယှက်ဖြစ်နေပါသည်။

ထို့အပြင် အရိုးကုန်းရပ်ကွက်သည် ကျောက်မြောင်းဈေး၊ တာမွေဈေး၊ အာသောကဈေးနှင့် အမဲဈေးအလယ်ဗဟိုတွင် တည်ရှိသဖြင့် ထိုဈေးသည် မရှိသင့်တော့ပါ။ ရန်ကုန်မြို့ကြီးကို အဆင့်မြင့်မြို့ကြီးအဖြစ် မြှင့်တင်နေချိန်တွင် ကျူးကျော် ပွဲကျဈေးမျိုးမရှိသင့်တော့ပါသဖြင့် ဖျက်သိမ်းပေးပါရန် တင်ပြပါသည်။ **ရပ်ကွက်သားများ**

အသံချဲ့စက်သံ နားမခံသာ

ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် (၉၃) ရပ်ကွက်တွင် အကြောင်းအမျိုးမျိုး၊ ခေါင်းစဉ်အမျိုးမျိုးတပ်၍ နားမခံသာအောင် အသံချဲ့စက်ကြီးများဖြင့် အလှူခံနေကြပါသည်။ ထို့အပြင် စနေ၊ တနင်္ဂနွေနေ့များတွင်လည်း မင်္ဂလာဆောင်များမှ အသံချဲ့စက်ကြီးများဖြင့် စည်းကမ်းမဲ့စွာ ဖွင့်ကြသည့်အတွက် ပတ်ဝန်းကျင် နားမခံသာအောင် ခံစားနေကြရပါသည်။ သို့ဖြစ်ပါ၍ သင့်တော်သလို ထိန်းသိမ်းကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

နားမခံနိုင်သူ

ကုန်တင်ယာဉ်ကြီးများ ကြပ်မတ်ပေးပါ

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့ မြို့တွင်းလမ်းများပေါ်သို့ (၅)တန်အထက် ကုန်တင်ယာဉ်များမဝင်ရဟု တားမြစ်ထားပါသည်။ ၎င်းယာဉ်ကြီးများအတွက် မြို့သစ်တွင် ကုန်တင်ကုန်ချယာဉ်ရပ်နားရန် မြေနေရာ ပေးထားပြီးဖြစ်သော်လည်း အချို့သော ကုန်တင်ယာဉ်ကြီးများသည် မြို့တွင်းဝင်၍ ကုန်တင်ကုန်ချပြုလုပ်ခြင်း၊ ညအိပ်ယာဉ်ရပ်နားခြင်း၊ ယာဉ်ပြုပြင်ခြင်း ပြုလုပ်နေကြပါသည်။ နေအိမ်တွင်လည်း ယာဉ်မောင်းဆီများ သိုလှောင်ထားရှိကြပါသည်။

ထို့ကြောင့် လမ်းများပျက်စီးခြင်း၊ ယာဉ်အန္တရာယ်ဖြစ်ခြင်း၊ ရပ်ကွက်နေပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်ရခြင်း၊ မီးဘေးစိုးရိမ်ရခြင်းများကြောင့် အမြန်ဆုံး ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ရွှေနော်သား**

ကျူးကျော်ဈေးဆိုင်များ ဖယ်ရှားပေးပါ

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဈေးရပ်ကွက် သီတာလမ်းနှင့် ရွှေတောင်လမ်း အများပြည်သူသုံး လမ်းတွင် စည်ပင်ဈေးနယ်နိမိတ်မဟုတ်ဘဲ ဈေးကောက်ကောက်၍ သားငါးကုန်စိမ်းဈေးဆိုင်များ ဖွင့်လှစ်ရောင်းချနေခြင်း၊ လူသွားလမ်းများနှင့် ဈေးကြီးရှေ့ မျက်နှာစာ မြို့လယ်လမ်း လူသွားစင်္ကြံများအထိ ဆိုင်ခင်းရောင်းချနေခြင်းများကြောင့် ရပ်ကွက်နေပြည်သူများ၊ ဈေးဝယ်သူများ၊ လမ်းသွားလမ်းလာပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်နေရပါသည်။ အများပြည်သူတို့အနေဖြင့် စည်းကမ်းမဲ့သော ဈေးဆိုင်ရှင်များအုပ်စုကိုလည်း ကြောက်ရွံ့နေကြရပါသဖြင့် သက်ဆိုင်ရာမှ ဖယ်ရှားရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

စည်းကမ်းဖြင့်အလှဆင်လိုသူ

မြန်မာ-အမေရိကန် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကွန်ဖရင့်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီမြို့ အမေရိကန်ကုန်သည်များအသင်းတို့ ပူးပေါင်း၍ မြန်မာ-အမေရိကန်ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကွန်ဖရင့်ကို ဖေဖော်ဝါရီ ၂၅ ရက် (တနင်္လာနေ့) နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း UMF-CCI Office Tower ပထမထပ် ကွန်ဖရင့်ဟော၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ကွန်ဖရင့်သို့ အမေရိကန်ကုန်သည်များအသင်း ဝါရှင်တန်ဒီစီ၊ အာရှပစိဖိတ်ဒေသရှိ အမေရိကန်ကုန်သည်များအသင်း အမေရိကန်ကုမ္ပဏီများဖြစ်ကြသည့် Asia Global Xpress, Cargill, Chevron, e-bay, EMC, Conocophilips, Gibson Dunn & Crutcherlip, Honeywell အစရှိသည့် ကုမ္ပဏီများမှ လုပ်ငန်းရှင်များ ပါဝင်ကြမည်ဖြစ်ပြီး ဆွေးနွေးပွဲတွင် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ နှစ်နိုင်ငံ စီးပွားရေးအဖွဲ့အစည်းများနှင့် ကုမ္ပဏီများမှ ပုဂ္ဂိုလ်များက ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံရေးကိစ္စ၊ ဖွံ့ဖြိုးရေးဆိုင်ရာ ဦးစားပေးအကူအညီများပေးရေး၊ စွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေး၊ စီးပွားရေးဖွံ့ဖြိုးရေးအတွက် သတင်းအချက်အလက်နှင့် နည်းပညာ တွန်းအားပေးရေး၊ အလားအလာရှိသော ဘဏ္ဍာရေးကဏ္ဍ၊ အာဆီယံစီးပွားရေး အသိုက်အဝန်းသို့အတူတကွ ပါဝင်ဆောင်ရွက်ရေးနှင့် လူမှုဘဝမြှင့်တင်ရေး အစရှိသည့် စာတမ်းများကို တင်ပြဆွေးနွေးကြမည်ဖြစ်သည်။

စာရင်းပေးပို့

ဆွေးနွေးပွဲသို့ တက်ရောက်လိုသူများသည် ကုန်သည်/စက်မှုအသင်းချုပ် နိုင်ငံတကာဆက်ဆံရေးဌာနသို့ ဖေဖော်ဝါရီ ၂၂ ရက် နောက်ဆုံးထား၍ စာရင်းပေးပို့ရမည်ဖြစ်ကြောင်း သိရှိရသည်။

(အောင်သူရ)

ဆိုင်ကယ်ခိုးဂိုဏ်းဖမ်းဆီးရမိ၊ ဆိုင်ကယ် ၁၃ စီး သိမ်းဆည်းနိုင်ခဲ့

နေပြည်တော် ဇန်နဝါရီ ၈

နေပြည်တော် ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားမှုဖြင့် ဇေယျာသီရိမြို့နယ်အတွင်း ဆိုင်ကယ်ခိုးမှုများ လျော့နည်းကျဆင်းရေးအတွက် ရေဆင်းရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ်ဝင်းနိုင်နှင့်အဖွဲ့သည် နိုဝင်ဘာ ၂၇ ရက် နံနက် ၃ နာရီခွဲခန့်တွင် လှည့်ကင်း ဆောင်ရွက်စဉ် မင်းခန့် (ခ)အေဝမ်း၊ သာယာဝှမ်းကျေးရွာ ဇေယျာသီရိမြို့နယ် နေသူအား HIBAO 125 အနက်ရောင်နှင့် အတူ မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးမေးမြန်းခဲ့သည်။

ထိုမှ ဆက်စပ်၍ ဆိုင်ကယ်များအား ဂိုဏ်းဖွဲ့ခိုးယူရာတွင် ပါဝင်ခဲ့သော ဖြူတင် ရုံးပင်စောင်းကျေးရွာ ဇေယျာသီရိမြို့နယ်၊ တင်ထွန်းနိုင် ဝဲကြီးကျေးရွာ ဇေယျာသီရိမြို့နယ်၊ မော်ကြီး(ခ) စိုးနိုင်ထွေး ရုံးပင်စောင်းကျေးရွာ၊ ရဲသွင် ရုံးပင်စောင်းကျေးရွာတို့အား ဖမ်းဆီးရမိခဲ့ကြောင်း၊ ၎င်းတို့နှင့်အတူ ဆိုင်ကယ်ခိုးဂိုဏ်းဝင်များဖြစ်ပြီး ထွက်ပြေးတိမ်းရှောင်နေသူ လင်းအောင်၊ တင်ဦး၊ ဇင်ဘိုမင်း၊ မင်းမင်း၊ နန်းဝင်းတို့ အား ဖော်ထုတ်ရမိခဲ့ကြောင်း သိရသည်။

ဖမ်းဆီးမိသူများအား စစ်ဆေးချက်များ အရ ဆိုင်ကယ် ၁၃ စီးကို ပြန်လည်သိမ်းဆည်းရမိပြီး ၎င်းတို့ ခိုးယူခဲ့သည့် နယ်မြေများဖြစ်သော ဇေယျာသီရိနှင့် ပျဉ်းမနား ရဲစခန်းတို့တွင် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ ထွက်ပြေးတိမ်းရှောင်နေသူများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဆိုင်ကယ်ခိုးဂိုဏ်းနှင့်ပတ်သက်၍ သတင်းများရရှိပါက ဇေယျာသီရိရဲစခန်း သို့မဟုတ် နယ်မြေရဲစခန်းအသီးသီးသို့ ဆက်သွယ်သတင်းပေးပို့နိုင်ကြောင်း သိရှိရသည်။

(ကိုဝင်းနိုင်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၁-၂၀၁၃ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော် + ခန္ဓသုတ် မောရသုတ်၊ ဝဋ္ဋသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၃၀ **စွမ်းအားကိုယ်စီရှိကြသည်** တရားတော် (ညောင်ကန်ဆရာတော်အရှင်ဣန္ဒက)
- ၇း၃၀ MRTV-4 သတင်း
- ၈း၅၅ ကလေးတို့အတွက်လမ်းညွှန် **တိရစ္ဆာန်ဥယျာဉ်** (အပိုင်း-၂)
- ၉း၂၅ Activities In The City [ထွန်းပလတ်စတစ်စက်ရုံပြခန်း ၂၀၁၂ အပြည်ပြည်ဆိုင်ရာ စက်မှုပြပွဲကြီး (တပ်မတော်ခန်းမ)]
- ၁၀း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လျှို့ဝှက်ချက်နှင့်ငင်မိချီ** (အပိုင်း-၂၉)
- ၁၁း၂၀ ရန်ကုန်မြင်ကွင်းကျယ် (One Touch အမျိုးသားသုံးပစ္စည်း မိတ်ဆက်ပွဲ)
- ၁၁း၂၅ Minute to Win It
- ၁၂း၀၅ **စန္ဒရားမျိုးနိုင်** (အပိုင်း-၇)
- ၁၂း၃၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ CAMEL International Group မှ ဖွင့်လှစ်လိုက်သော Food Jngredients Mart
- ၂း၃၀ မကွေးမြို့ရဲ့ အမှတ်တရာတစ်ခုဖြစ်စေမယ့် MAGWAY Shopping Mall
- ၅း၁၅ Minute to Win It
- ၆း၀၀ MRTV-4 သတင်း
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ Let's Talk It
- ၁၁း၀၀ Style ရှိမှ Star ဖြစ်မယ်
- ၁၁း၄၅ မြန်မာ့ဂန္ထဝင်တေးသံစဉ် **ဥတ္တလာတေးသံလွင်** (အပိုင်း-၂၁)
- ၁း၂၀ **အသံတိတ်အိပ်မက်ဆိုး** ထပ်ဆင့်အကယ်ဒမီ မေသန်းနု၊ သန်းသန်းစိုး၊ စိုးမိုးကြည်၊ မြို့တော်ချစ်ဖွယ်၊ချစ်သုဝေ၊ဂျင်နီ ဒါရိုက်တာ-အောင်မိုး(ပဲရစ်)
- ၂း၀၅ ၄က်ဖျားတိုက်ဖျက်ရေးအကြောင်း သိကောင်းစရာ (ပါမောက္ခဒေါက်တာချစ်စိုး၊ ဒေါက်တာခိုင်ခိုင်ရှိန်)

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်သန်းမြင့်၏ ဇန်နဝါရီ ၉ ရက်တွင် ကျရောက်သော (၈၃) နှစ်ပြည့် မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သောသားသမီးမြေးများနှင့်အတူ ကျန်းမာပျော်ရွှင် ချမ်းမြေ့စွာဖြင့် ဘာသာအကျိုး၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး ရွက်ဆောင်နိုင်ပြီး အားထုတ်ဆဲဖြစ်သောဝိပဿနာဉာဏ်သည် လျင်မြန်စွာမဂ်ဉာဏ်သို့ ကျေးဇူးပြု၍ တရားထူးတရားမြတ်များရရှိနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ရပါသည်။

သားသမီးများ-

ဦးသိန်းလွင်-ဒေါ်မြင့်မြင့်သိန်း

ဦးမောင်မောင်-ဒေါက်တာနီလာသိန်း

ဒေါ်စံသာသိန်း

ဒေါက်တာအောင်မိုး-ဒေါက်တာလဲ့လဲ့သိန်း

ဦးကျော်ခိုင်သိန်း-ဒေါ်ခင်စန်းယု

ချစ်မြေးများ-

ကြေးမုံခင်၊

မင်းသုမောင်၊

ဇော်ထက်နိုင်၊

ကောင်းခန့်ကျော်၊

ခန့်ထွန်းလင်း၊ ဆောင်းဦးလွင်

လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

သုခမ္မသိင်္ဂီဒေါက်တာနီလာသိန်း (မျက်စိအထူးကုဆရာဝန်ကြီး)အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၃) ဖြင့် သီဟသုခမ္မသိင်္ဂီဘွဲ့ကို ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် နိုင်ငံ့အကျိုး၊ သာသနာတော်အကျိုးနှင့်အတူ မျက်စိဝေဒနာရှင်များအတွက် မျက်စိအလင်းအလှူများကို ယခုထက် ဆတက်ထမ်းပိုး လှူဒါန်းဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။

မေမေ - ဒေါ်ခင်သန်းမြင့်

မောင်နှမများ - ဦးသိန်းလွင်-ဒေါ်မြင့်မြင့်သိန်း၊ ဒေါ်စံသာသိန်း၊ ဒေါက်တာအောင်မိုး-ဒေါက်တာလဲ့လဲ့သိန်း၊ ဦးကျော်ခိုင်သိန်း-ဒေါ်ခင်စန်းယု

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

အမြန်ပြန်လာပါ။

တစ်ဦးတည်းဖြစ်ပါကြောင်း

ဘားအံမြို့နေ မချမ်းမိုးအေး၏ ဖခင် ဦးအောင်မြင့်ဦး ၃/ဘအန(နိုင်)၀၃၈၃၄၇ နှင့် ဦးအောင်မြင့်စိန်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးအောင်မြင့်ဦး(ခ)ဦးအောင်မြင့်စိန်
၃/ဘအန(နိုင်)၀၃၈၃၄၇

ပြည်တွင်းသတင်းနှင့်မှုခင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) mobile အခမဲ့ ရယူနိုင်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) တွင်ပါဝင်သည့် နိုင်ငံသားတိုင်း သိထားသင့်သည့် မိမိတို့၏ကိုယ်ပိုင်အခွင့်အရေးများ၊ ရပိုင်ခွင့်များ၊ လိုက်နာရမည့် စည်းကမ်းများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အစိုးရများအကြောင်း၊ နိုင်ငံရေးပါတီများ အကြောင်းတို့ကို အလွယ်တကူဖတ်ရှုရှာဖွေ ရည်ညွှန်းအသုံးပြုနိုင်ရန်အတွက် မြန်မာ့အင်တာနက်လုပ်ငန်းမှ Android mobile app (beta version) အဖြစ် ထုတ်လုပ်ဖြန့်ချိလိုက်သည်ဟု သိရှိရသည်။

အခမဲ့ ထုတ်လုပ်ဖြန့်ဖြူးခြင်းဖြစ်ပြီး အခကြေးငွေဖြင့် ရောင်းချခြင်း မဟုတ်ကြောင်းသိရသည်။ Android OS အသုံးပြုသည့် smart phone များ၊ tablet computer များတွင် အသုံးပြုနိုင်ပြီး အခြေခံဥပဒေကို အစမှအဆုံး အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် ဖတ်ရှုနိုင်သည်။ မည်သည့် မြန်မာစာ font မျှ မပါရှိသည့် Android ဖုန်းနှင့် tablet များတွင်ပင် ဖတ်ရှုနိုင်ပြီး မည်သူမဆို htt://apps. myanmars. net အင်တာနက်လိပ်စာတွင် အခမဲ့ရယူနိုင်သည်။ အမေရိကန်ပြည်ထောင်စု၏ အခြေခံဥပဒေကို အများပြည်သူ အလွယ်တကူ သယ်ဆောင်ဖတ်ရှုနိုင်စေရန် mobile app ရေးသားဖြန့်ဖြူးသည်ကို တွေ့ရှိရသည်။ ပြောင်းလဲလာသော မြန်မာပြည်တွင်လည်း အသုံးဝင်စေရန် ရည်ရွယ်ထုတ်လုပ်ခြင်း ဖြစ်သည်ဟု မြန်မာ့အင်တာနက်မှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြောကြားသည်။

(အောင်သူရ)

ဟားခါးမြို့ မြို့သစ်ရပ်ကွက်၌ (၁၁/၀.၄)ကေဗွီ (၁၀၀)ကေဗွီအေ ခွဲရုံတစ်ခုတည်ဆောက်ပြီးစီး

ဟားခါး ဇန်နဝါရီ ၈

ကချင်ပြည်နယ် ဟားခါးခရိုင် ဟားခါးမြို့ မြို့သစ်ရပ်ကွက်၌ ရပ်ကွက်နေ အများပြည်သူများဗို့အားပြည့်ဝစွာ အသုံးပြုနိုင်ရန်အတွက် (၁၁/၀. ၄)ကေဗွီ၊ (၁၀၀) ကေဗွီအေခွဲရုံတစ်ခု၊ (၁၁)ကေဗွီလိုင်း ပေ ၁၃၂၀ နှင့် ၄၀၀ ဗို့ဓာတ်အားလိုင်း ပေ ၅၂၈၀ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းကို စတင်ဘာ ၉ ရက်မှစ၍ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၆ ရက်တွင် လုပ်ငန်းပြီးစီးခဲ့ပါသည်။ **(အပေါ်ပုံ)** ဤသို့ ဆောင်ရွက်ပြီးစီးခဲ့သဖြင့် ဗို့အားပြည့်ဝလာသောကြောင့် ဓာတ်အားသုံးစွဲသူ အများပြည်သူများ အနေဖြင့် ကျေနပ်ဝမ်းသာနေကြောင်း သိရသည်။

(သတင်းစဉ်)

သွားနှင့်ခံတွင်းဆရာဝန် ညီလာခံကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၈

(၃၃) ကြိမ်မြောက် မြန်မာနိုင်ငံသွားနှင့်ခံတွင်းညီလာခံနှင့် 14th FDI-MDA Joint Educational တို့ကို ဇန်နဝါရီ ၂၄ ရက်မှ ၂၆ ရက်ထိ ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါညီလာခံတွင် ပြည်တွင်းပြည်ပမှ သွားနှင့်ခံတွင်းဆိုင်ရာ ပညာရှင်များက သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ သုတေသနစာတမ်းများ ဖတ်ကြားဆွေးနွေးခြင်း၊ ပညာပေး ပိုစတာများ ပြသခြင်းနှင့် သွားဘက်ဆိုင်ရာ နောက်ဆုံးပေါ်ခေတ်မီဆေးနှင့် ဆေးပစ္စည်းကိရိယာ ပြခန်းများကို ခင်းကျင်းပြသသွားမည်ဖြစ်သည်။

ညီလာခံ တက်ရောက်လိုသော တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ သွားနှင့်ခံတွင်း ဆရာဝန်ကိုယ်စားလှယ်များသည် ညီလာခံသို့တက်ရောက်ရန် ဇန်နဝါရီ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ကုန်သည်ကြီးများဟိုတယ်ရှိ ညီလာခံမှတ်ပုံတင်ရုံးခန်း၌ ကြိုတင်မှတ်ပုံတင်ကြရမည်ဖြစ်ကြောင်း သိရှိရသည်။ **(ကိုချစ်)**

ဥပဒေဘောင်တွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

အဘိုးအိုတစ်ဦး ဆိုင်ကယ်တိုက်ခံရ

နတ်မောက် ဇန်နဝါရီ ၈

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ မြို့မကွက်သစ်ရပ် ဆုတောင်းပြည့်ဘုရားကြီး အနောက်မြောက်ထောင့် ကားလမ်းပေါ်တွင် ဇန်နဝါရီ ၃ ရက် ညနေ ၃ နာရီက ဆိုင်ကယ်တိုက်မှု ဖြစ်ပွား၍ လူတစ်ဦး လက်တစ်ဖက်ကျိုးလျက် ဒဏ်ရာအနည်းငယ် ရရှိကြောင်း သိရသည်။

အရှိန်ပြင်း

ဖြစ်စဉ်မှာ ဦးထွန်းဝင်း ၆၈ နှစ်တောင်သူ ကျောက်ပုံကျေးရွာနေသူသည် နတ်မောက်မြို့ မြို့မဈေးတွင် ဈေးဝယ်ပြီး ရွာပြန်ရန် ကျေးရွာကားဂိတ်သို့အလာ ကားမရှိ၍ ဘုရားကြီးအနီးတွင် ကားမီလိုမီငြား ဆုတောင်းပြည့် ဘုရားကြီး အနောက်ဘက်မှ မြောက်ဘက်သို့အသွား မြောက်မှ တောင်သို့ စီးနင်းလာသော ဆိုင်ကယ်တစ်စီးသည် အရှိန်ပြင်းစွာ မောင်းနှင်လာစဉ် ရှောင်ချိန်မရလိုက်ဘဲ အတိုက်ခံလိုက်ရသော်လည်း ဆိုင်ကယ်သမားသည် မြောက်ဘက်သို့ ပြန်လည်မောင်းနှင်ထွက်ပြေး သွားသောကြောင့် ဦးထွန်းဝင်းသည် မြို့နယ် ပြည်သူ့ဆေးရုံသို့ မိမိအစီအစဉ်ဖြင့် ဆေးကုသမှု သွားရောက် ခံယူခဲ့ရပြီး လက်တစ်ဖက်ကို ကျောက်ပတ်တီးစည်းခဲ့ရသည်။

ဦးထွန်းဝင်းက ဇန်နဝါရီ ၅ ရက် ည ၇ နာရီခန့်တွင် နတ်မောက်မြို့နယ် ရဲစခန်းသို့ တိုင်ကြား၍ ရဲစခန်းမှ ဒုရဲအုပ်ကျော်ဝင်းမြင့်က အမှုဖွင့်အရေးယူထားပြီး ဆိုင်ကယ်သမားနှင့် ဆိုင်ကယ်ကို စုံစမ်းရှာဖွေရာ ၁၀ယ/. . . ဆိုင်ကယ်နှင့် စိုးမင်းဦး ၁၇ နှစ် အလုပ်အကိုင်ကျပန်း နတ်မောက်မြို့နယ် စည်သာကျေးရွာနေသူကို ယင်းနေ့တွင်ပင် ချက်ချင်းဖမ်းဆီးရမိ၍ မြို့နယ်တရားရုံးသို့ တရားစွဲဆိုတင်ပို့နိုင်ရန်အတွက် ရဲလုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

(နတ်မောက်သား)

ကားကို ဆိုင်ကယ်က ခါးဖြတ်တိုက် ဆိုင်ကယ်မောင်းသူ သေဆုံး

ကျောက်မဲ ဇန်နဝါရီ ၈

ကျောက်မဲမြို့နယ် ပန်ပေါင်းရပ် နမ့်တုံလမ်းသွယ်အနီး မန္တလေး-လားရှိုး ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ကားကို မော်တော်ဆိုင်ကယ်က ခါးဖြတ်ဝင်တိုက်သဖြင့် ဆိုင်ကယ်မောင်းသူ သေဆုံးသွားသောဖြစ်ရပ် ဇန်နဝါရီ ၆ ရက် နံနက် ၉ နာရီခန့်က ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ကျောက်မဲဘက်မှ လားရှိုးမြို့သို့ ကိုအောင်မြင့်ဦး(ဘ)ဦးရွှေဖြူ မောင်းနှင်သော ကားအမှတ်------Tiger Grand အနက်ရောင် တရုတ်ရေနံပိုက်လိုင်း စီမံကိန်းကားကို နမ့်တုံလမ်းသွယ်မှထွက်လာသော အမည်မသိ အသက် ၄၀ ခန့်ရှိ အမျိုးသားတစ်ဦးမောင်းနှင်သော အန်ဘို-125 အမျိုးအစား မော်တော်ဆိုင်ကယ်က အရှိန်ပြင်းစွာ ခါးဖြတ်ဝင်တိုက်မိပြီး ဆိုင်ကယ်မောင်းသူသည် နေရာတွင် ပွဲချင်းပြီး သေဆုံးခဲ့ကြောင်း သိရသည်။

(ဝ၉ဝ)

တမူးမြို့၌ ဆူဒိုအက်ဖီဒရင်း ဆေးပြားများ ဖမ်းဆီးရမိ

တမူး ဇန်နဝါရီ ၈

တမူးရဲတပ်ဖွဲ့စခန်းမှ နယ်ထိန်းအဖွဲ့၊ ပန်းသာရဲကင်းမှူးနှင့်အဖွဲ့၊ မူးယစ်(အထူး)အဖွဲ့၊ သတင်းတပ်ဖွဲ့၊ ခလရ(၂၆၆) ဝိတုတ်တပ်စခန်းမှ အဖွဲ့တို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးများ သယ်ဆောင်နေကြောင်း သတင်းအရ တမူး-ကလေး ကားလမ်း ဝိတုတ်ကျေးရွာအနီး၌ ဒီဇင်ဘာ ၁၈ ရက် နံနက် ၃ နာရီခန့်တွင် စောင့်ဆိုင်းနေစဉ် တမူးမြို့မှ ကလေးမြို့သို့ မောင်မောင်ဦး မောင်းနှင်ပြီး နောက်လိုက်ဇန်းနောက်မှ ထိုင်လိုက်လာသည့် Kenbo-125 ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ ဆိုင်ကယ်ရှေ့ခွကြားနှင့် လူနှစ်ယောက်ကြားရှိ အဝါရောင်ဆာလာအိတ် နှစ်လုံးအတွင်းမှ ဆူဒိုအက်ဖီဒရင်းပါဝင်သည့် အဖြူရောင်ဆေးပြားအကြွေ ၁၅၆၀၀၀ တွေ့ရှိ သိမ်းဆည်းရမိပြီး နံနက် ၃ နာရီ ၁၀ မိနစ်တွင် အဆိုပါ ပူးပေါင်းအဖွဲ့မှ ဆက်လက်စောင့်ဆိုင်းနေစဉ် တမူးမြို့မှ ကလေးမြို့သို့ ထန်ကင်းပေါင် မောင်းနှင်ပြီး မန်ဟောက်ခုပ်နောက်မှ ထိုင်လိုက်လာသည့် Kenbo-125 ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ ဆိုင်ကယ်ရှေ့ခွကြားနှင့် လူနှစ်ယောက်ကြား ဆာလာအိတ်နှစ်အိတ်အတွင်းမှ ဆူဒိုအက်ဖီဒရင်းပါဝင်သည့် အဖြူရောင်ဆေးပြား အကြွေ ၁၅၆၀၀၀ ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။ နံနက် ၃ နာရီ ၂၀ မိနစ်တွင် ပူးပေါင်းအဖွဲ့မှ ထပ်မံ၍ စောင့်ဆိုင်းနေစဉ် တမူးမြို့မှ ကလေးမြို့သို့ ဝင်းထွန်း မောင်းနှင်ပြီး အောင်သူနောက်မှ ထိုင်လိုက်လာသည့် Kenbo-125 ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ ဆိုင်ကယ်ရှေ့ခွကြားနှင့် လူနှစ်ယောက်ကြား ဆာလာအိတ်နှစ်အိတ်အတွင်းမှ ဆူဒိုအက်ဖီဒရင်း ပါဝင်သည့် အဖြူရောင် ဆေးပြား အကြွေ ၁၅၃၀၀၀ ကို တွေ့ရှိသိမ်းဆည်းရမိသဖြင့် တမူးမြို့ စော်ဘွားအင်း(၄)ရပ်ကွက်နေ မောင်မောင်ဦး ၂၈နှစ် (ဘ) ဦးဆန်မှုန်း၊ နောက်လိုက်ဇန်း ၃၈ နှစ် (ဘ) ဦးတွဟင်၊ မန်ဟောက်ခုပ် ၁၉ နှစ် (ဘ) ဦးကန်မင်းတန်၊ ထန်ကင်းပေါင် ၂၅ နှစ် (ဘ) ဦးပေါင်ဇကပ်၊ ဝင်းထွန်း ၂၃ နှစ် (ဘ) ဦးမောင်ပွန်း၊ အောင်သူ ၂၄ နှစ် (ဘ) ဦးဇိုရမ်းထားငှာ၊ နှစ်ဖက်ကြားမှ ဆက်သွယ်ဆောင်ရွက်ပေးသူ တမူးမြို့ ဈေးတန်း(၄)ရပ်ကွက်နေ လားရမ်းငိုက်မောရာ ၂၂ နှစ် (ဘ) ဦးလာရမ်မာတို့ ခုနစ်ဦးကို တမူးရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားပြီး အဆိုပါ သိမ်းဆည်းရမိသည့် ဆူဒိုအက်ဖီဒရင်း ဆေးပြားပေါင်းမှာ ၄၆၅၀၀၀ စုစုပေါင်း တန်ဖိုး ငွေကျပ် ၅၅၈၀၀၀၀၀ ဖြစ်ကြောင်း သိရှိရသည်။

(၁၅၈)

"[illegible]"

[illegible]

Legal Advisor of "Expert" Real Estate Service

[illegible]

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁-ဘီ၊ မြေကွက်အမှတ် ၃၁၄၊ မြေအကျယ်အဝန်း (ပေ၃၀×၃၈ပေ၆လက်မ)၊ နှစ်၉၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တိုက်အဆောက်အအုံ(အကျိုးခံစားခွင့်)ကို မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊အမှတ် ၅၈၊ ၁၂၂ လမ်း အမည်ပေါက်ပိုင်ဆိုင်သူ ကွယ်လွန်သူဦးရဲမြင့်၏ဇနီး မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာအရ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ ဒေါ်သန်းသန်းမြင့် ၁၂/မဂတ(နိုင်)၀၆၅၇၃၈ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားမူရင်းများနှင့် ကျွန်ုပ်ထံသို့ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက သတ်မှတ်ရက်ကျော်လွန်လျှင် အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်နှင်းမြခိုင်
LL.B, LL.M
အထက်တန်းရှေ့နေ(စဉ်-၃၄၇၂၂)
အမှတ် ၂၇(အေ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၀၈၈၃၈၃

အများသိသာရန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၊ လူနေရပ်ကွက်အမှတ်-မြေကွက်အမှတ် ၄/ခ၊ ဧရိယာစတုရန်းပေ ၁၂၀၀ရှိ နှစ်၆၀ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြို့မြေစာရင်းတွင် ဦးတင်ထွန်းအောင် ၁၂/ဥကတ(နိုင်) ၀၁၄၂၄၈ နှင့် ဒေါ်ခင်သက်မွန် ၁၂/ဥကတ(နိုင်)၀၁၅၈၁၅ အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ဦးတင်ထွန်းအောင်နှင့် ဒေါ်ခင်သက်မွန်မှ ကျွန်ုပ်၏ အမှုသည်ကဝယ်ယူရန် စရန်ငွေပေးချေထားပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူများသည် အထောက်အထားခိုင်လုံစွာဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးစိန်ရီ B.Sc,DA RL
တရားလွှတ်တော်ရှေ့နေ
အမှတ် ၂၂၊ ဌာနာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၂၃၉၅၆၊ ၀၉-၅၀၃၀၃၇၄

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မြန်မာလူမျိုးဆိုသည်ကို မမေ့သင့်ပါ

ယနေ့ မြန်မာနိုင်ငံ၏ သမီးပျိုများ ဝတ်စားဆင်ယင်မှု ခေတ်မီလာသည်ဆိုတာထက် ခေတ်လွန်နေပြီဆိုက လွန်အံ့မထင်ပါ။ မြန်မာနိုင်ငံသည် နိုင်ငံနှင့်လူမျိုးအကျိုးစီးပွားကို ထိန်းသိမ်းစောင့်ရှောက်နိုင်စွမ်းသော နိုင်ငံဖြစ်သည်နှင့်အညီ ရိုးရာဓလေ့ထုံးစံကိုလည်း လေးစားလိုက်နာကြရပေမည်။

စိတ်မကောင်းစရာ

မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဝတ်စားဆင်ယင်မှုကို နိုင်ငံကျော်အဆိုတော်၊ သရုပ်ဆောင်များမှစ၍ ဖောက်ဖျက်နေသည်ပင်။ ယနေ့နိုင်ငံတွင် ကျော်ကြားသော အဆိုတော်များ၊ တစ်ကိုယ်တော်လိုက်ဖ်ရှိုး၊ စတိတ်ရှိုးစသည်ဖြင့် ဖျော်ဖြေပွဲများတွင် ကြည့်ပါ။ မြန်မာ့ယဉ်ကျေးမှုနှင့်ကိုက်ညီသော ဝတ်စားဆင်ပြင်မှု ဘယ်နေရာ လိုက်ရှာရမှန်းမသိ။ ထမီရင်ရှားထားသကဲ့သို့ အင်္ကျီနှင့်ဂါဝန်တစ်ဆက်တည်း ရှည်ရှည်ကျယ်ကျယ်ကြီးများနှင့် ရုပ်ပျက်ဆင်းပျက်လုပ်နေကြသည့် မြန်မာနိုင်ငံက အဆိုတော်များ၏ဝတ်စားပြင်ဆင်မှုကား စိတ်မကောင်းစရာပင်။

ယခု ဇာတ်သဘင်လောကကိုကြည့်ပါကလည်း နှစ်ပါးသွား၊ အော်ပရာကြည့်ရသည်မရှိ၊ ပွဲထွက်ထွက်ချင်း ဖျော်ဖြေပွဲက ခေတ်ပေါ်စတိတ်ရှိုးဖြစ်သည်။ ပရိသတ်တောင်းဆိုမှုကြောင့် ထည့်သွင်းဖျော်ဖြေရသော ခေတ်ပေါ်စတိတ်ရှိုးများတွင် ဇာတ်သဘင်ပညာများနှင့် မအပ်စပ်သော ဝတ်စားပြင်ဆင်မှုများမှာ ခေတ်လွန်နေပြီး ပွဲကြည့်ရသောအရသာကို ဘာမှန်းမသိလိုက်ရပါ။

နိုင်ငံ၏ဦးဆောင်ဦးရွက် ရိုးရာယဉ်ကျေးမှုဓလေ့ကို ထိန်းသိမ်းစောင့်ရှောက်ရင်း ပညာပေးရေး၊ အသိဉာဏ်ပွင့်လင်းရေးမှာ ရှေ့ဆောင်နည်းပြဖြစ်သော မြန်မာ့ဇာတ်သဘင်နှင့် ရုပ်ရှင်ပညာသည်များကိုယ်တိုင်က ယဉ်ကျေးမှုနဲ့မကိုက်ညီ၊ မြန်မာ့ဓလေ့စရိုက်ကို ထိန်းသိမ်းမှုမရှိ၊ ပြည်သူလူထုကို ပညာမပေးနိုင်၊ သုတရသမပေးနိုင်ဘဲ ၎င်းတို့ကိုယ်တိုင်ခေတ်လွန်အပြင်အဆင်များနှင့် တင်ဆက်နေသည့် နိုင်ငံကျော်အနုပညာရှင်များအနေဖြင့် မိမိတို့၏ မြန်မာ့ယဉ်ကျေးမှုကို ထိန်သိမ်းစောင့်ရှောက်ပေးကြပါ။ ကိုယ့်ကိုယ်ကို ကာကွယ်ထိန်းသိမ်းကြပါ။

မြန်မာနိုင်ငံမှ မြန်မာလူမျိုးများဖြစ်ကြောင်း မမေ့ကြစေရန် သတိချပ်သင့်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ခင်ဇာမွန်မြင့်(ဥပဒေ)

ကလေးမြို့တွင် အဆင့်မြင့်ယာဉ်လိုင်းအသစ်များ ဖွင့်လှစ်ပြေးဆွဲ

ကလေး ဇန်နဝါရီ ၈

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ယာဉ်လိုင်းအသစ်များ ဖွင့်လှစ်ပြေးဆွဲလျက်ရှိသည်။

ယင်းသို့ အသစ်ဖွင့်လှစ်လျက်ရှိသည့် ယာဉ်လိုင်းများအနက် ချယ်ရီရတနာအဆင့်မြင့်ခရီးသည်ပို့ဆောင်ရေးယာဉ်ငယ်အသင်းက ခရီးသည်များ စရိတ်သက်သာ၊ လူသက်သာဖြင့် ခရီးသွားလာနိုင်ရန်ရည်ရွယ်လျက် ကလေး-မန္တလေး၊ တမူး-မန္တလေးခရီးစဉ်များကို ဇန်နဝါရီ ၇ ရက်မှစ၍ ဂျပန်နိုင်ငံထုတ် GRAND CABING (Air Con) ၁၀ ဦးစီးယာဉ်များဖြင့် ကလေး-မန္တလေး ရှေ့ခန်း ၂၅၀၀၀ ၊ ရိုးရိုး ၂၀၀၀၀၊ တမူး-မန္တလေး ရှေ့ခန်း ၃၀၀၀၀၊ ရိုးရိုးငွေကျပ် ၂၅၀၀၀ နှုန်းဖြင့် စတင်ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

ဝန်ဆောင်မှုအနေဖြင့် ခရီးသည်များ ကြိုတင်လက်မှတ်ကို တယ်လီဖုန်းဖြင့် မှာယူပါက (မြို့တွင်း) နေအိမ်အရောက်ပို့ပေးကာ ခရီးသည်များအား ကြို/ပို့ စနစ်ဖြင့် ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရှိရသည်။

အိအိ(ကိုယ်ပွား-ကလေး)

စုံညီပွဲတော်ဖွင့်လှစ်

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၆ ရက်က အထက(၂) မြက်ခင်းပြင်၌ ကျင်းပရာ ကျောင်းသား ကျောင်းသူလေးများက စုံညီပွဲတော် ဒို့နွဲပျော်သီချင်းဖြင့် ဖွင့်လှစ်ပေးစဉ်။ (ဝ၂၁)

လီဆူတိုင်းရင်းသား ရိုးရာနှစ်သစ်ဆုတောင်းပွဲ မြစ်ကြီးနား၌ ကျင်းပ

မြစ်ကြီးနား ဇန်နဝါရီ ၈

မြစ်ကြီးနားမြို့ ခေမာသီရိရပ်ကွက် လမ်းသွယ် ၂၁ အမှတ် ၄၅၀ ၌ ဖွင့်လှစ်ထားသည့် မြန်မာနိုင်ငံလီဆူစာပေနှင့်ယဉ်ကျေးမှုဗဟိုကော်မတီရုံးတွင် ဇန်နဝါရီ ၅ ရက် မွန်းလွဲ ၁ နာရီက ၂၀၁၃ ခုနှစ်အတွက် နှစ်သစ်ဆုတောင်းပွဲကျင်းပရာ လီဆူတိုင်းရင်းသားရေးရာဝန်ကြီး ဦးအားဆီ၊ မြန်မာနိုင်ငံ လီဆူစာပေနှင့်ယဉ်ကျေးမှု ဗဟိုကော်မတီမှတာဝန်ရှိသူများ၊ လီဆူစတား ဂရု(ပ်) ဥက္ကဋ္ဌဦးရိလီမီနှင့် အဖွဲ့ဝင်များ၊ လီဆူတိုင်းရင်းသား ဘာသာရေးခေါင်းဆောင်များနှင့် ဖိတ်ကြားထားသူများ ထက်ရောက်ကြကြောင်း သိရသည်။ (ဝ၆၂)

အမှုစစ်အရာရှိ မွမ်းမံသင်တန်းဖွင့်

နေပြည်တော် ဇန်နဝါရီ ၈

မြန်မာနိုင်ငံရဲတပ်ဖွဲ့ နေပြည်တော်၏ အမှုစစ်အရာရှိမွမ်းမံသင်တန်းဖွင့်လှစ်ပွဲကို ဇန်နဝါရီ ၇ ရက်နံနက် ၉ နာရီက နေပြည်တော်ရဲတပ်ဖွဲ့ အမှတ် (၁) ရဲစခန်း၌ ကျင်းပရာ နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်အောင်က သင်တန်းဖွင့်အမှာစကား ပြောကြားခဲ့သည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ နေပြည်တော်ရဲတပ်ဖွဲ့စခန်းများမှ ဒုရဲအုပ် ၂၅ ဦးတက်ရောက်ခဲ့ကြကာ သင်တန်းကာလမှ ရက်သတ္တနှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

(ကိုကိုလွင်)

အားကစားမြှင့်တင်
စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

အမျိုးသမီးတိုက်စစ်မှူး ဝမ်ဘတ်ချ် ရွှေဘောလုံးနှင့် ရွှေဖိနပ်ဆုဆွတ်ခူး

အမေရိကန်အမျိုးသမီး ဘောလုံးတိုက်စစ်မှူး အက်ဘိုင်ဝမ်ဘတ်ချ်အား ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့၌ကျင်းပသော ကမ္ဘာ့အကောင်းဆုံး အမျိုးသမီးဘောလုံးသမားဆု (Ballon d'or)ပေးပွဲတွင် အကောင်းဆုံးဘောလုံးသမားဆုဆွတ်ခူး ရရှိသွားခဲ့သည်။

အသက် ၃၂ နှစ်ရှိ ဝမ်ဘတ်ချ်သည် အမေရိကန်အမျိုးသမီးဘောလုံးအသင်းနှင့်အတူ လန်ဒန် ၂၀၁၂ အိုလံပစ်တွင် ရွှေတံဆိပ်ဆု ဆွတ်ခူးပေးနိုင်ခဲ့သည်။ သူမသည် ဘရာဇီးနာမည်ကြီး တိုက်စစ်မှူး မာတာနှင့် အမေရိကန်အသင်း ကစားဖော် အဲလက်ဇ်မော်ဂန်တို့ကို ကျော်ဖြတ်ပြီး ၎င်းဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဝမ်ဘတ်ချ်သည် အမေရိကန်အမျိုးသမီးအသင်းအတွက် ၁၉၈ ပွဲကစားပြီး ၁၅၂ ဂိုးသွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။ သူမသည် အကောင်းဆုံးဘောလုံးသမားဆုနှင့် ရွှေဘောလုံးဆုအပြင် ဂိုးအများဆုံးသွင်းယူခဲ့သည့်အတွက် ရွှေဖိနပ်ဆုကိုပါ ဆွတ်ခူးသွားခဲ့သည်။

အဲဗာတန် အက်ဖ်အေ စတုတ္ထဆင့်တက်

အဲဗာတန်က ချယ်လ်တန်ဟမ်အဖ်အသင်းကို ငါးဂိုး-တစ်ဂိုးသွင်းယူပြီး အက်ဖ်အေဖလားစတုတ္ထအကျော့ပြိုင်ပွဲသို့ တက်ရောက်သွားခဲ့သည်။ အဲဗာတန်တို့ယင်းပွဲ အနိုင်ရလိုက်သဖြင့် စတုတ္ထအကျော့တွင် ဆန်းဒါးလန်းသို့မဟုတ် ဘော်လ်တန်နှင့် ကစားရမည်ဖြစ်သည်။

အာဖရိကနိုင်ငံများဖလား အဒီဘာယောပါဝင်မည်

စပါးတိုက်စစ်မှူး အဒီဘာယောသည် ၂၀၁၃ အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲတွင် တိုဂိုအသင်းကိုယ်စားပြု ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ၎င်း၏အေးဂျင့်က ပြောကြားသည်။ ၎င်းသည် တိုက်စစ်မှူး ဒီဖိုးနှင့်အတူ တိုဂိုအသင်းအတွက် ပါဝင်ကစားရန် စီစဉ်လျက်ရှိသည်။ တောင်အာဖရိက၌ လာမည့် ၁၉ ရက်တွင် အဆိုပါဘောလုံးပြိုင်ပွဲကို စတင်ကစားမည်ဖြစ်သည်။

ကောင်းမြတ်သူ-စုစည်းသည်

စာအုပ်စာပေ
လူ့မိတ်ဆွေ

ပြင်ဆင်ဖတ်ရှုပါရန်

၈-၁-၂၀၁၃ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၈)၊ ကော်လံ(၃)တွင် ရန်ကုန်မြို့တော် အများပြည်သူ သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့ ဖွဲ့စည်းသတင်း၏ စာပိုဒ် (၄)၌ ဖော်ပြပါရှိသည့် အဖွဲ့ဝင် ဦးထွန်းဝင်းနှင့် ဦးသက်လွင်(အစား) ဦးထွန်းဦးနှင့် ဦးသက်လွင်ဦးဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(မြန်မာ့အလင်း)**

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၃ဖြင့် မိတ္ထီလာမြို့ ဈေးအရှေ့ပြင်ရပ် ကျားမင်းအပြည်ပြည်ဆိုင်ရာ ကုမ္ပဏီဥက္ကဋ္ဌ**သုဓမ္မသိင်္ဂီ ဒေါ်ခင်ရှိန်**အား သာသနာတော်ဆိုင်ရာ **သီဟသုဓမ္မသိင်္ဂီ**ဘွဲ့တံဆိပ် ထပ်ဆင့်ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ရပါကြောင်း။

သား-ဦးစိုးမြင့်ဟန်-ဒေါ်နန်းဝေဝေခိုင်(အာရှမြန်မာကုမ္ပဏီ)
ဦးမျိုးသန်းနိုင်-ဒေါ်နီလာ(ကျားမင်းကုမ္ပဏီ)
မြေး-မဆွေဇင်မြင့်ဟန်၊ မရွှန်းလဲ့မြင့်ဟန်၊ မပြုံးမ္မူဟန်၊
မောင်မျိုးသုတဟန်၊ မောင်မျိုးပြည့်စုံဟန်

ဦးရာလူရမည် (ညှိနှိုင်း)

1. Mitsubishi Delica Light Truck ၁တန် 1800 CC (ဓာတ်ဆီ) **ကျပ် ၈၄ သိန်း**
2.Toyota Hilux D-cab (LN-112) (4x4) 2400 CC (ဒီဇယ်) **ကျပ် ၁၈၅ သိန်း+စလစ်**

ဖုန်း-၀၉-၇၃၄၀၄၀၄၀၊ ၀၉-၇၃၁၀၇၃၁၀

Au, Ag, Pt, Os, Ir, Ru, Rh, Pd, Sn နှင့် ပတ်သက်တဲ့
အသုံးအဆောင်
ပစ္စည်းဟောင်းများ၊
စွန့်ပစ်ပစ္စည်းများ၊
ကုန်ကြမ်းပစ္စည်းဟောင်းများ
ဝယ်လိုပါသည်။
ဆက်သွယ်ရန်-
ဖုန်း-၀၉-၈၆၃၂၃၀၀

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၄၊ မြေကွက်အမှတ် ၁၅၊ မြေကွက်တည်နေရာ အမှတ် ၁၅၊ လှိုင်ရတနာမွန်အိမ်ရာစီမံကိန်း၊ လှိုင်မြို့နယ်၊ ဒေါ်စန်းစန်းရီ၊ ဦးကျော်ဝင်းအမည်ပေါက် နှစ် ၆၀ မြေငှားဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်စန်းစန်းရီကွယ်လွန်သဖြင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဦးကျော်ဝင်း ၁၃/ကတန(နိုင်)၀၁၁၀၃၃ က တစ်ဦးတည်းသော ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်၊ အရောင်းအဝယ်စာချုပ်ရန်နှင့် မြေကွက်ဂရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

လက်ထပ်ထိမ်းမြားမင်္ဂလာ ကျေးဇူးတင်လွှာ

ပဲခူးမြို့နေ
ဦးစိုးကြည် (လ/ထ ညွှန်ကြားရေးမှူး၊ DBE-1၊ ငြိမ်း)-ဒေါ်ခင်မာကြည် (အမက၊ ကျောင်းအုပ်၊ ငြိမ်း)၊
နဒီအထည်ဆိုင် (ပဲခူးမြို့မဈေး)တို့၏တစ်ဦးတည်းသော သား
မောင်သူရိန်လင်းဟိန်း
B.C.Sc (Q), B.A (Eco), Senior Software Engineer
DP Technology Pte. Ltd., Singapore
နှင့်
ရန်ကုန်မြို့နေ
(ဦးခင်မောင်မြင့်၊ ညွှန်ကြားရေးမှူး၊ECC၊ငြိမ်း)-ဒေါ်တင်ဝင်း (စီမံ/စီးပွားဝန်ကြီးဌာန၊ ဝန်ကြီးများရုံး၊ ငြိမ်း)တို့၏ သမီး
မလဲ့နန္ဒာမြင့်
B.Sc. (Physics), A.G.T.I (IT), Software Engineer
EPCOS Pte. Ltd., Singapore

တို့၏ ၁၂-၁၂-၂၀၁၂ ရက်တွင် တိုင်းဒေသကြီး ဥပဒေချုပ်ရုံး၊ ရန်ကုန်မြို့၌ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် မော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ဒုတိယတိုင်းဒေသကြီး ဥပဒေအရာရှိ ဒေါ်လွင်လွင်သန်း၊ အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးပါသော ဗိုလ်ကြီးလှကျင်(လက်ထောက်ဌာနမှူး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ငြိမ်း)၊ ဒေါ်ရီရီဝင်း (သီရိမင်္ဂလာဟိုတယ်)တို့အားလည်းကောင်း၊ ရန်ကုန်မြို့ ပါဠိတက္ကသိုလ်၊ ညောင်တုန်းကျောင်းတိုက်၌ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာဦးဆွမ်း ဆက်ကပ်လှူဒါန်းပွဲသို့ ကြွရောက်ချီးမြှင့်ခဲ့ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ ၁၆-၁၂-၂၀၁၂ ရက်တွင် ပဲခူးမြို့၊ ရွှေဝါထွန်းဟိုတယ်နှင့် ၂၃-၁၂-၂၀၁၂ ရက်တွင် Traders Hotel (Myanmar Ballroom) တို့၌ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးကြပါသော ဒုတိယဗိုလ်မှူးကြီးခင်သန်း(ငြိမ်း)နှင့် ဇနီး ဒေါ်ခင်သန်းအေး (လက်ထောက်ညွှန်ကြားရေးမှူး DBE-1၊ ငြိမ်း)၊ ဦးခင်မောင်မြ (Mariner) Instructor, Myanmar Seaman Federation နှင့်ဇနီး ဒေါ်သန်းသန်းနွဲ့တို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ဆင်မြန်းပေးပါသော ဦးမောင်ထူး (ဒုတိယညွှန်ကြားရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး)နှင့်ဇနီး ဒေါ်သရဖီဝင်း၊ ဦးအောင်မြတ်စိုး (အမှုဆောင်အရာရှိ၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန)နှင့်ဇနီး ဒေါ်ခင်မိုးမိုး (အလုံမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးကြပါသော ရပ်နီးရပ်ဝေးမှ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသောဦးညွန့်ဝေနှင့် ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်တေးသီဆိုချီးမြှင့်ပေးပါသော တေးသံရှင် ပိုးအိစံအားလည်းကောင်း၊ မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးပါသော မောင်လင်းပြည့်ဖြိုး၊ မအိတုန်လေးနှင့် မသိမ့်နဒီဇင်၊ မင်္ဂလာပန်းကြဲပေးပါသော မပိုးပြည့်စုံနှင့် မအိကေဇင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် လက်ထပ်လက်စွပ်ကလပ်ကိုင်ဆောင်ပေးပါသော မသက်ဖူးပွင့်အောင်နှင့် မခိုင်ဆုမွန်၊ သတို့သားအရံများအဖြစ် ဆောင်ရွက်ပေးကြပါသော မောင်ဟိန်းထက်အောင်နှင့် မောင်ကျော်ထက်ခိုင်၊ သတို့သမီးအရံများအဖြစ် ဆောင်ရွက်ပေးကြပါသော မအိရွှေစင်အောင်နှင့် မပိုးပြည့်စုံတို့အားလည်းကောင်း၊ မင်္ဂလာတေးသံသာတို့ဖြင့်ဖျော်ဖြေပေးပါသော Cupid Music Band၊ မင်္ဂလာဝတ်စုံ၊ မိတ်ကပ်နှင့် ဆံပင်အလှဆင်ပေးပါသော ဒီဇင်ဘာနှင်းနှင့်အဖွဲ့၊ ဇေဇေ(ခင်စန်းဝင်း)၊ ဖွန်ပွင့်ဖြူနှင့်အဖွဲ့၊ Venus Bridal Selection Malaysia၊ ဘဲလေး မင်္ဂလာဝတ်စုံ၊ Zeta Fashion Design တို့အားလည်းကောင်း၊ ပန်းအလှဆင်ပေးပါသော Traders Hotel၊ ဖိုးစနေနှင့် ကိုမြတ်သန့်၊ မင်္ဂလာမှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးပါသော ကိုနေလင်း၊ ကိုတင့်၊ ကိုအာကာထွန်းကျော်၊ ကိုမျိုးလွင်ဦးနှင့် 7 Picture နှင့်အဖွဲ့၊ ဖိတ်စာရိုက်နှိပ်ပေးသော ဒဂုန်ပုံနှိပ်တိုက်၊ Pre-wedding ဓာတ်ပုံရိုက်ကူးပေးသော Venus Bridal Selection Malaysia တို့အားလည်းကောင်း၊ မင်္ဂလာပွဲသို့ လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ခဲ့ကြပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် အခြားအဘက်ဘက်မှ ကူညီပေးခဲ့ကြသူအားလုံးတို့အား လှိုက်လှဲစွာ အထူးကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သူရိန်လင်းဟိန်း-မလဲ့နန္ဒာမြင့်

နိုင်ငံတကာအားကစားသတင်း

အားကစားသတင်း အတိုအထွာ

❑ ကျူပီအာအသင်းသည် အသက် ၂၂ နှစ်အရွယ်ရှိ ပြင်သစ်ကွင်းလယ်ကစားသမား အမ်ဗီလာကို ပြောင်းရွှေ့ကြေးပေါင် ၆ ဒသမ ၅ သန်းဖြင့် ခေါ်ယူရန်ကြိုးစားလျက်ရှိသည်။

❑ ဘွန်ဒက်စ်လီဂါကလပ် ဒေါ့မွန်အသင်းမှ အသက် ၂၃ နှစ်အရွယ် ကွင်းလယ်ကစားသမား စတီဗင်ဘန်ဒါကို မန်ယူအသင်းက ခေါ်ယူရန် ဆွေးနွေးလျက်ရှိသည်။

❑ ရလဒ်များဆိုးရွားပြီး ကစားသမားများကို စည်းရုံးမှုများပြုလုပ်နေရသည့် အာဆင်နယ်နည်းပြ အာစင်ဝင်းဂါး၏တည်ငြိမ်မှုကို မိမိလေးစားကြောင်း ရီးရဲမက်ဒရစ်နည်းပြ မော်ရင်ဟိုက ချီးကျူးလိုက်သည်။

❑ ရီးရဲမက်ဒရစ်ဂိုးသမား ကာဆီးယက်စ်သည် တစ်နှစ်တာအကောင်းဆုံးဂိုးသမားဆုနှင့်ထိုက်တန်ကြောင်း တိုက်စစ်မှူး စီရိုနယ်ဒိုက ပြောကြားသည်။

❑ ဘာစီလိုနာ နည်းပြဟောင်း ဂွာဒီယိုလာသည် နည်းပြကောင်းတစ်ဦးဖြစ်ရာ ဘောလုံးလောကသို့ အမြန်ဆုံးပြန်လည်ဝင်ရောက်ကာ ကလပ်အသင်းတစ်သင်းကို ကိုင်တွယ်သင့်ကြောင်း စပါးနည်းပြ ဘိုအက်စ်က ထုတ်ဖော်ပြောကြားသည်။

❑ ဗလင်စီယာနည်းပြ ဗာလ်ဗာဒီက ဂရင်နာဒါအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းမှာ ပျော်ရွှင်စရာမဟုတ်ကြောင်း၊ အခက်အခဲများစွာ ကျော်ဖြတ်ရန် ရှိနေသေးကြောင်း သူ၏ကစားသမားများအား သတိပေးလိုက်သည်။

❑ ရီးရဲမက်ဒရစ်တွင် ပွဲထွက်ကစားသမားများ ရွေးချယ်ရာတွင် နည်းပြ မော်ရင်ဟို၌ ဖိစီးမှုများရှိနေကြောင်း၊ ပွဲရလဒ်ကောင်းရန်ကြိုးစားနေရကြောင်း ဝေဖန်ပြစ်တင်မှုများနှင့်ကြုံတွေ့လျက်ရှိသည်။

❑ ဘာစီလိုနာနည်းပြ ဗယ်လာဒီနိုသည် မြို့ခံပြိုင်ဘက် အက်စ်ပန်ညိုနှင့်ပွဲတွင် နည်းပြတာဝန်ပြန်လည်ယူနိုင်မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

❑ ရီးရဲမက်ဒရစ်ကွင်းလယ်ကစားသမား အလွန်ဆိုက မိမိတို့အသင်းသည် စိတ်ဓာတ်အမြင့်ဆုံးထားရှိကစားရန် လိုအပ်နေသည်ဟု ကစားဖော်များအား သတိပေးပြောကြားသည်။

❑ စပါးကွင်းလယ်ကစားသမား ဂါရက်ဘေးလ်ကို မန်စီးတီးအသင်းက ခေါ်ယူရန်ကြိုးစားလျက်ရှိရာ ဆွေးနွေးမှုများပြုလုပ်လျက်ရှိသည်။

❑ ဖယ်လ်ကာအိုသည် ကမ္ဘာ့အကောင်းဆုံးတိုက်စစ်မှူးများတွင် တစ်ဦးအပါအဝင်ဖြစ်ကြောင်း မန်ယူနောက်ခံလူ ဗီဒစ်က ချီးကျူးပြောကြားသည်။

❑ အင်္ဂလန်အသင်းခေါင်းဆောင်ဟောင်း အသက် ၃၇ နှစ်အရွယ်ရှိ ဒေးဗစ်ဘက်ဟမ်းအား တရုတ်ထိပ်တန်းကလပ်အသင်းတစ်သင်းက ခေါ်ယူရန်ကြိုးစားလျက်ရှိသည်။

❑ တရုတ်ကလပ် ရှန်ဟိုင်းရှင်ဟွာအသင်းတွင် ကစားနေသော တိုက်စစ်မှူး ဒရော့ဘာသည် ဥရောပထိပ်တန်းကလပ်အသင်းတစ်သင်း၌ ပြန်လည်ကစားရန် ဆန္ဒပြင်းပြလျက်ရှိသည်။

မောင်ချစ်ကြည် - စုစည်းသည်

ဖီဖာတစ်နှစ်တာအကောင်းဆုံးဘောလုံးသမားဆု မက်ဆီ လေးကြိမ်မြောက်ဆွတ်ခူး

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဖီဖာရဲ့ ၂၀၁၂ ခုနှစ်အတွက် တစ်နှစ်တာအကောင်းဆုံးဘောလုံးသမားဆုကို ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့မှာ ဇန်နဝါရီ ၇ ရက်က ရွေးချယ်ချီးမြှင့်ခဲ့ရာ အာဂျင်တီးနားနဲ့ ဘာစီလိုနာတိုက်စစ်မှူး မက်ဆီကဆွတ်ခူးရရှိခဲ့ပါတယ်။ ဖီဖာရဲ့ ၂၀၁၂ခုနှစ် တစ်နှစ်တာအကောင်းဆုံးအမျိုးသမီးဘောလုံးသမားဆုကို အမေရိကန်အမျိုးသမီးတိုက်စစ်မှူး အက်ဘီဝမ်ဘတ်က ဆွတ်ခူးသွားနိုင်ခဲ့ပါတယ်။

အသက် ၂၅ နှစ်အရွယ်ရှိတဲ့ ဘာစီလိုနာတိုက်စစ်မှူး မက်ဆီဟာ ဖီဖာရဲ့ တစ်နှစ်တာ အကောင်းဆုံးဘောလုံးသမားဆုကို အခုအကြိမ်နဲ့ဆိုရင် လေးကြိမ်မြောက် ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်ပြီး ဖီဖာရဲ့ သမိုင်းမှာတော့ တစ်နှစ်တာအကောင်းဆုံးဆုကို မက်ဆီက လေးကြိမ်မြောက် ဆွတ်ခူးနိုင်တဲ့ ပထမဆုံးဘောလုံးသမားအဖြစ်မှတ်တမ်းတင်နိုင်ခဲ့ပြီဖြစ်ပါတယ်။

၂၀၁၂ ခုနှစ်ရဲ့တစ်နှစ်တာအကောင်းဆုံး ဘောလုံးသမားဆုကို မက်ဆီက ၄၁ ဒသမ ၆ ရာခိုင်နှုန်း၊ စီရိုနယ်ဒိုက ၂၃ ဒသမ ၆၈ ရာခိုင်နှုန်းနဲ့ အင်နီယေစတာက ၁၀ ဒသမ ၉၁ ရာခိုင်နှုန်းဆန္ဒမဲပေးရွေးချယ်ခံရခြင်းဖြစ်ပါတယ်။ မက်ဆီက အခုလို အကောင်းဆုံး ဘောလုံးသမားဆုရရှိခဲ့တာဟာ အာဂျင်တီးနားအသင်းနဲ့ ဘာစီလိုနာအသင်းက ကစားဖော်တွေ၊ နည်းပြတွေနဲ့ပရိသတ်တွေရဲ့ အားပေးကူညီမှုကြောင့်ဖြစ်ပါတယ်လို့ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

မက်ဆီဟာ ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ်က တစ်နှစ်တာအတွင်း ဂိုးပေါင်း ၉၁ ဂိုးသွင်းယူနိုင်ခဲ့လို့ ဂိုးအများဆုံးသွင်းယူနိုင်တဲ့ ကစားသမားအဖြစ် စံချိန်တင်နိုင်ခဲ့သလို အခုလည်း စံချိန်သစ်တင်နိုင်ခဲ့ပြန်ပြီဖြစ်ပါတယ်။ ဒါ့အပြင် ဘာစီလိုနာကလပ်နဲ့ အာဂျင်တီးနားအသင်းတို့နဲ့အတူ နိုင်ငံတကာပွဲတွေမှာ စုစုပေါင်း ၂၅ ဂိုးအထိ သွင်းယူထားနိုင်တဲ့ ဂိုးအများဆုံးသွင်းယူနိုင်တဲ့ ဘောလုံးသမားအဖြစ်လည်း မှတ်တမ်းတင်ထားနိုင်သူ ဖြစ်ပါတယ်။ နောက်ပြီး ဖီဖာကလပ်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာလည်း လေးဂိုးအထိ သွင်းယူနိုင်တဲ့ အများဆုံးဂိုးသွင်းသူအဖြစ် ဒီနီလ်ဆင်နဲ့မိုဟာမက် အဘူထရီကာတို့နဲ့အတူ မှတ်တမ်းတင်ထားနိုင်ခဲ့သူလည်းဖြစ်ပါတယ်။

မက်ဆီရဲ့ ဂိုးသွင်းစွမ်းရည်တွေကို ကြည့်ရင် မိခင်အာဂျင်တီးနားအသင်းအတွက် တစ်နှစ်အတွင်းမှာ ၁၂ ဂိုးသွင်းပြီး စံချိန်တင်ထားသလို စပိန်လာလီဂါရဲ့ ဘောလုံးတစ်ရာသီအတွင်းမှာ ဂိုးပေါင်း ၅၀ အထိသွင်းယူပြီး ဂိုးသွင်းစံချိန်ရှင်အဖြစ်လည်း သတ်မှတ်ခံထားရသူဖြစ်ပါတယ်။ ဒါ့အပြင် စပိန်လာလီဂါရဲ့ ဘောလုံးတစ်ရာသီတည်းမှာ ဟက်ထရစ်ရစ်ကြိမ်အထိ သွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူးသူရဲကောင်းတစ်ဦးလည်း ဖြစ်တဲ့အပြင် ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ တစ်ဦးတည်း ၅၆ ဂိုးအထိ သွင်းယူပြီး လာလီဂါမှာလည်း အခုအချိန်အထိ ၁၉၆ ဂိုးသွင်းယူထားတဲ့ တိုက်စစ်မှူးလည်းဖြစ်ပါတယ်။

ဒီလိုဂိုးသွင်းပါရမီထူးတဲ့ မက်ဆီဟာ အခုမှ အသက် ၂၅ နှစ်သာ ရှိသေးတာမို့ နောင်နှစ်တွေမှာလည်း ဖီဖာရဲ့အကောင်းဆုံး ဘောလုံးသမားဆုကို ရရှိဖို့အခွင့်အရေးတွေရှိနေပါသေးတယ်။ ဖီဖာရဲ့ တစ်နှစ်တာ အကောင်းဆုံးဘောလုံးသမားဆုတွေကို သုံးကြိမ်အထိရရှိခဲ့ဖူးတဲ့ တိုက်စစ်မှူးတွေကတော့ ဘရာဇီးတိုက်စစ်မှူး ရော်နယ်ဒိုက ၁၉၉၆ ခုနှစ်၊ ၁၉၉၇ ခုနှစ်နဲ့ ၂၀၀၂ ခုနှစ်တွေမှာ ရရှိခဲ့တာဖြစ်ပြီး ပြင်သစ်ကွင်းလယ်တိုက်စစ်မှူး ဇီဒန်းကတော့ ၁၉၉၈ ခုနှစ်၊ ၂၀၀၀ ပြည့်နှစ်နဲ့ ၂၀၀၃ ခုနှစ်တို့မှာဖြစ်ပါတယ်။

"ဒီဆုကိုရရှိတဲ့အတွက် မိတ်ဆွေတွေ၊ ကစားဖော်တွေ၊ ဇနီးသည်နဲ့သားတို့ကို ကျေးဇူးတင်ပါတယ်။ သူတို့ရဲ့ တွန်းအားတွေ အများကြီးပါဝင်ပါတယ်" လို့ မက်ဆီက ဆုလက်ခံယူအပြီးမှာ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ မက်ဆီဟာ ကမ္ဘာ့ဘောလုံးသမိုင်းမှာတော့ ထူးခြားတဲ့မှတ်တိုင်တွေ၊ စံချိန်တွေကိုတစ်ခုပြီးတစ်ခု တင်နေသူတစ်ဦးဖြစ်နေပါတယ်။

၂၀၁၂ ခုနှစ်ရဲ့ ဖီဖာတစ်နှစ်တာအကောင်းဆုံး ဘောလုံးအသင်းအတွက် ဘောလုံးသမားတွေကတော့ ဂိုး-ကာဆီးယက်စ်၊ နောက်တန်း-အဲလ်ဗက်(ဘာစီလိုနာ)၊ ပီကေး(ဘာစီလိုနာ)၊ ရာမို့စ်(ရီးရဲမက်ဒရစ်)၊ မာစီလို(ရီးရဲမက်ဒရစ်)၊ အလယ်တန်း-အင်နီယေစတာ(ဘာစီလိုနာ)၊ အလွန်ဆို(ရီးရဲမက်ဒရစ်)၊ ဆာဗီး(ဘာစီလိုနာ)၊ ရှေ့တိုက်စစ်မှူး-စီရိုနယ်ဒို(ရီးရဲမက်ဒရစ်)၊ ဖယ်လ်ကာအို(အက်သလက်တီကိုမက်ဒရစ်)၊ မက်ဆီ(ဘာစီလိုနာ)တို့ဖြစ်ပါတယ်။

ဖီဖာရဲ့ တစ်နှစ်တာအကောင်းဆုံးနည်းပြဆုကို စပိန်အသင်းနည်းပြ အသက် ၆၂ နှစ်အရွယ်ရှိတဲ့ ဒဲလ်ဘော့ကရရှိခဲ့ပါတယ်။ ဒဲလ်ဘော့ဟာ စပိန်အသင်းကို ယူရိုချန်ပီယံဖြစ်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်ပြီး သူက မဲဆန္ဒ ၃၄ ဒသမ ၅၁ ရာခိုင်နှုန်း၊ မော်ရင်ဟိုက ၂၀ ဒသမ ၄၉ ရာခိုင်နှုန်း၊ ဂွာဒီယိုလာက ၁၂ ဒသမ ၉၁ ရာခိုင်နှုန်းနဲ့ ရွေးချယ်ခံခဲ့ရခြင်းဖြစ်ပါတယ်။

ဖီဖာရဲ့ ၂၀၁၂ ခုနှစ် တစ်နှစ်တာအကောင်းဆုံးဂိုးသွင်းသူအဖြစ် ဖီဖာပူးစကတ်စ်ဆုကိုတော့ ဂါလာတာစာရေးအသင်းတိုက်စစ်မှူး မီရော့စ်လက်ဗ်စတော့ချ် သွင်းယူခဲ့တဲ့ဂိုးက ရရှိခဲ့ပါတယ်။ တစ်နှစ်တာအကောင်းဆုံး အမျိုးသမီးနည်းပြဆုကို အမေရိကန် အမျိုးသမီးဘောလုံးအသင်းနည်းပြ ပီရာဆန်ဟက်က ရရှိခဲ့သွားခဲ့ပါတယ်။

ဒါကြောင့် ဖီဖာရဲ့ ၂၀၁၂ ခုနှစ်အကောင်းဆုံး ဘောလုံးအားကစားဆုတွေထဲမှာတော့ မက်ဆီရဲ့ လေးကြိမ်မြောက် အကောင်းဆုံးဘောလုံးသမားဆု ရရှိခြင်းဟာ ထူးခြားမှုများနဲ့ ပြည့်လျှမ်းလျက်ရှိနေခဲ့ပြီဖြစ်ပါတယ်။ ။

မောင်မောင်မြင့်ဆွေ - ရေးသားသည်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စဥ့်ငူရပ်ကွက်၊ သစ္စာလမ်း၊ အမှတ် ၄၁၃ နေ ဒေါ်ရင်ရင်ဌေး ၁၂/ အစန(နိုင်)၀၉၇၅၅၅ ပိုင်ဆိုင်သော အလျား ၄၂ပေ× အနံ ၆၅ပေ ရှိ မြေကွက်နှင့် နှစ်ထပ်တိုက်အဆောက်အအုံ ရေ၊ မီးအစုံ အကျိုးခံစားခွင့် အရပ်ရပ်တို့အား ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်လိုသူမရှိပါက အထက်ဖော်ပြပါ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအေးမင်း(LL.B) အထက်တန်းရှေ့နေ
အမှတ် ၇၃၄၊ ဗိုလ်တေဇလမ်း၊
ဆယ်မိုင်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊
အင်းစိန်မြို့နယ်၊ ဖုန်း-၀၉-၇၃၀၉၃၄၇၀

နန်းကောင်တစ်(ဘ)ဦးစိုင်းရှံ့ ၁၃/ကတန(နိုင်)၀၁၇၇၀၆နှင့် အများသိစေရန်ကြေညာချက်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၊ ရပ်ကွက်(၁)၊ ကောက်ကော့ရပ်ရှိ အကွက်အမှတ် ၄၄နေ စိုင်းယီတစ်(ဘ)ဦးစိုင်းရှံ့ ၁၃/ကတန(နိုင်)၀၁၇၇၀၇၏ လွှဲအပ်ညွှန်ကြားချက်အရ နန်းကောင်တစ်နှင့်အများသိစေရန် ကြေညာအပ်ပါသည်။

ဖခင် ဦးစိုင်းရှံ့နှင့် မိခင် ဒေါ်နန်းအမ်းတို့တွင် နန်းကောင်တစ်နှင့် စိုင်းယီတစ်ဆိုသည့်သားသမီး မွေးဖွားခဲ့ပါသည်။ ဖခင်ဦးစိုင်းရှံ့မှာ ကွယ်လွန်သွားပြီဖြစ်သဖြင့် မိခင်ဒေါ်နန်းအမ်းက ကျိုင်းတုံမြို့၊ ရပ်ကွက်(၁)၊ ကောက်ကော့ရပ်ရှိ အကွက်အမှတ် ၄၄၊ ဦးပိုင်အမှတ် ၂၀-ညနှင့် ၂၀-ဋ၊ ဧရိယာ ၀ဒသမ၀၆၀၊ ၀ဒသမ၀၄၀ဧကရှိ အဆောက်အအုံပါမြေကွက်အား မိခင် ဒေါ်နန်းအမ်းမှ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် ၂၆၄/၂၀၀၃ဖြင့် နန်းကောင်တစ်နှင့် စိုင်းယီတစ် တို့မောင်နှမနှစ်ဦးအား မေတ္တာဖြင့် အပြီးအပိုင် ပေးကမ်းခဲ့ပါသည်။

အဆိုပါမြေကွက်နှင့် အဆောက်အအုံများသည် နန်းကောင်တစ်နှင့် စိုင်းယီတစ်တို့ပူးတွဲပိုင်ပစ္စည်းများဖြစ်၍ စိုင်းယီတစ်၏သဘောဆန္ဒမပါဘဲ နန်းကောင်တစ် တစ်ဦးတည်းအနေဖြင့် လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ရောင်းချခြင်း၊ လှူဒါန်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ အမည်ပြောင်းခြင်းတို့မပြုလုပ်ရန် သတိပေးတားမြစ်အပ်ပါသည်။

အကယ်၍ အထက်ပါတားမြစ်ချက်တစ်ခုခုကို ဖောက်ဖျက်ကျူးလွန်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်နန်းမွန်းတို
အထက်တန်းရှေ့နေ (စဉ်-၂၉၆၇၅)
ဖုန်း-၀၈၄-၂၁၉၀၄၊ ၀၉-၅၂၅၂၂၈၃

အိတ်ဖွင့်တင်ဒါ ပိတ်ရက်ပြောင်းလဲပြင်ဆင်ခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ ဂုန်လျှော်နှင့် လျှော်မျှင်များပညာပေးရေးနှင့် နည်းပညာဖွံ့ဖြိုးရေးဌာနခွဲပိုင် အုတ်ကျင်းဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော စက်တပ်ရေယာဉ်သုံးစင်းနှင့် တွဲရေယာဉ်ခြောက်စင်းတို့အား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါဖြင့်ရောင်းချရန် ၃၁-၁-၂၀၁၂ ရက် မြန်မာ့အလင်းသတင်းစာတွင် တင်ဒါပိတ်မည့်ရက်အား ၁၀-၁-၂၀၁၃ ရက်ဖြင့် ကြေညာခဲ့ပါသည်။

၂။ ဖော်ပြပါတင်ဒါပိတ်မည့်ရက်အား အောက်ပါအတိုင်း ပြောင်းလဲပြင်ဆင်ပါသည်-

အိတ်ဖွင့်တင်ဒါပိတ်မည့်နေ့ရက်/အချိန် - ၂၅-၁-၂၀၁၃ ရက်
(သောကြာနေ့)
၁၃း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန
ရုံးအမှတ် ၅၀၊ နေပြည်တော်
ဖုန်း-၀၆၇-၄၃၁၁၂၂၊ ၀၆၇-၄၃၁၃၁၄၊ ၀၉-၅၀၀၅၃၀၁

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
စစ်ကိုင်းခရိုင်တရားရုံး နယ်တရားမရုံး၌
၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၁၈

၁။ ဦးဆွေတင့်	**နှင့်**	၁။ ဦးမျိုးထွန်း
၂။ ဖြိုးအောင်ကျော်		၂။ ဒေါ်သန်းသန်းမြင့်
တရားလိုများ		**တရားပြိုင်များ**

စစ်ကိုင်းမြို့၊ ပန်းဘဲတန်းရပ်နေ ဦးမျိုးထွန်း(ဘ)ဦးစောမောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ စစ်ကိုင်းမြို့၊ ပိုးတန်းရပ်ကွက်နေ ဦးဆွေတင့်ပါ-၂က အပ်နှံငွေကျပ်သိန်း ၃၂၀ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဇန်နဝါရီ ၁၀ရက် (၁၃၇၄ခုနှစ် နတ်တော်လပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၂ခုနှစ် ဒီဇင်ဘာ ၂၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်လှကြည်
ခရိုင်တရားသူကြီး
ခရိုင်တရားရုံး၊ စစ်ကိုင်းခရိုင်

အမြန်ပြန်လာပါ

ချစ်ဇနီး မြတ်ဖူးပွင့်(ခ)ထက်မှူးခင်နှင့် သားကြီး ဇွဲဘုန်းမြတ်ထက်တို့ ကိုယ်တာဝန်ကနေ အိမ်ပြန်ရောက်ပြီ။ မင်းတို့သားအမိ ထွက်သွားတာ ကိုယ်နယ်ဝေးတာဝန် ထမ်းဆောင်နေတဲ့ကာလအတိုင်း နှစ်လပြည့်ပြီဖြစ်လို့ အမြန်ပြန်လာရန် အကြောင်းကြား---။ **ချစ်ခင်ပွန်း ကို**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/ကံဘဲ့၊ မြေကွက်အမှတ် ၁/စ၂၊ မြေကွက်တည်နေရာအမှတ် ၉၊ မြသီတာလမ်း၊ ၁၆ ရပ်ကွက်၊ ရန်ကင်းမြို့နယ် ဒေါ်တင် အမည်ပေါက် ဂရန်သက်ကုန်မြေအား အမည်ပေါက် ဒေါ်တင်ထံမှ အရောင်းအဝယ်စာချုပ် ၃၉၃/၁၉၈၈ (၁-၆-၁၉၈၈) ဖြင့် ပိုင်ဆိုင်သူများဖြစ်သော ဦးထိန်လင်းနှင့် ဒေါ်စောမြ နှစ်ဦးအနက် ဇနီး ဒေါ်စောမြကွယ်လွန်သဖြင့် ခင်ပွန်း ဦးထိန်လင်း ၁၂/ရကန(နိုင်)၀၃၈၄၆၆ [ကိုယ်စား GP ၂၃၇၉/၂၀၁၂ (၂၅-၁-၂၀၁၂) ရရှိသူ ဒေါ်ခင်ဖြူလင်း]က ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် မေတ္တာဖြင့် အပိုင်ပေးစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဦးစောကြာဇင် (အထက်တန်းရှေ့နေ)၏ ၂-၁-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ အချပ်ပိုကြော်ငြာ စာမျက်နှာ(က)ပါ ကြေညာချက်အား ကန့်ကွက်ပါကြောင်း

ပြန်လည်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ် ၅ ရပ်ကွက်၊ ကေတုမတီလမ်း၊ အမှတ် ၈/၈၇ ဟုခေါ်တွင်သော အလျား×အနံ ပေ (၁၄၅×၆၀) ရှိ မြေကွက်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်များအား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကွမ်းမြွေ ၁၃/လရန(နိုင်)၁၃၂၂၅၆ သည် ၁-၁၁-၂၀၀၂ ရက်ကတည်းက ပိုင်ရှင်အဆင့်ဆင့်ကတိစာချုပ်ဖြင့် လက်ရောက်လွှဲပြောင်းဝယ်ယူလျက် သန်းခေါင်စာရင်းသွင်းနေထိုင်ကာ သက်ဆိုင်ရာရပ်ကွက်၏ လမ်းသာယာရေးကော်မတီ၊ လမ်းမှူး၊ ရာအိမ်မှူးနှင့်တကွ ရပ်ကွက်အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့အစည်းတို့အား ဝယ်ယူထားသည့် ခြံမြေကိစ္စအဝဝကို ဆက်သွယ်ဆောင်ရွက်လျက်ရှိပြီး ယင်းခြံမြေအား အစောင့်ထားရှိခြင်း၊ အငှားချထားခြင်းများကို ကိုယ်တိုင်စီမံခန့်ခွဲလျက်ရှိပါသည်။ (ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားမူရင်းများ ဒေါ်ကွမ်းမြွေထံ၌ ရှိပါသည်။)

၂။ သတင်းစာကြော်ငြာပါ ဦးဇော်ဇော် ၁၄/ဝခမ(နိုင်)၁၅၅၇၂၂ ဆိုသူမှာ ယင်းခြံမြေနှင့် အကျိုးခံစားခွင့်များနှင့် ပတ်သက်၍ ပိုင်ဆိုင်ခွင့်၊ စီမံခန့်ခွဲခွင့်ရှိသူ မဟုတ်သဖြင့် ရောင်းဝယ်ခြင်းကို ကန့်ကွက်ပါကြောင်းနှင့် စွန့်စားပြုလုပ်ပါက စွန့်စားပြုလုပ်သူတို့၏ တာဝန်သာဖြစ်ကြောင်းနှင့် ပြန်လည်ကြေညာအပ်ပါသည်။

၃။ ယင်းခြံကိစ္စနှင့်ပတ်သက်၍ ဒေါ်ကွမ်းမြွေ၏ညွှန်ကြားချက်အရ ၃-၁-၂၀၁၃ ရက်ထုတ် ကြေးမုံသတင်းစာ အချပ်ပိုကြော်ငြာ၊ စာမျက်နှာ(ခ)၌ အများသိစေရန် ဖော်ပြပြီးဖြစ်ပါကြောင်း ထပ်လောင်းဖော်ပြပါသည်။

ဒေါ်ကွမ်းမြွေ၏ ညွှန်ကြားချက်အရ-
ဦးအောင်မြတ်ထွဋ် H.G.P.,LL.B,D.A., D.O.S., B.D.S., WIPO(Switz;)
တရားလွှတ်တော်ရှေ့နေ (စဉ်-၄၃၇၆/၈၇)
ရုံး-တိုက်-၉/၁၁ (ပထမထပ်)၊ အခန်း ၁၀၄ (ဒီ)၊ ၃၆ လမ်း(အောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၉၂၂၈၁၄၆

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မဲဇာဒေသ၌ ဗဟိုသမဝါယမဘဏ်မှ ချေးငွေများပေးအပ်

နဘား ဇန်နဝါရီ ၈

နိုင်ငံတော်သမ္မတ၏ ဆင်းရဲနွမ်းပါးမှု လျှော့ကျစေရေးလုပ်ငန်းရပ်အပေါ် အထောက်အကူဖြစ်စေရန် ရည်ရွယ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ဗဟိုသမဝါယမအသင်း လီမိတက်(C.C.S)၏ လက်လုပ်လက်စားများအတွက် ရည်ရွယ်ပြီး ချေးငွေများ ပေးအပ်ပွဲကို ဇန်နဝါရီ ၇ ရက်က အင်းတော်မြို့နယ် မဲဇာကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ ဗဟိုသမဝါယမအသင်းလီမိတက်မှ ဦးကံမောင်(အဖွဲ့ခွဲ မန်နေဂျာ) အဖွဲ့ခွဲ(၆၈) အင်းတော်မြို့၊ ဦးခင်မောင်ကြည် (စည်းရုံးရေးမှူး)၊ ဒေါ်သန္တာကျော် (စာရင်းကိုင်)တို့ တက်ရောက်ခဲ့ကြပြီး ဗဟိုသမဝါယမအသင်းလီမိတက်၏ လုပ်ငန်းစဉ်များ၊ ရှေ့ဆက်လုပ်ကိုင်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားကြသည်။ လုပ်ငန်းစဉ်များထဲမှ ယခင်နှစ်က ပထမအကြိမ်အဖြစ် တစ်ဦးလျှင် ငွေကျပ် ၄၅၀၀၀ နှုန်းဖြင့် အသင်းဝင် ၁၀၀ တို့အား ငွေကျပ် ၄၅ သိန်း ပေးအပ်နိုင်ခဲ့ပြီး ယခုနှစ်အတွင်း ဒုတိယအကြိမ်အဖြစ် အသင်းဝင် ၁၀၀ တို့အား ငွေကျပ် ၄၅၀၀၀ နှုန်းဖြင့် ငွေကျပ် ၄၅ သိန်း ပေးအပ်ခဲ့ပြီးဖြစ်သည်။ ဗဟိုသမဝါယမအသင်းလီမိတက် ယခင်နှစ် ဧပြီ ၁၄ ရက်က စတင်အကောင်အထည်ဖော်ခဲ့ရာ အင်းတော်မြို့နယ်၌ အသင်းသား ၂၈၅ ဦးရှိလာခဲ့ပြီး ဆက်လက်၍ အသင်းသားသစ်များကိုပါ လက်ခံပြီး ငွေထုတ်ပေးသွားမည်ဖြစ်သည်။ အသင်း၏ အစီအစဉ်များအရ အင်းတော်မြို့မဈေး၊ မဲဇာဈေးနှင့် နဘားဈေးတို့တွင် အသင်းသားများအား ရင်းနှီးမတည်ငွေ တစ်ဦးလျှင် ငွေကျပ် ၄၅၀၀၀ နှုန်းဖြင့် ပုံကျဈေးသည်များအတွက် ချေးငွေများ ထုတ်ပေးသွားမည်ဟု အဖွဲ့ခွဲမန်နေဂျာက ပြောပြသည်။ အသင်း၏ စည်းကမ်းအရ အဖွဲ့ဝင်အသင်းသားတစ်ဦးချင်းအလိုက် လူမှုဖူလုံရေးရန်ပုံငွေ(GP) ထည့်ဝင်စေပြီး လူမှုဖူလုံရေးလုပ်ငန်းအဖြစ် တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်ပံ့ပိုးပေးလျက်ရှိရာ အဖွဲ့ဝင်တစ်ဦးဖြစ်သော မသက်ဆွေထူး အမှတ်(၅) ရပ်ကွက် မဲဇာရွာအား မီးဖွားစရိတ်အဖြစ် ထောက်ပံ့ငွေကျပ် ၃၀၀၀၀ ကို မဲဇာရွာ ရပ်မိရပ်ဖများရှေ့မှောက်တွင် ပေးအပ်လှူဒါန်းခဲ့သည်။

ယဉ်ယဉ်သိန်း(နဘား)

မြဝတီခရိုင် မြဝတီမြို့နယ် ရွှေမြင်းဝန် စေတီတော်အတွင်းရှိ သာသနာ့ဟိတကာရီ ဗိမာန်တော် မျက်နှာကြက်အတွက် အလှူငွေပေးအပ်ပွဲနှင့် ရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက်က သာသနာ့ဟိတကာရီဗိမာန်တော်ကြီး၌ ကျင်းပရာ အလှူရှင် ဦးတင်အောင်- ဒေါ်သင်းသင်းမြတ် (Apex World International Co., Ltd.) မိသားစုမှ သာသနာ့ဟိတကာရီ ဗိမာန်တော် မျက်နှာကြက်အတွက် အလှူငွေကျပ်သိန်း ၁၈၀ ပေးအပ်လှူဒါန်းစဉ်။

နဒီမြင့်မိုရ် (မြဝတီ)

ရန်ကင်း ဇန်နဝါရီ ၈

နိုင်ငံတော်အစိုးရ၏ရွှေ့ပြောင်းအလုပ်သမားများအတွက် ဆောင်ရွက်ပေးမှု တစ်စိတ်တစ်ဒေသ

ဇန်နဝါရီ ၇ ရက်နေ့က ရန်ကင်းမြို့နယ် အလုပ်သမားများလုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းကျောင်း၌ ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်မည့် အလုပ်သမား အမျိုးသား ၅၀၊ အမျိုးသမီး ၁၅၀ စုစုပေါင်း ၂၀၀ အား ထိုင်းနိုင်ငံ စမူစခွန်းမြို့ရှိ Unicord ငါးသေတ္တာစက်ရုံမှ အလုပ်ရှင်ကိုယ်တိုင် လာရောက်၍ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန၏ ကြီးကြပ်ခွင့်ပြုမှုဖြင့် မရမ်းကုန်းမြို့နယ်ရှိ Today Top Star ကုမ္ပဏီမှတစ်ဆင့် စေလွှတ်ရန် အလုပ်ရှင်၊ အလုပ်သမား သဘောတူစာချုပ် ချုပ်ဆိုခြင်းကို ဆောင်ရွက်ခဲ့သည်။

၎င်းစာချုပ်ချုပ်ဆိုပွဲသို့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။ ဒုတိယညွှန်ကြားရေးမှူးချုပ်မှ ယခုစာချုပ်ချုပ်ဆိုခြင်းမှာ ထိုင်း-မြန်မာနှစ်နိုင်ငံသဘာတူ MoU စနစ်အရ တရားဝင်စေလွှတ်ခြင်း ဖြစ်ကြောင်းကိုလည်းကောင်း၊ ထိုင်းနိုင်ငံအတွင်း နေထိုင်စဉ် ဆောင်ရန်၊ ရှောင်ရန်များကို လည်းကောင်း၊ နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရှာဖွေ၍ တရားဝင်နည်းလမ်းဖြင့် ဘဏ်များမှ တစ်ဆင့် မိသားစုထံ မှန်မှန်ငွေပြန်ပို့ရန် လည်းကောင်း၊ မြန်မာအလုပ်သမားများ စည်းကမ်းရှိမှုနှင့် ကြိုးစားမှုရှိရန်လည်းကောင်း လမ်းညွှန်မှာကြားခဲ့သည်။ Today Top Star ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် Unicord စက်ရုံမှ တာဝန်ရှိသူများက လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အလုပ်ရှင်၊ အလုပ်သမား သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရှိရသည်။ သဘောတူ စာချုပ်တွင် ထိုင်းနိုင်ငံသားများ နည်းတူ တစ်ရက်လျှင် ဘတ် ၃၀၀ ရရှိမည်ဖြစ်ပြီး အခြားအကျိုးခံစားခွင့်များလည်း ရရှိမည်ဖြစ်သည်။

ထိုင်းနိုင်ငံသို့ တရားဝင်သွားရောက်လုပ်ကိုင်ခြင်းဖြင့် အလုပ်သမားများဘေးကင်း၍ စိတ်ချလုံခြုံစွာ နေထိုင်လုပ်ကိုင်နိုင်မည်ဖြစ်သည်။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာနမှ ထိုင်းနိုင်ငံသို့ အလုပ်သမားစေလွှတ်ခွင့်ပြုထားသည့် အေဂျင်စီများဖြင့်သာ တရားဝင်သွားရောက် အလုပ်လုပ်ကိုင်သင့်ပါသည်။ တရားမဝင် သွားရောက်သဖြင့် ရေလုပ်ငန်းသို့ ရောင်းစားခံနေရသည့် မြန်မာများ၏ ရင်နင့်ဖွယ်အဖြစ်များကိုလည်း မကြာမီကပင် ကြားသိခဲ့ရသည်။ ထိုကဲ့သို့ မြန်မာအလုပ်သမားများ ဒုက္ခပေါင်းစုံ မခံစားရအောင် မှန်မှန်ကန်ကန် ဆောင်ရွက်နေသည့် လိုင်စင်ခွင့်ပြုချက်ရရှိထားသည့် ပြည်ပအလုပ်အကိုင် အေဂျင်စီများနှင့်သာ ဆက်သွယ်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း တိုက်တွန်းအပ်ပါသည်။ သို့ဖြစ်ပါ၍ ပွဲစားများ၏ လိမ်လည်မှုများကို ရှောင်ရှားရန်၊ အလုပ်သမားများ ကုန်ကျစရိတ် သက်သာစွာဖြင့် သွားရောက်နိုင်ရန်၊ အချိန်တိုအတွင်း အလုပ်သမားများ သွားရောက်အလုပ်လုပ်ကိုင်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ပြည်ပအလုပ်အကိုင်လိုင်စင်ရ ကုမ္ပဏီတစ်ခု၏ ဆောင်ရွက်မှုကို တင်ပြအပ်ပါသည်။

(အငြိမ်းစားဝန်ထမ်းတစ်ဦး)

အရက်ဆိုင်ကြောင့် အနှောင့်အယှက် ကင်းစေချင်

မန္တလေး ဇန်နဝါရီ ၈

မန္တလေး ရတနာပုံတက္ကသိုလ်သည် တောင်သမန်တိုက်နယ် အိုးဘိုရွာအနီးတွင် တည်ရှိသည်။ ထိုရတနာပုံ တက္ကသိုလ်ကြီးသည် နိုင်ငံ၏အားထားရသော လူတော်လူကောင်းများ မွေးထုတ်ပေးသော မြန်မာနိုင်ငံအထက်ပိုင်း၏ ဘူမိနက်သန်ဖြစ်သည်။

တက္ကသိုလ်တည်ရှိရာ တောင်သမန် အိုးဘိုရွာတွင် အရက်ချက်၍ရောင်းသောဆိုင်တစ်ဆိုင်ရှိပြီး ညနေ ၃ နာရီ ဝန်းကျင်တွင် အရက်ချက်ပါသည်။ ပိုင်ရှင်ကိုယ်တိုင် အရက်ချက်ပြီး ဆိုင်ဖွင့်ရောင်းသည်။ ထိုဆိုင်တွင် အရက်သောက်သုံးကြသောသူများသည် ကျောင်းသူလေးများအား ကလန့်ထိန်း၍ပင် မရအောင် စနောက် ပြောင်လှောင်နေကြသည်မှာ နေ့စဉ်ဖြစ်သည်။ အချို့ကျောင်းသားများပင် အဆိုပါ အရက်ဆိုင်သို့ လာရောက်သောက်သုံးကြသည်။ ထိုအရက်ဆိုင်သည် အမျိုးသမီးဘော်ဒါဆောင် နှစ်ဆောင်၏ကြားတွင် တည်ရှိပါသည်။ "အမျိုးသမီးဘော်ဒါဆောင်နှစ်ခုရဲ့ အလယ်မှာ အရက်ဆိုင်ဖွင့်နေတာ။ အရက်လည်းချက်၊ ဆိုင်လည်း ဖွင့်တာဆိုတော့ အတော်ဆိုးရွားပါတယ်ဗျာ" ဟု ကျောင်းသားမိဘတစ်ဦးက ပြောကြားခဲ့သည်။ သို့ပါ၍ ကျောင်းသား ကျောင်းသူများ ဖြောင့်တန်းစွာ ပညာသင်ကြားနိုင်ရေး၊ မိန်းကလေးများ၊ ကျောင်းသူများ ကာကွန့်ဖြေ မပျက်ပြားဘဲ စိတ်အနှောင့်အယှက်ကင်းစွာ သွားလာနိုင်စေရေးကို သက်ဆိုင်ရာမှ စီစဉ်ဆောင်ရွက်ပေးရေး ဒေသခံများနှင့် ကျောင်းသားမိဘများက လိုလားလျက်ရှိနေကြောင်း သိရှိရသည်။ **(၁၄၀)**

မြန်မာ့ရုပ်မြင်သံကြား

၉-၁-၂၀၁၃ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၀ သတ္တဌာန(ရတနာဦး၊ တေးရေး-ဒဂုန်ဆရာတင်)
- ၇း၃၀ နံနက်ခင်းသတင်း
- ၈း၄၀ International News
- ၈း၄၅ တေးဂီတအစီအစဉ်

ညပိုင်း

- ၄း၁၅ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၄း၄၀ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၅း၀၅ International Science News
- ၆း၀၀ ညနေခင်းသတင်း
- ၆း၂၀ မြန်မာ့ဝလေ့ရိုးရာလက်ဝှေ့
- ၇း၄၀ အလင်္ကာဝတ်ရည်မြန်မာမှု တေးဂီတအဖွဲ့ဖျော်ဖြေတင်ဆက်မှု အစီအစဉ်
- ၈း၀၀ ပြည်တွင်းသတင်း
- \- နိုင်ငံတကာသတင်းများ
- \- မိုးလေဝသအခြေအနေ
- ၁၀း၀၀ ပြည်တွင်းသတင်း
- \- မြန်မာရုပ်ရှင်

ဆောင်းတစ်ညဝယ်

ဝင်းဦး၊ ဝါဝါဝင်းရွှေ (ဒါရိုက်တာ-ဗိုလ်ကလေးတင့်အောင်)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ပြင်ဦးလွင်မြို့နယ်တရားရုံး

၂၀၁၂ ခုနှစ် တရားမကြီးမှုအမှတ်-၉၈

ဒေါ်သီတာစိမ်း နှင့် ဦးဘိုနီ

တရားလို **တရားပြိုင်**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး ၁၀၊ ပဒေသာမြို့သစ်၊ အမှတ် (ခ/၁၄၆)နေ ဦးဘိုနီ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ကတိပဋိညာဉ်အတိုင်း အိမ်မြေအရောင်းအဝယ်စာချုပ်ချုပ်ဆို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၄ ရက် (၁၃၇၄ ခုနှစ် ပြာသိုလဆန်း ၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည် သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ကြည်စိုး(မြို့နယ်တရားသူကြီး)
ပြင်ဦးလွင်မြို့နယ်တရားရုံး

တစ်ဦးတည်းဖြစ်ပါကြောင်း

သန်လျင်မြို့နယ်၊ ကုလားဝဲကျေးရွာနေ ဦးဝင်းစိုး၏သမီး မစုမွန်ဝင်း(ခ)မဆုမွန်ဝင်း ၁၂/သလန(နိုင်)၁၀၆၈၀၅သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **မစုမွန်ဝင်း(ခ)မဆုမွန်ဝင်း ၁၂/သလန(နိုင်)၁၀၆၈၀၅**

YAZAR JEEP

ကားရောင်းမည်

၈၈/---- ညှိနှိုင်းဈေး

ဆက်သွယ်ရန်

ဖုန်း-၀၉-၇၃၁၃၆၃၃၁၊ ၀၉-၅၁၉၄၈၅၂

သင့်သွေးဖြင့် အသက်ကယ်ပါ

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးအေးသန်း ၁၂/သကတ(နိုင်) ၀၃၉၇၄၇ ကိုင်ဆောင်သော SID အမှတ် ၄၂၈၆၃ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။

ဖုန်း-၀၉-၄၂၀၁၄၄၃၉၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
နေပြည်တော်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသူ ကျောင်းသားများအတွက် စာမေးပွဲအထောက်အကူပြု သိမှတ်ဖွယ်ရာ သင်္ချာဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲ
သိမှတ်ဖွယ်ရာ သင်္ချာဘာသာ

၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအနေဖြင့် စာမေးပွဲဖြေဆိုရာတွင် မှန်ကန်တိကျသော၊ အမှတ်ပြည့်ရစေသော စနစ်တကျတွက်ချက်ရေးသားဖြေဆိုနည်းများကို သိရှိစေရန်၊ စာမေးပွဲတွင်ရသင့်ရထိုက်သည့် အမှတ်များကို ဆုံးရှုံးနစ်နာစေသော မှားတတ်သည့်အမှားများကို သိရှိသတိမူမိကြပြီး ရှောင်ကြဉ်နိုင်ကြစေရန်၊ စာမေးပွဲဖြေဆိုရာတွင် သတိပြုသင့်သည့် အချက်အလက်များကိုသိရှိကြစေရန် စသော ရည်ရွယ်ချက်များဖြင့် ဤ "သင်္ချာဘာသာရပ်ဆိုင်ရာသိကောင်းစရာများ" စာမူကို ရေးသားပြုစုထားပါသည်။

ပထမဦးစွာ သင်္ချာဘာသာရပ်ဖြေဆိုရာတွင် ရသင့်ရထိုက်သည့်အမှတ်များကို ဆုံးရှုံးနစ်နာစေသော မှားတတ်သည့် အမှားများကို ဆွေးနွေးရှင်းလင်းပါမည်။ ယေဘုယျအားဖြင့် စာမေးပွဲဖြေဆိုသူများ ပြုလုပ်တတ်သော အမှားအမျိုးအစား (၄) မျိုးရှိပါသည်။

မှားတတ်သော အမှားအမျိုးအစား(၁)

ပထမအမှားတစ်မျိုးမှာ သင်္ကေတအသုံးအနှုန်းများ မှားယွင်းခြင်းဖြစ်သည်။ သင်္ကေတ အသုံးအနှုန်း မှားယွင်း တတ်ပုံများကို သိရှိရှောင်ကြဉ်နိုင်ကြစေရန် ဥပမာအချို့ဖြင့် ရှင်းလင်းတင်ပြပါမည်။

ပထမဥပမာအနေဖြင့် function နှစ်ခု f နှင့် g ပေါင်းစပ်သော ပုံသေနည်းဖြစ်သည့် $(g \circ f)(x) = g(f(x))$ ကို ရေးသားရာတွင် ညီမျှခြင်း၏ လက်ဝဲဘက်နှင့် လက်ယာဘက် နှစ်ဖက်စလုံးတွင် ကွင်းများပြည့်ပြည့်စုံစုံပါရန်နှင့် အနေအထား မှန်ကန်ရန်လိုအပ်ပါသည်။ ကွင်းတစ်ခုခုကျန်ခဲ့လျှင် သို့မဟုတ် အနေအထားမှားယွင်းခဲ့လျှင် သင်္ကေတ အသုံးအနှုန်း မမှန်ကန်သည့်အတွက် ရသင့်သောအမှတ်များ နစ်နာသွားနိုင်ပါသည်။ လက်ယာဘက်တွင် $g(f(x))$ ဟု ရေးရမည့်အစား $g \circ (f(x))$ ဟု circle သင်္ကေတထည့်ရေးခဲ့လျှင်လည်း အမှတ်များဆုံးရှုံးမည်ဖြစ်ပါသည်။

ဒုတိယဥပမာအနေဖြင့် $(2+3x)^5$ ဟူသော binomial ၏ အကျယ်ဖြန့်ချက်မှ $(r+1)$ အကြိမ်မြောက်ကိန်းလုံးကိုရေးသားရာတွင်

$$(r+1)^{th} \text{ term of } (2+3x)^5 = {}^5C_r\, 2^{5-r}(3x)^r$$

ဟူ၍ $3x$ ကို ကွင်းခတ်ရေးသားရပါမည်။ ကွင်းခတ်ရန် ကျန်ခဲ့လျှင် ရေးသားဖော်ပြချက် မှားယွင်းသည့်အတွက် အမှတ်များဆုံးရှုံးမည်ဖြစ်ပါသည်။ တစ်ခါတစ်ရံ $(r+1)^{th}$ term of ဟူသော စကားစုကျန်ခဲ့ပြီး

$$(2+3x)^5 = {}^5C_r\, 2^{5-r}(3x)^r$$

ဟုရေးတတ်ကြပါသည်။ ဤရေးသားချက်သည်လည်း လုံးဝမှားယွင်းသည့်အတွက် အမှတ်များဆုံးရှုံးမည်ဖြစ်ပါသည်။

တတိယဥပမာအနေဖြင့်

$$(x-1)(x-2) < 0$$

ဟူသော မညီမျှခြင်းကို algebraic နည်းဖြင့် ဖြေရှင်းရာတွင် and နှင့် or မှားယွင်းမရေးမိရန် ကွင်းများ ပြည့်ပြည့်စုံစုံနှင့် အနေအထားမှန်မှန် ခတ်ရန်လိုအပ်ပါသည်။ and နှင့် or မှားယွင်းရေးခဲ့လျှင် သို့မဟုတ် ကွင်းများ မပြည့်မစုံအနေအထားမမှန်ဖြစ်ခဲ့လျှင် ရသင့်သောအမှတ်များ နစ်နာနိုင်ပါသည်။

စတုတ္ထဥပမာအနေဖြင့် calculus သင်ခန်းစာတွင် $e^x \cos x$ ၏ derivative ကို ရှာသည့်အခါ $\frac{d}{dx}(e^x \cos x)$ ဟုရေးရမည့်အစား $\frac{dy}{dx}(e^x \cos x)$ ဟူ၍ $\frac{d}{dx}$ ကို $\frac{dy}{dx}$ ဖြင့် မှားယွင်းရေးသားခဲ့လျှင် ရသင့်သောအမှတ်အချို့ ဆုံးရှုံးပါလိမ့်မည်။

သင်္ကေတအသုံးအနှုန်းနှင့်ပတ်သက်၍ function တစ်ခု f ၏ inverse သင်္ကေတ f^{-1} နှင့် derivative သင်္ကေတ f' မှားယွင်းအသုံးမပြုမိရန်၊ matrix တစ်ခု A ၏ inverse သင်္ကေတ A^{-1} နှင့် transpose သင်္ကေတ A' လွဲမှားမရေးမိရန်၊ calculus သင်ခန်းစာတွင် $\frac{dy}{dx}$ ရေးရမည့်နေရာ၌ $\frac{\delta y}{\delta x}$ ဟု မှားယွင်းမရေးမိရန်၊ vector များကို ရေးသားရာတွင် arrow များ မကျန်ရစ်စေရန်၊ ထို့ပြင် vector နှစ်ခု၏ စားလဒ်ကို အဓိပ္ပာယ်ဖွင့်ဆိုထားခြင်းမရှိသဖြင့် $\frac{\vec{a}}{\vec{b}}$ ပုံစံအရေးအသားမျိုး မရေးရန်၊ geometry အပိုင်းတွင် သဏ္ဌာန်တူခြင်း similarity သင်္ကေတ ~ နှင့် ထပ်တူညီခြင်း congruence သင်္ကေတ $\cong$ တို့ကို လွဲမှားမရေးမိရန်တို့ကိုလည်း သတိပေးလိုပါသည်။

မှားတတ်သောအမှားအမျိုးအစား(၂)

ဆက်လက်တင်ပြလိုသည့် ဒုတိယအမှားအမျိုးအစားမှာ သင်္ချာသဘောတရားများနှင့် သင်္ချာသင်္ကေတများကို ပြည့်စုံတိကျစွာမဖော်ပြသည့်အတွက် အဓိပ္ပာယ်မှားယွင်းခြင်း၊ မပြည့်စုံခြင်း၊ ရှေ့နှင့်နောက် သဘောတရား အဆက် အစပ်ပြတ်တောက်ခြင်းတို့ကို ဖြစ်ပေါ်စေသည့် အမှားမျိုးဖြစ်ပါသည်။

ပထမဥပမာအဖြစ် $f(x) = 2x^2 - 5x + k$ အတွက် x-3 သည် factor တစ်ခု ဖြစ်ခဲ့လျှင် k ကို ရှာပါဟူသော ပုစ္ဆာတွက်ရာတွင်

$$\begin{aligned} &f(x) = 2x^2 - 5x + k \\ &x-3 \text{ is a factor of } f(x). \\ &\therefore \quad f(3) = 0 \\ &18 - 15 + k = 0 \\ &k = -3. \end{aligned}$$

ဟူ၍ factor သီအိုရမ်၏ အနှစ်သာရကိုဖော်ညွှန်းသော $f(3) = 0$ ဆိုသည့် ဖော်ပြချက်ပါအောင် ဖြေဆိုရပါမည်။ စာမေးပွဲဖြေဆိုသူအချို့သည်

$$\begin{aligned} f(x) &= 2x^2 - 5x + k \\ f(3) &= 18 - 15 + k \\ &= 3 + k \\ k &= -3. \end{aligned}$$

ဟု ဖြေတတ်ကြပါသည်။ ထိုသို့ဖြေခဲ့လျှင် factor သီအိုရမ်ကို အသုံးပြုထားချက်ဖြစ်သည့် $f(3) = 0$ ဟူသော အဓိကအချက် မပါဝင်သည့်အတွက် အဖြေမှန်သော်လည်း အမှတ်ရမည် မဟုတ်ပါ။

ဒုတိယဥပမာအဖြစ် calculus သင်ခန်းစာတွင် $\lim_{x\to 2} \frac{x^2-2x}{x^2-4}$ ၏ တန်ဖိုးတွက်ရာ၌

$$\begin{aligned} &\lim_{x\to 2} \frac{x^2-2x}{x^2-4} \\ &= \lim_{x\to 2} \frac{x(x-2)}{(x-2)(x+2)} \\ &= \lim_{x\to 2} \frac{x}{x+2} \\ &= \frac{2}{2+2} \\ &= \frac{1}{2} \end{aligned}$$

ဟူ၍တွက်ချက်မှုအဆင့်တစ်ခုနှင့်တစ်ခုကို အဆက်အစပ်ရှိအောင် ညီမျှခြင်းသင်္ကေတများ ပြည့်ပြည့်စုံစုံ ရေးသားပေးရပါမည်။ ညီမျှခြင်းသင်္ကေတများမပါဘဲ တွက်ခဲ့လျှင် တစ်ဆင့်နှင့် တစ်ဆင့်အဆက်အစပ်ပြတ်တောက်ကာ အဓိပ္ပာယ်ဖွင့်မရသည့်အတွက် ရသင့်သောအမှတ်များ ဆုံးရှုံးနိုင်ပါသည်။

တတိယဥပမာအဖြစ် ဖန်ရှင် $y = e^x \cos x$ ၏ derivative ကို တွက်ထုတ်ရာတွင်

$$\frac{dy}{dx} = e^x \cos x + e^x(-\sin x)$$

ဟူ၍ -sin x ကို သေသေချာချာ ကွင်းခတ်ပြီးရေးရပါမည်။ -sin x ကို ကွင်းမခတ်ဘဲ ရေးခဲ့လျှင် အဓိပ္ပာယ်လွဲမှားသည့်အတွက် အမှတ်များဆုံးရှုံးနိုင်ပါသည်။ အလားတူစွာ တစ်ခုထက်ပိုသော ကိန်းလုံးများပါဝင်သည့် ကိန်းတန်းတစ်ခုနှင့် အခြားကိန်းတစ်ခု သို့မဟုတ် ကိန်းတန်းတစ်ခု မြှောက်သည့်အခါ ကိန်းတန်းများကို ကွင်းခတ်ပေးရန် လိုပါသည်။ ဥပမာ $2x^2 + 3y^2$ နှင့် $4x$ တို့၏ မြှောက်လဒ်ကို ဖော်ပြရာတွင် $(2x^2 + 3y^2)4x$ ဟူ၍ $2x^2 + 3y^2$ ကို ကွင်းခတ်လျက် ရေးရပါမည်။ $2x^2 + 3y^2$ ကို ကွင်းမခတ်ဘဲရေးခဲ့လျှင် အမှန်တကယ် ဆိုလိုချင်သည့် အဓိပ္ပာယ်မသက်ရောက်သည့်အတွက် အမှတ်များ ဆုံးရှုံးပါလိမ့်မည်။

မှားတတ်သောအမှားအမျိုးအစား(၃)

စာမေးပွဲဖြေဆိုသူများပြုလုပ်တတ်သည့် တတိယအမှားအမျိုးအစားမှာ အရေးကြီးသော တွက်ချက်မှုအဆင့်များ၊ အချက်အလက်များမပါဝင်ခြင်း၊ လိုအပ်သောအဖြေမရရှိသေးမီ ဖြေဆိုတွက်ချက်မှုကို ရပ်တန့်လိုက်ခြင်းဖြစ်ပါသည်။

ပထမဥပမာအနေဖြင့် $x * y = 3x^2 - 5xy + 3y^2$ ဟု သတ်မှတ်ပေးထားသည့် binary operation သည် commutative ဖြစ်ကြောင်း သက်သေပြရာတွင်

$$\begin{aligned} x * y &= 3x^2 - 5xy + 3y^2 \\ y * x &= 3y^2 - 5yx + 3x^2 \\ &= 3x^2 - 5xy + 3y^2 \\ \therefore \quad x * y &= y * x \\ \therefore\ * &\text{ is commutative.} \end{aligned}$$

ဟူ၍ ပြည့်ပြည့်စုံစုံရေးသားတွက်ချက်ရပါမည်။ အထူးသဖြင့် $x * y = y * x$ ဟူသော commutativity ၏ အဓိပ္ပာယ်ကို ဖော်ညွှန်းသည့် ရေးသားဖော်ပြချက် မဖြစ်မနေပါရန်လိုအပ်ပါသည်။ ထိုသို့မပါခဲ့လျှင် ရသင့်သော အမှတ်အချို့ဆုံးရှုံးပါလိမ့်မည်။

ဒုတိယဥပမာအနေဖြင့် ကိန်းတန်း $f(x) = x^3 - 3x^2 + 5x - 9$ ကို $x-3$ ဖြင့် စားလျှင် ရရှိမည့်အကြွင်း (remainder) ကို ရှာရာတွင်

$$\begin{aligned} &f(x) = x^3 - 3x^2 + 5x - 9 \\ &f(x) \text{ is divided by } x-3. \\ &f(3) = 27 - 27 + 15 - 9 \\ &\quad\ = 6 \\ &\therefore \text{remainder} = 6. \end{aligned}$$

ဟူ၍ ပြည့်ပြည့်စုံစုံရေးသား တွက်ချက်ရပါမည်။

စာမေးပွဲဖြေဆိုသူအချို့သည်

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

ကျောင်းသင်ခန်းစာ

စာမျက်နှာ ၁၅ မှ

$$f(x) = x^3 - 3x^2 + 5x - 9$$
$$f(x) \text{ is divided by } x - 3.$$
$$f(3) = 27 - 27 + 15 - 9$$
$$= 6$$

အဆင့်ဖြင့်ရပ်တန့်ထားကြပြီး remainder = 6 ဆိုသည့်အချက်ကို ရေးသားဖော်ပြခြင်း မရှိကြပါ။ ဤပုစ္ဆာတွင် remainder သည် ပုစ္ဆာ၏သော့ချက်စကားလုံး (key word) တစ်ခုဖြစ်ပြီး မိမိတို့၏အဖြေတွင် ဤ key word မပါခဲ့ပါက ရသင့်သည့်အမှတ်အချို့ ဆုံးရှုံးနိုင်ပါသည်။

တတိယဥပမာအနေဖြင့် inequation တစ်ခု သို့မဟုတ် system of equations တစ်ခု၏ solution set ကို မေးသည့်ပုစ္ဆာတွင် solution များအားစုစည်းလျက် set တည်ဆောက်ပေးသည့်အဆင့်အထိ တွက်ချက်ပေးရပါမည်။ စာမေးပွဲဖြေဆိုသူအချို့သည် solution set တည်ဆောက်ပေးသည့် အဆင့်ကိုချန်ထားခဲ့သဖြင့် ရသင့်သော အမှတ်များ ဆုံးရှုံးရပါသည်။

စတုတ္ထဥပမာအဖြစ် ပေးထားသောညီမျှခြင်းတစ်ခု မှန်ကန်ကြောင်း သက်သေပြရသည့်ပုစ္ဆာကို ဖြေဆိုရာတွင် ညီမျှခြင်း၏လက်ဝဲဘက်နှင့်လက်ယာဘက်ကို သီးခြားစီတွက်ခဲ့ပါက ပုစ္ဆာက တောင်းဆိုသောရလဒ်ဖြစ်သည့် ညီမျှခြင်း၏ လက်ဝဲဘက်နှင့် လက်ယာဘက်ညီပါသည်ဆိုသည့် ကောက်ချက် (conclusion) ချပေးသည်အထိ ရေးသားဖြေဆိုရပါမည်။ ထိုသို့သောကောက်ချက်မပါခဲ့လျှင် ရသင့်သောအမှတ်အချို့ ဆုံးရှုံးနစ်နာနိုင်ပါသည်။

ပဉ္စမဥပမာအနေဖြင့် function သုံးခု f, g နှင့် h တို့ပေါင်းစပ်ထားသော function $f \circ (g \circ h)$ ၏ formula ရှာရာတွင်

$$(f \circ (g \circ h))(x) = f((g \circ h)(x))$$
$$= f(g(h(x)))$$

ဟူ၍ တစ်ဆင့်ချင်း ပြည့်စုံစွာရေးသားတွက်ချက်ရပါမည်။

$$(f \circ (g \circ h))(x) = f(g(h(x)))$$

ဟူ၍ အဆင့်ကျော်ပြီးရေးသားခဲ့လျှင် '∘' operation နှစ်ခုအနက် မည်သည့် operation ကို ဦးစွာဖြေရှင်းသည်ဆိုသည့်အချက် မပါဝင်၊ မပေါ်လွင်သည့်အတွက် ရသင့်သောအမှတ်များ ဆုံးရှုံးနိုင်ပါသည်။

မှားတတ်သော အမှားအမျိုးအစား(၄)

စာမေးပွဲဖြေဆိုသူများပြုလုပ်တတ်သည့် စတုတ္ထအမှားတစ်မျိုးမှာ ပုစ္ဆာက သတ်မှတ်ပေးထားသော တွက်နည်းမျိုးဖြင့်မတွက်ဘဲ အခြားနည်းများဖြင့်တွက်ချက်သော မှားယွင်းမှုမျိုးဖြစ်ပါသည်။ ဥပမာအားဖြင့် inequation တစ်ခု၏ solution set ရှာသည့်ပုစ္ဆာတွင် graphical method နှင့်တွက်ပါဟု သတ်မှတ်ထားလျှင် ထိုနည်းဖြင့်သာ တွက်ပေးရမည်ဖြစ်ပါသည်။ algebraic method ဖြင့်တွက်မည်ဆိုပါက အဖြေမှန်သော်လည်း အမှတ်ရမည် မဟုတ်ပါ။ အလားတူစွာ matrix တစ်ခု၏ inverse ရှာရသည့်ပုစ္ဆာတွင် use the definition of inverse matrix ဟု ကန့်သတ်ထားလျှင် inverse matrix ၏ အဓိပ္ပာယ်သတ်မှတ်ချက်သုံးပြီး တွက်ချက်မှသာ အမှတ်ရပါမည်။ function တစ်ခု၏ derivative ကို first principle သုံးပြီး ရှာပါဟုမေးခဲ့လျှင် ထိုနည်းဖြင့် တွက်ချက်မှသာ အမှတ်ရမည်ဖြစ်ပါသည်။

အထွေထွေအကြံပြုချက်များ

မှားတတ်သော အမှားပုံစံ(၄)မျိုးကို ဆွေးနွေးရှင်းလင်းပြီးသည့်နောက် စာမေးပွဲဖြေဆိုမည့်သူများအား သတိပေးလိုသောအချက်တစ်ရပ်မှာ ကိန်းဂဏန်းများ တွက်ချက်ရှင်းလင်းမှု (numerical calculation) နှင့် အက္ခရာကိန်းတန်းများ စုစည်းရှင်းလင်းမှု (algebraic manipulation) များပြုလုပ်ရာတွင် မမှားအောင် သတိပြုကြရန်ဖြစ်ပါသည်။ စာဖြေသူများ၏ ရသင့်ရထိုက်သောအမှတ်များကို ဆုံးရှုံးနစ်နာစေသည့် အဓိကအကြောင်းရင်းများတွင် ဤအချက်မျိုးလည်းပါဝင်နေပါသည်။

ဆက်လက်၍ သတိပေးလိုသည်မှာ ဂျီဩမေတြီပုစ္ဆာများ ဖြေရှင်းရာတွင် လိုအပ်သောပုံများကို မှန်ကန်စွာဆွဲသားကြရန်၊ logarithm နှင့် trigonometry ဇယားသုံးတွက်ချက်မှုများရှိပါက ထိုဇယားသုံးတွက်ချက်မှုများကိုပါ ဖော်ပြပေးရန် ဖြစ်ပါသည်။

ကျောင်းသားကျောင်းသူများအား အကြံပြုလိုသော နောက်တစ်ချက်မှာ တက္ကသိုလ်ဝင် သင်္ချာမေးခွန်းလွှာတွင် ပါဝင်သည့် Section (A), Section (B), Section (C) အပိုင်းအသီးသီးကို ဖြေဆိုရာတွင် တစ်ပိုင်းစီအတွက် ဖြေဆိုချိန်မည်မျှယူသင့်သည်ဟူသော အချက်ဖြစ်ပါသည်။ အကြမ်းအားဖြင့် Section (A) မှ multiple choice question (၂၅)ပုဒ်ကို အများဆုံး မိနစ်(၄၀)ခန့်ဖြင့် လည်းကောင်း၊ Section (B) မှ (၃)မှတ်တန် ပုစ္ဆာ (၅)ပုဒ်ကို အများဆုံး မိနစ်(၃၀) ခန့်ဖြင့် လည်းကောင်း၊ Section (C) မှ (၁၀)မှတ်တန် ပုစ္ဆာ(၆)ပုဒ်ကို အများဆုံး မိနစ် (၉၀) ခန့်ဖြင့် လည်းကောင်း၊ အပြီးဖြေဆိုနိုင်ရန် လိုပါသည်။ ထိုသို့ဖြေဆိုနိုင်မည်ဆိုပါက မိမိတို့၏ ဖြေဆိုချက်များကို ပြန်လည်စစ်ဆေးရန် အချိန်အနည်းဆုံး မိနစ်(၂၀)ခန့်ရရှိမည် ဖြစ်ပါသည်။ ထိုသို့မိမိတို့၏ ရေးသားဖြေဆိုချက်များကိုပြန်လည်စစ်ဆေးရာတွင် အကြံပြုလိုသော အချက်တစ်ရပ် ရှိပါသေးသည်။ ထိုအချက်မှာ စာမေးပွဲတွင် မေးသော မေးခွန်းပုစ္ဆာအချို့အတွက် မိမိတို့၏ အဖြေများမှန်၊ မမှန်ကို ပုစ္ဆာ၏ပေးထားချက်များနှင့် ပြန်လည်ချိန်ကိုက် စစ်ဆေးကြည့်နိုင်သည်ဟူသော အချက်ဖြစ်ပါသည်။

ဥပမာအားဖြင့် Solve the equation $x^3 - 6x^2 + 11x - 6 = 0$ ဟူသော ပုစ္ဆာကို တွက်ချက်၍ အဖြေ $x = 1$ or $x = 2$ or $x = 3$ ဟု ရခဲ့လျှင် မိမိတို့၏အဖြေများမှန်၊ မမှန်ကို $x = 1, 2, 3$ တို့အား ပေးထားသော ညီမျှခြင်း၏လက်ဝဲဘက်တွင် အစားထိုးကြည့်ပြီး လက်ယာဘက်မှ သုညနှင့် ညီ၊ မညီ ကြည့်ခြင်းဖြင့် စစ်ဆေး၍ရပါသည်။

အလားတူစွာ The sum and product of three numbers in A.P. are 15 and 80 respectively. Find the numbers. ဟူသော ပုစ္ဆာကိုတွက်ချက်၍ ရရှိသောအဖြေမှန်၊ မမှန် စစ်ဆေးလိုပါက မိမိရရှိထားသော ကိန်းသုံးလုံးသည် A.P. ဖြစ်၊ မဖြစ်၊ ထိုကိန်းများကိုပေါင်းလျှင် 15 ရ၊ မရ၊ မြှောက်လျှင် 80 ရ၊ မရဟူသော အချက်သုံးချက်ဖြင့် စစ်ဆေး၍ရပါသည်။ ဤသို့သော ချိန်ကိုက်စစ်ဆေးမှုမျိုးသည် ထိရောက်သေချာပြီးအချိန်ကုန်လည်း သက်သာစေပါသည်။

ယခုဆွေးနွေးတင်ပြခဲ့သည့်အချက်များကိုစုစည်း၍ အကျဉ်းချုပ်မှာကြားလိုသည်မှာ ကျောင်းသား ကျောင်းသူများအနေဖြင့် သင်္ချာဘာသာဖြေဆိုရာတွင်

(၁) ကိန်းဂဏန်းများရှင်းလင်းတွက်ချက်မှု (numerical calculation) နှင့် အက္ခရာကိန်းတန်းများ စုစည်းရှင်းလင်းမှု(algebraic manipulation)များ ပြုလုပ်ရာတွင် မမှားအောင် သေသေချာချာ ဂရုစိုက်တွက်ချက်ရပါမည်။

(၂) သင်္ချာသင်္ကေတများကို စနစ်တကျ မှန်မှန်ကန်ကန်သုံးစွဲ ရေးသားရပါမည်။

(၃) အရေးကြီးသော မပါမဖြစ်လိုအပ်သော အဆင့်များကိုမကျော်ဘဲ အသေးစိတ်ပြည့်စုံ တိကျစွာရေးသားတွက်ချက်ရပါမည်။

(၄) မေးခွန်းကတောင်းဆိုသောအဖြေရရှိသည်အထိ တွက်ချက်ရေးသားဖြေဆိုရပါမည်။

(၅) ပုစ္ဆာကမေးထားသောသော့ချက်စကားလုံး (key word) များသည် မိမိတို့၏အဖြေတွင် ပါဝင်ရပါမည်။

(၆) ပုစ္ဆာတွင်တွက်နည်းကိုကန့်သတ်ထားပါက ကန့်သတ်ထားသော တွက်နည်းဖြင့်သာ တွက်ချက်ဖြေဆိုရပါမည်။

(၇) မိမိတို့၏စာဖြေချိန်ကို စနစ်တကျခွဲဝေအသုံးချပြီး ဖြေဆိုချက်များကို ပြန်လည်စစ်ဆေးချိန် အနည်းဆုံး မိနစ် (၂၀) ခန့် ရရှိအောင်ယူကြရပါမည်။

(၈) သင်္ချာသင်ရိုးတစ်ခုလုံးတွင်ပါဝင်သည့် သီအိုရီသဘောတရားများ၊ မှန်ကန်ချက်များ၊ ပုံသေနည်းများကို ပိုင်ပိုင်နိုင်နိုင်နားလည်မှတ်မိနေအောင် လေ့ကျက်ထားကြရပါမည်။

(၉) ပုစ္ဆာများကို ကျွမ်းကျွမ်းကျင်ကျင် လျင်လျင်မြန်မြန် ဖြေရှင်းနိုင်အောင် ထပ်တလဲလဲ လေ့ကျင့်ထားကြရပါမည်။

ယခုဆွေးနွေးအကြံပေးခဲ့သည့်အချက်များကို တိတိကျကျလိုက်နာကြမည်ဆိုပါက သင်္ချာဘာသာရပ်ကို ဂုဏ်ထူးမှတ်၊ ရာပြည့်မှတ်များဖြင့် အောင်မြင်ရန် သေချာပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။

